# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာနေရ**

တရားတည်းဟူသော အမြိုက်ရေကို သောက်ရသူသည် အထူးသန့်ရှင်း ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာ နေရ၏။ ပညာရှိသည် အခါခပ်သိမ်း အရိယာသူတော်ကောင်းတို့ ဟောအပ်သော (ဗောဓိပက္ခိယ) တရား၌ မွေ့လျော်၏။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၉)


၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက် ၂၀၂၁ ခုနှစ်၊ ဇွန် ၁၉ ရက်၊ စနေနေ့ အတွဲ (၆၀)၊ အမှတ် (၂၅၉)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၁ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ခရေပျိုးပင်ကို စိုက်ပျိုးပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

## ၂၀၂၁ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ခရေပျိုးပင်အား စိုက်ပျိုးပေး

**နေပြည်တော် ဇွန် ၁၈**

၂၀၂၁ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် နေပြည်တော်-တပ်ကုန်း အမှတ်(၁) လမ်းဘေးရှိ ဖိုးဇောင်တောင်ကြိုးဝိုင်း အကွက်အမှတ် (၁၇)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ခရေပျိုးပင်အား ဦးဆောင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဦးရွှေကြိမ်း၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့်


*စာမျက်နှာ ၃ ကော်လံ ၁* ❍


## ယနေ့ သတင်းအညွှန်း


**‘အမျိုးသားစာပေ တစ်သက်တာဆု’ကို ဗွေဆော်ဦး ဖွင့်လိုက်သူ ‘ဆရာပါရဂူ’**

ဆောင်းပါး (စာ - ၆)



**အီရန်နိုင်ငံတွင် သမ္မတရွေးကောက်ပွဲအတွက် မဲပေးမှုများစတင်** (စာ - ၁၂)

**ဥရောပတွင် ကိုဗစ် - ၁၉ ကန့်သတ်ချက် ဖြေလျှော့မှုများ ပြုလုပ်နေသော်လည်း**



**အာဖရိကတွင်မူ ကိုဗစ် - ၁၉ ကူးစက်မှုများ ဆက်လက်များပြားဆဲဖြစ်**

နိုင်ငံတကာရေးရာ (စာ - ၁၄)

မြန်မာ့အလင်း

# ပို၍ ပြင်းထန်ကူးစက်မြန်သည့် ကိုဗစ်- ၁၉ တတိယလှိုင်း

ရောဂါကူးစက်မှုနှုန်း၊ ပြင်းထန်မှုနှုန်းနှင့် သေဆုံးမှုနှုန်းတို့ ပိုမိုမြင့်မားသည့် မျိုးရိုးဗီဇကွဲ ကိုဗစ်-၁၉ ရောဂါပိုးများ ကူးစက်ခံထားရသူများကို တွေ့ရှိရကြောင်း ဇွန်လ ၁၅ ရက်နေ့က ထုတ်ပြန်ခဲ့သည်။ အဆိုပါ ထုတ်ပြန်ချက်အရ မျိုးရိုးဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါပိုးတွေ့သူများကို ကလေးမြို့၊ မြိတ်မြို့၊ မန္တလေးမြို့၊ တမူးမြို့၊ ရန်ကုန်မြို့တို့တွင် တွေ့ရှိခဲ့ရခြင်းဖြစ်ရာ မြန်မာနိုင်ငံအနောက်ဖျားမှ တောင်ဖျားသို့ တစ်နံတစ်လျားဖြစ်နေပြီး လူနေအထူထပ်ဆုံး၊ ကူးသန်းသွားလာမှု အများဆုံးနှင့် အလွယ်တကူအလျင်မြန်ဆုံး မြို့ကြီးနှစ်မြို့ဖြစ်သည့် မန္တလေးနှင့်ရန်ကုန်တို့ ပါဝင်နေကြခြင်းကလည်း အထူးဂရုပြုဖွယ်ပင် ဖြစ်သည်။

ယခုနှစ် မေလတတိယပတ်မှ စတင်၍ ကူးစက်မှုနှုန်း ပြန်လည်မြင့်တက်လာခြင်းအပေါ် ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းဝင်ရောက်လာခြင်းအဖြစ် သတ်မှတ်ပြီး မျိုးရိုးဗီဇအသွင်ပြောင်းရောဂါပိုးကူးစက်မှုများပါ ပါဝင်လာခြင်းကြောင့် ရောဂါကူးစက်ပျံ့နှံ့မှု ပိုမိုလျင်မြန်မည်၊ ရောဂါဝေဒနာပိုမိုပြင်းထန်မည်၊ သေဆုံးမှုနှုန်း ပိုမိုများပြားမည်ဟု ခန့်မှန်းနိုင်သည်ဖြစ်ရာ မမေ့လျော့၊ မပေါ့ဆသော သတိဖြင့် မိမိကိုယ်ကိုယ် ပိုမိုကာကွယ်ကြရန် လိုအပ်လာသည်။ ကိုဗစ်-၁၉ မျိုးရိုးဗီဇကွဲများဖြစ်သည့် Alpha၊ Delta၊ Kappa တို့၏ မူလနိုင်ငံများမှာ အိန္ဒိယ၊ အမေရိကန်၊ ပြင်သစ်၊ ဂျာမနီ၊ စပိန်၊ အိုင်ယာလန်နှင့် ဆွစ်ဇာလန်တို့ဖြစ်ပြီး မျိုးရိုးဗီဇကွဲများ ပေါင်းစပ်ခြင်းဖြင့် နောက်ထပ်မျိုးရိုးဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါပိုးသစ်များ ထပ်မံထွက်ပေါ်လာနိုင်သည်လည်းဖြစ်ရာ ကိုယ်တိုင်လည်း ကူးစက်မခံရ၊ သူတစ်ပါးကိုလည်း မကူးစက်စေရအောင် ဆင်ဆင်ခြင်ခြင်နေထိုင်ကြရန် အရေးကြီးသည်။ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးသည် မာယာများတတ်သည့်အလျောက် ရောဂါလက္ခဏာတစ်စုံတစ်ရာ မပြသေးဘဲ ကာလအတိုင်းအတာတစ်ရပ်အထိ လူကောင်းပကတိသဖွယ် ရှိနေနိုင်ကြောင်းကိုလည်း သတိမူထားကြရန် လိုသည်။

ကိုဗစ်-၁၉ ကပ်ရောဂါနှင့် စပ်လျဉ်း၍ ကာကွယ်ခြင်းကသာ အဓိကဖြစ်ပြီး ရောဂါကာကွယ်ဆေးထိုးနှံခြင်းနှင့် ရောဂါကာကွယ်ရေးဆိုင်ရာ နည်းလမ်းများနှင့်အညီ နေထိုင်ခြင်းတို့ကို လူတိုင်းက လေးလေးနက်နက်ကျင့်သုံးကြရန် ကြိမ်ဖန်များစွာ တိုက်တွန်းရမည့် အခြေအနေသို့ရောက်ရှိလာပြီဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံတွင် ထိုးနှံပေးလျက်ရှိသည့် အိန္ဒိယနိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးမှာ ၎င်းတို့၏နိုင်ငံ၌ ရောဂါကူးစက်မှု နေ့စဉ်သိန်းနှင့်ချီ၍ ကြောက်ခမန်းလိလိမြင့်တက်နေခြင်းကြောင့် ပြည်ပနိုင်ငံများသို့ တင်ပို့မှုကို ရပ်ဆိုင်းလိုက်ရာ နောက်ထပ်ကာကွယ်ဆေးမရသေးမီ ကာလအတွင်း ဆင်ဆင်ခြင်ခြင်နေထိုင်ခြင်းကသာလျှင် ရောဂါကူးစက်မှုကို ရှောင်လွှဲနိုင်မည့် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။

၂၀၁၉ ခုနှစ် နှောင်းပိုင်းက စတင်ပေါ်ပေါက်ခဲ့သည့် ကိုဗစ်-၁၉ သည် မိမိတို့နိုင်ငံသို့ ၂၀၂၀ ပြည့်နှစ် မတ်လမှစတင်ဝင်ရောက်လာခဲ့ရာ ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် မေလအထိ ကပ်ရောဂါ၏ ပထမလှိုင်းနှင့် ဒုတိယလှိုင်းတို့ ရိုက်ခတ်ခဲ့ပြီး ဓာတ်ခွဲအတည်ပြုလူနာတစ်သိန်းခွဲခန့်နှင့် သေဆုံးသူ ၃၀၀၀ ကျော်ရှိခဲ့ပြီဖြစ်သည်။ မလိုအပ်ဘဲ ပြင်ပသို့ သွားလာမှုရှောင်ကြဉ်ခြင်း၊ လိုအပ်၍ ပြင်ပသို့ သွားရပါက ပါးစပ်နှာခေါင်းစည်း တပ်ဆင်ခြင်း၊ လက်ကို စနစ်တကျ မကြာမကြာ ဆေးကြောခြင်း၊ လူစုလူဝေးကို ရှောင်ခြင်း၊ တစ်ဦးနှင့်တစ်ဦး အနည်းဆုံး ခြောက်ပေခွာ၍ နေထိုင်ခြင်းနည်းလမ်းတို့ကို မပျက်မကွက်ကျင့်သုံးခြင်းဖြင့် ကိုဗစ်- ၁၉ တတိယလှိုင်းကို ကာကွယ်နိုင်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအောင်မြင်သူများအတွက် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရန် ၃၀-၆-၂၀၂၁ ရက်နေ့အထိ တိုးမြှင့်ဆောင်ရွက်မည့်ကိစ္စ အသိပေးကြေညာချက်

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ၏ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်များကို အခြေခံပညာအထက်တန်းကျောင်းများတွင် ၃၀-၆-၂၀၂၁ ရက်နေ့အထိ (ပိတ်ရက်အပါအဝင်) ထုတ်ပေးမည်ဖြစ်ပြီး တက္ကသိုလ်များတွင် ၃၀-၆-၂၀၂၁ ရက်နေ့အထိ (ပိတ်ရက်အပါအဝင်) တိုးမြှင့် လက်ခံဆောင်ရွက်မည်ဖြစ်ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

## ၂၀၂၀ ပြည့်နှစ်အတွက်မှစတင်၍ အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ချီးမြှင့်ငွေများ တိုးမြှင့်ချီးမြှင့်သွားမည်

**နေပြည်တော် ဇွန် ၁၈**

နိုင်ငံတော်က မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေပညာရှင်ကြီးများအား အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု (ဘာသာရပ် ၁၈ မျိုး) နှင့် စာပေဗိမာန်စာမူဆု (ဘာသာရပ် ၁၄ မျိုး) တို့ကို နှစ်စဉ်ချီးမြှင့်လျက်ရှိသည်။

ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးချီးမြှင့်ရာ ရောက်စေရန်၊ စာပေပညာရှင်များအား ဂုဏ်ပြုရာရောက်စေရန်၊ စာကောင်းပေမွန်များ ထွန်းကားပြန့်ပွားစေရန် စသည့်အကျိုးကျေးဇူးများရရှိနိုင်ရန် ၂၀၂၀ ပြည့်နှစ်အတွက်မှ စတင်၍ အမျိုးသားစာပေ တစ်သက်တာဆုကို ငွေကျပ် သိန်း ၁၀၀ ၊ အမျိုးသားစာပေဆုကို ငွေကျပ် သိန်း ၃၀ ၊ စာပေဗိမာန်စာမူဆု ပထမဆုကို ငွေကျပ် ၁၅ သိန်း၊ ဒုတိယဆုကို ငွေကျပ် ၁၀ သိန်း၊ တတိယဆုကို ငွေကျပ် ၇ သိန်း တိုးမြှင့်ပြင်ဆင် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် ဝါဆိုသင်္ကန်းစုပေါင်းကပ်လှူပွဲ ကျင်းပမည်

**ပြည် ဇွန် ၁၈**

ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ၁၃၈၃ ခုနှစ်၊ ပုရိမဝါကပ်တော်မူကြမည့် ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သက်တော်ရှည်ဆရာတော်ဘဒ္ဒန္တကုဏ္ဍလဇောတိ မဟာထေရ် မြတ်အမှူးပြုသော စာချ၊ စာသင် သံဃာတော်အပါး ၃၀၀ ကျော်တို့အား ဇောတိကာရုံပါဠိတက္ကသိုလ်ပရိယတ္တိသာသနာနုဂ္ဂဟအသင်းက ကြီးမှူးပြီး ဝါဆိုသင်္ကန်းစုပေါင်းကပ်လှူပွဲကို ၁၃၈၃ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက် (၂၄-၇-၂၀၂၁) စနေနေ့ ညနေ ၄ နာရီတွင် ကျင်းပမည်ဖြစ်သည်။

လှူဒါန်းဆက်ကပ်လိုသူများသည် တရုတ်စီဝိုင်စီသင်္ကန်းတစ်စုံလျှင် ငွေကျပ် ၅၀၀၀၊ ကောသီတစ်ထည်လျှင် ငွေကျပ် ၃၀၀၀၊ သင်းပိုင်တစ်ထည်လျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် အဖွဲ့ဝင်လူကြီးများနှင့် နာယကဆရာတော်များထံသို့လည်းကောင်း၊ ဖုန်း-၀၉ ၄၂၀၇၀၃၃၇၄၊ ၀၉ ၅၃၁၂၆၃၀၊ ၀၉ ၄၂၃၆၅၆၄၄၁ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်သို့ လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မောင်ရွှေဝင်း
(ပြည်)

# ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်လိုအပ်

မိမိတို့နိုင်ငံ၏ အဓိကစိုက်ပျိုးရေးမှာ ဆန်စပါး၊ ပဲနှင့် ဆီထွက်သီးနှံများဖြစ်ကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း၊ ထို့အတူ ရပ်နားထားသည့် ပြည်တွင်းကုန်ထုတ်လုပ်ရေးစက်ရုံများ ပြန်လည်လည်ပတ်နိုင်ရေးအတွက်လည်း တွန်းအားပေးဆောင်ရွက်ရန်လိုကြောင်း၊ စက်မှုကုန်ကြမ်းများ ထုတ်လုပ်နိုင်သည့် ဝါနှင့် ဝါးစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ပင်လယ်ကမ်းရိုးတန်းဒေသများတွင်လည်း အုန်းစိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်၍ အုန်းထွက်ပစ္စည်းများ ထုတ်လုပ်ကာ နိုင်ငံတကာသို့တင်ပို့နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံ၏ဝင်ငွေတိုးတက်ရေးအတွက် စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၄-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

❍ ရှေ့ဖုံးမှ

တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဦးဆောင်စိုက်ပျိုးပေး

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ခရေပျိုးပင်ကို သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကောင်စီအဖွဲ့ဝင်များနှင့် တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ပျိုးပင်များကို သတ်မှတ်နေရာများတွင် စိုက်ပျိုးပေးကြသည်။

### ကြည့်ရှုအားပေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဖိုးဓော်တောင် ကြိုးဝိုင်းအကွက်အမှတ် (၁၇) ၌ ပျိုးပင်များ စိုက်ပျိုးထားရှိမှုအား လိုက်လံကြည့်ရှုအားပေးသည်။

ယနေ့အခမ်းအနားတွင် ခရေ၊ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ ရင်းမာ၊ ဆီသပြေ၊ သင်းဝင်၊ စစ်၊ ယမနေ၊ သပြေ၊ လယ်စ၊ ရေသကျည်း၊ မာတာကွတ်၊ မအူလက် တံရှည်၊ ဖျောက်ဆိပ် စသည့်ပျိုးပင်စုစုပေါင်း (၁၆) မျိုးကို စိုက်ပျိုးခဲ့ကြကြောင်းနှင့် ဖိုးဓော်တောင်ကြိုးဝိုင်းသည် ဧရိယာ ၈၅၁၇ ဒသမ ၀၉ ဧက ကျယ်ဝန်းပြီး အကွက်ပေါင်း (၅၁)ကွက်ရှိကာ အပင်မျိုးပေါင်း (၂၀) ကျော် ပေါက်ရောက်လျက်ရှိကြောင်း သိရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဖိုးဓော်တောင် ကြိုးဝိုင်းအကွက်အမှတ် (၁၇)၌ ပျိုးပင်များ စိုက်ပျိုးထားရှိမှုအား လိုက်လံကြည့်ရှုအားပေးစဉ်။



မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် တက်ရောက်လာကြသူများက သတ်မှတ်နေရာများတွင် ပျိုးပင်များ စိုက်ပျိုးပေးကြစဉ်။

### ပျိုးပင်ပေါင်း ၃၆ ဒသမ ၂၆ သန်း စိုက်ပျိုးရန် လျာထား

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၁၇ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပျိုးပင်ပေါင်း ၇၂ ဒသမ ၈၈ သန်း စိုက်ပျိုးခဲ့ရာ ၅၉ ဒသမ ၀၂ သန်း ရှင်သန်သည့်အတွက် အပင်ရှင်သန်မှုရာခိုင်နှုန်း ၈၀ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း၊ ၂၀၁၈ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပျိုးပင်ပေါင်း ၇၃ ဒသမ ၂၂ သန်းစိုက်ပျိုးခဲ့ရာ ၆၂ ဒသမ ၃၂ သန်း ရှင်သန်သည့်အတွက် အပင်ရှင်သန်မှုရာခိုင်နှုန်း ၈၅ ဒသမ ၁၁ ရာခိုင်နှုန်းရှိကြောင်း၊ ၂၀၁၉ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပျိုးပင်ပေါင်း ၆၈ ဒသမ ၇၉ သန်း စိုက်ပျိုးခဲ့ရာ ၅၈ ဒသမ ၄၈ သန်း ရှင်သန်သည့်အတွက် အပင်ရှင်သန်မှုရာခိုင်နှုန်း ၈၅ ဒသမ ၀၁ ရာခိုင်နှုန်းရှိကြောင်း၊ ၂၀၂၀ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပျိုးပင်ပေါင်း ၆၈ ဒသမ ၈၆ သန်း စိုက်ပျိုးခဲ့ရာ ၅၇ ဒသမ ၈၁ သန်း ရှင်သန်သည့်အတွက် အပင်ရှင်သန်မှုရာခိုင်နှုန်း ၈၃ ဒသမ ၉၆ ရာခိုင်နှုန်းရှိပြီး ယခု ၂၀၂၁ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ပျိုးပင်ပေါင်း ၃၆ ဒသမ ၂၆ သန်း စိုက်ပျိုးရန် လျာထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**“နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့အနေဖြင့် COVID-19 ရောဂါ ကာကွယ်ဆေးများဝယ်ယူရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ၊ ကာကွယ်ဆေးထိုးနှံမှုများ ဆောင်ရွက်ရာတွင် ပြည်သူများအနေဖြင့် တရားမဝင် သတင်းဌာနများနှင့် လူမှုကွန်ရက်များမှ ကောလာဟလသတင်းမှားများအပေါ် ယုံကြည်မှုမရှိဘဲ သက်ဆိုင်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အချက်အလက်များအပေါ်၌သာ ယုံကြည်မှုရှိစေရေး အသိပညာပေး ဆောင်ရွက်ရန်လို”**

❐ *ကျော့ဖုံးမှ*

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် ကိုကိုလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## သေဆုံးသူ ၃ ဒသမ ၉ သန်းကျော်ခန့်ရှိ

ဦးစွာ ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အဖွင့်အမှာစကား ပြောကြားရာတွင် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ပြန်လည်ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ကမ္ဘာတစ်ဝန်း ကူးစက်ပြန့်ပွားမှုနှုန်းမြင့်မားလျက်ရှိပြီး ရောဂါကူးစက်သူ ၁၇၈ ဒသမ ၂ သန်းကျော်၊ ရောဂါကြောင့် သေဆုံးသူ ၃ ဒသမ ၉ သန်းကျော်ခန့် ရှိပြီဖြစ်သည်ဟုသိရှိရကြောင်း၊ အလားတူ မြန်မာနိုင်ငံတွင်လည်း COVID-19 တတိယလှိုင်းအနေဖြင့်စတင်နေသည့်အနေအထားရှိနေပြီဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများတွင်လည်း ကူးစက်မှုနှုန်းများ ကြောက်ခမန်းလိလိ များပြားလျက်ရှိကြောင်း။

မိမိတို့နိုင်ငံတွင် COVID-19 ရောဂါကာကွယ်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များ ထုတ်ပြန်ဆောင်ရွက်လျက်ရှိသော်လည်း ဧပြီနှင့် မေလပိုင်းများတွင် လိုက်နာမှု တဖြည်းဖြည်း အားနည်းခြင်းကြောင့် ကူးစက်မှုများ တိုးမြင့်ဖြစ်ပေါ်လျက်ရှိကြောင်း၊ မိမိတို့ နိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် မတ်လပိုင်းမှစ၍ ကူးစက်မှုစတင်ဖြစ်ပွားခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအထိ ပထမလှိုင်းအဖြစ်သတ်မှတ်ခဲ့ပြီး ဩဂုတ်လမှစတင်၍ ၂၀၂၁ ခုနှစ် မေလအထိ ဒုတိယလှိုင်း ဖြစ်ပေါ်ခဲ့ကြောင်း၊ မေလအစပိုင်းတွင် ကူးစက်မှုနှုန်းထားများ အနိမ့်ဆုံးအဆင့်အထိ ကျဆင်းခဲ့သော်လည်း မေလတတိယပတ်မှစတင်၍ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်ဘက်မှ စတင်၍ ကူးစက်မှုများ ပြန်လည်ဖြစ်ပေါ်ခဲ့ပြီး ရောဂါပိုးမျိုးရိုးဗီဇများအား စစ်ဆေးကြည့်ရာ မျိုးရိုးဗီဇအသွင်ပြောင်း ရောဂါပိုးကူးစက်မှုများ ပါဝင်သည်ကို စစ်ဆေးတွေ့ရှိခဲ့ရကြောင်း၊ အဆိုပါ မျိုးရိုးဗီဇအသွင်ပြောင်းရောဂါပိုးသည် ပထမလှိုင်းနှင့် ဒုတိယလှိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် ကူးစက်မှုထက် မြန်နှုန်းမြင့်ပြီး ရောဂါပြင်းထန်မှုနှင့် ဆေးရုံတက်ရောက်ရမှုနှုန်း မြင့်မားသည်ဟု သတ်မှတ်ထားကြကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်၊ မတ် ၂၃ ရက်မှစ၍ ၂၀၂၁ ခုနှစ်၊ ဇွန် ၁၇ ရက်အထိ COVID-19 ရောဂါပိုးတွေ့ရှိသူ ၁၄၆၇၆၈ ဦးရှိပြီး ရောဂါပျောက်ကင်းသူ ၁၃၃၃၄၆ ဦးနှင့် သေဆုံးသူ ၃၂၅၀ ဦး ရှိပြီဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ရောဂါပိုးတွေ့ရှိသူ ၁၀၁၇၂ ဦး ကုသမှုခံယူလျက်ရှိသည်ကို စာရင်းအရသိရှိရကြောင်း။

COVID-19 ရောဂါအား တစ်ဦးချင်းကအစ ကာကွယ်ခြင်း၊ ကာကွယ်ခြင်းနှင့် ကုသခြင်းဆိုင်ရာ ပြင်ဆင်မှုကောင်းမွန်ခြင်း၊ ဆေးဝါးများစုံလင်မှုရှိခြင်း၊ အချိန်မီကုသမှုခံယူခြင်းများ ပြုလုပ်နိုင်မည်ဆိုပါက ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ အကောင်းဆုံးနည်းမှာ ပြည်သူတစ်ဦးချင်းအလိုက် မိမိတို့အသိတရားဖြင့် မိမိကိုယ်တိုင် ကြိုတင်ကာကွယ်ခြင်းပင်ဖြစ်သဖြင့် ပြည်သူများအား သတိပေးဆောင်ရွက်ခြင်းနှင့် ပညာပေးခြင်းလုပ်ငန်းများအား အမြဲမပြတ် ဆောင်ရွက်နေရန်လိုကြောင်း၊ ယခုအခါ ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်၌ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် ဆရာ၊ ဆရာမများအနေဖြင့် COVID-19 စည်းကမ်းချက်များအတိုင်း စနစ်တကျ ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ COVID-19 ရောဂါ ကူးစက်ခံရပါက အချိန်မီကုသမှုခံယူနိုင်ရန်အတွက် ဆောင်ရွက်ရန်လိုအပ်သလို ၎င်းနှင့်ထိတွေ့ခဲ့သူများကိုလည်း အသိပေးခြင်းဖြင့် ကူးစက်မှုအန္တရာယ်ကို ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း။

## အားလုံးဝိုင်းဝန်းဆောင်ရွက်

COVID-19 ရောဂါကာကွယ်ရေးနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များထုတ်ပြန်ထားကြောင်း၊ အဆိုပါထုတ်ပြန်ချက်များအပေါ် ကဏ္ဍအလိုက် တာဝန်ရှိသူများအနေဖြင့် အဆင့်ဆင့် စနစ်တကျကြပ်မတ်၍ ညွှန်ကြားဆောင်ရွက်မည်ဆိုပါက ရောဂါကူးစက်မှုအား အထိုက်အလျောက် ထိန်းချုပ်နိုင်မည်ဖြစ်သဖြင့် အားလုံးဝိုင်းဝန်း ဆောင်ရွက်သွားရန်လိုကြောင်း၊ COVID-19 စည်းကမ်းချက်များအပေါ် ပြည်သူများ လိုက်နာစေရေး တာဝန်ရှိသူများအနေဖြင့် အထူးအလေးထား ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်သည် နိုင်ငံသားအားလုံး စုပေါင်းဆောင်ရွက်ရမည့် အမျိုးသားရေးလုပ်ငန်းတာဝန်ဖြစ်သည့်အားလျော်စွာ နိုင်ငံရေးလိုဘမပြည့်မှု၊ သဘောထားကွဲလွဲမှုများနှင့် တစ်ဦးချင်း ကိုယ်ပိုင်လိုအင်ဆန္ဒများကို ဘေးဖယ်၍ အားလုံးဝိုင်းဝန်း ဆောင်ရွက်မှသာ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အမြန်ဆုံးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

မိမိတို့ကော်မတီဝင်များသည် လုပ်ငန်းပိုင်းဆိုင်ရာ အတွေ့အကြုံရှိသူများဖြစ်သဖြင့် စနစ်တကျ ပေါင်းစပ် ဆောင်ရွက်မည်ဆိုပါက အရေးပေါ်ရောဂါ ထိန်းချုပ်မှု၊ ကာကွယ်ကုသမှု လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ COVID-19 ရောဂါကာကွယ်ဆေးနှင့် ပတ်သက်၍ အိန္ဒိယနိုင်ငံမှဝယ်ယူရန်အတွက် ဆေးအလုံးပေါင်း သန်း ၃၀ ဝယ်ယူရန် သဘောတူစာချုပ်ချုပ်ဆိုထားသော်လည်း ၎င်းတို့နိုင်ငံတွင် ရောဂါကူးစက်မှုနှုန်းများ မြင့်တက်လျက်ရှိသဖြင့် ကာကွယ်ဆေးရရှိမှု ရပ်တန့်သွားခဲ့ရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့အနေဖြင့် COVID-19 ရောဂါကာကွယ်ဆေးများဝယ်ယူရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကာကွယ်ဆေးထိုးနှံမှုများ ဆောင်ရွက်ရာတွင် ပြည်သူများအနေဖြင့် တရားမဝင် သတင်းဌာနများနှင့် လူမှုကွန်ရက်များမှ ကောလာဟလသတင်းမှားများအပေါ် ယုံကြည်မှုမရှိဘဲ သက်ဆိုင်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အချက်အလက်များအပေါ်၌သာ ယုံကြည်မှုရှိစေရေး အသိပညာပေး ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် က Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းထားရှိမှုနှင့် ကော်မတီ၏လုပ်ငန်းတာဝန် (၁၁) ရပ်အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ဆွေးနွေးအကြံပြု

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးမြင့်ကြိုင်၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဒေါက်တာ သက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် ဗိုလ်မှူးချုပ် ကိုကိုလွင် တို့က ကမ္ဘာတွင် COVID-19 ရောဂါဖြစ်ပွားလျက်ရှိသည့် အခြေအနေများနှင့် ရောဂါဖြစ်ပွားမှုမြင့်တက်လျက်ရှိသည့် အခြေအနေများ၊ COVID-19 ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်၊ ကုသ ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါနှင့် စပ်လျဉ်း၍ အလျင်အမြန်တုံ့ပြန်ဆောင်ရွက်သင့်သည့် အခြေအနေများ၊ အလုပ်သမားများနှင့် စက်ရုံအလုပ်ရုံများတွင် COVID-19 ရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် COVID-19 ရောဂါ ဓာတ်ခွဲ အတည်ပြုမှုအခြေအနေများ၊ မြန်မာနိုင်ငံတွင် COVID-19 ရောဂါအစုလိုက်ဖြစ်ပွားမှု အခြေအနေများ၊ အရေးပေါ်တုံ့ပြန်ရေးဆေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ COVID-19 ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်း တိုးချဲ့ဆောင်ရွက်ခဲ့မှုများ၊ COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးမှု နည်းပညာအလိုက် ရောဂါပိုးတွေ့ရှိမှု အခြေအနေများ၊ COVID-19 ရောဂါ ဖြစ်ပွားသည့်လူနာများအား ကုသမှုပေးခဲ့သည့် အစီအစဉ်များ၊ COVID-19 ရောဂါဖြစ်ပွားမှုအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ အသွားအလာ ကန့်သတ်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေး လုပ်ငန်းဆောင်ရွက်ထားရှိမှုများ၊ နယ်စပ်ဝင်၊ ထွက်ဂိတ်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းဆောင်ရွက်မှုများ၊ COVID-19 ရန်ပုံငွေရရှိမှုနှင့် သုံးစွဲမှုအခြေအနေ၊ နိုင်ငံတကာနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ကာကွယ်ဆေးထိုးနှံခြင်း၏ သက်ရောက်မှုများ၊ ရောဂါကာကွယ်ထိန်းချုပ်ရေး အထူး ဦးစားပေးဆောင်ရွက်ရမည့် နေရာဒေသများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး အကြံပြုတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးသည်။

## စနစ်တကျကြပ်မတ်ဆောင်ရွက်

ယင်းနောက် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး လက်တွေ့ဆောင်ရွက်ရန်လိုကြောင်း၊ ကော်မတီအဖွဲ့ဝင်များအနေဖြင့် မိမိတို့ဝန်ကြီးဌာနနှင့် တိုက်ရိုက်သက်ဆိုင်ခြင်းမရှိသော်လည်း တွေ့ကြုံရသည့် အခြေအနေများကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ အကြောင်းကြား အသိပေးခြင်းများ ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထုတ်ပြန်ထားသည့် COVID-19 ရောဂါဆိုင်ရာ ထုတ်ပြန်ချက်များအား ပြည်သူအားလုံး လိုက်နာစေရေး သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၄)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၁၈

**(၇၄) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် (၇၄) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၄ ရက်က နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ လုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ယခုဖြစ်ပွားနေသည့် Coronavirus Disease 2019(COVID–19) ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အထူးဂရုပြုကြရန်လည်း လိုအပ်ပါကြောင်း။

**စနစ်တကျ စီမံဆောင်ရွက်**

အာဇာနည်ဗိမာန်တွင် ကျင်းပမည့် အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်မည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအပါအဝင် တက်ရောက်ကြသူများကို ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထား ဆောင်ရွက်ရာတွင်လည်း လိုအပ်ချက်မရှိစေရန် ဝိုင်းဝန်းပူးပေါင်းပြီး စနစ်တကျ စီမံဆောင်ရွက်သွားစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ (၇၄)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မိုးမြင့်၊ ဒုတိယဝန်ကြီး ဦးထွန်းအုံနှင့် ဆပ်ကော်မတီများဖြစ်ကြသော အခမ်းအနားပြင်ဆင်ရေးနှင့် စီစဉ်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေး၊ ပြန်ကြားရေးနှင့် မှတ်တမ်းပြုစုရေး ဆပ်ကော်မတီ၊ လွမ်းသူ့ပန်းခွေချ အလေးပြုအခမ်းအနားစီစဉ်ရေး ဆပ်ကော်မတီ၊ ကျန်းမာရေး ဆပ်ကော်မတီ၊ စည်းကမ်းထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ၊ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) အလံတင်အခမ်းအနားကျင်းပရေး ဆပ်ကော်မတီ၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ပြသရေး ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

ယင်းနောက် (၇၄) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။



**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ (၇၄) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပမည့် အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်များရုံး (ယခင်ဝန်ကြီးများရုံး) တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ရှိ အနုပညာအထက်တန်းကျောင်းနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်သို့ သွားရောက်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအတွင်း ကျင်းပပြုလုပ်မည့် ပထမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီးနှင့် ပန်းချီ၊ ပန်းပုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် ကျောင်းသား ကျောင်းသူများ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးစစ်ဆေးပြီး ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံအမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၁/၂၀၂၁) ကြိမ်မြောက် ခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေးကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပ

**နေပြည်တော် ဇွန် ၁၈**

(၁/၂၀၂၁) ကြိမ်မြောက် ခရီးသွားလုပ်ငန်းကော်မတီ အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန နီလာ အစည်းအဝေးခန်းမမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(ဓာတ်ပုံ)**

**ပါဝင်တက်ရောက်**

အစည်းအဝေးသို့ ခရီးသွားလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရီးသွားလုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များနှင့် ပုဂ္ဂလိက ခရီးသွားလုပ်ငန်းအဖွဲ့အစည်း ကိုယ်စားလှယ်များ အွန်လိုင်းမှ ပါဝင်တက်ရောက်ကြသည်။




**လမ်းပြမြေပုံကို ရေးဆွဲ**

အစည်းအဝေးတွင် ခရီးသွားလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖြစ်ပေါ်ခဲ့သည့် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်ဆုံးရှုံးမှုများကို ပြန်လည်ကုစားနိုင်ရန်အတွက် မဟာဗျူဟာအဆင့် (၃) ဆင့်ပါဝင်သည့် ကိုဗစ်-၁၉ ဆိုင်ရာ ခရီးသွားလုပ်ငန်းကုစားမှု အစီအစဉ်ကို ရေးဆွဲအတည်ပြုဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ အလွန်ကာလတွင် ခရီးသွားလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေးအတွက် မြန်မာနိုင်ငံ ခရီးသွားကဏ္ဍ မဟာဗျူဟာ မြောက် ပြန်လည်ထူထောင်ရေး လမ်းပြမြေပုံကို ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

**သင်တန်းများကိုလည်း ပို့ချပေး**

ကိုဗစ်-၁၉ အလွန်ကာလမှာ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းစွာ တည်းခိုနေထိုင်နိုင်သည့် ဟိုတယ်၊ တည်းခိုရိပ်သာ၊ စားသောက်ဆိုင်များအဖြစ် စနစ်တကျ သတ်မှတ်ပေးနိုင်ရန် Enchanting Myanmar Health & Safety Protocol (HSP) ရေးသားပြုစုပြီး HSP နှင့်အညီ ကြပ်မတ်ဆောင်ရွက်နိုင်ရေးအတွက် သင်တန်းများကိုလည်း ပို့ချပေးလျက်ရှိပါကြောင်း။

ယခုအခါတွင် နိုင်ငံအများ၌ COVID–19 Third wave ပြန်လည်ဖြစ်ပေါ်နေသဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် ဟိုတယ်နှင့်ခရီးသွား ဆက်စပ်လုပ်ငန်းများ အားလုံး ထိခိုက်မှုမရှိစေရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်းရှင်များ ကိုယ်တိုင်လိုက်နာ၍ တာဝန်ရှိသူများမှလည်း စိစစ်ဆောင်ရွက်ပေးရန် အထူးအလေးနက်ထား ပြောကြားလိုကြောင်း၊ ခရီးသွားလုပ်ငန်းများ စနစ်တကျ ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ယနေ့အစည်းအဝေးသို့ အွန်လိုင်းမှ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များနှင့် ခရီးသွား ကော်မတီဝင်များမှ ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် ခရီးသွားလုပ်ငန်းကော်မတီအတွင်းရေးမှူး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် တက်ရောက်သူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောက်တော်မြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်းတံတား တည်ဆောက်

**ကျောက်တော် ဇွန် ၁၈**

မြောက်ဦးခရိုင် ကျောက်တော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်ဦး (ဦးစီးအရာရှိ၊ နည်းပညာ) နှင့်အဖွဲ့သည် ယနေ့တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ကျောက်တော်မြို့နယ် ဒုက္ကံချောင်းကျေးရွာတွင် သက်မွန်ကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိသော ဒုက္ကံချောင်းကျေးရွာ ကုန်ထုတ်လမ်းအရှည် (၂/၀) ၁၂ ပေx ၃ ပေx ၉ လက်မ တည်ဆောက်ပြီးစီးမှုနှင့် Box Culvert ရစ်စင်း တည်ဆောက်ပြီးစီးမှုအား ကွင်းဆင်းစစ်ဆေးခဲ့သည်။ အဆိုပါ လုပ်ငန်းသည် ဒုက္ကံချောင်းကျေးရွာအုပ်စု၏ အကျိုးပြုဧက ၁၈၀၀ ခန့်အား အကျိုးပြုစေသွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဦးစီးမှူး ဦးအောင်ခိုင်ဇော်ထံမှ သိရသည်။ **အောင်လှဖြူ(ရမ်းဗြဲ)**

# 'အမျိုးသားစာပေတစ်သက်တာဆု'ကို ဗွေဆော်ဦး ဖွင့်လိုက်သူ 'ဆရာပါရဂူ'

## စာပေလေ့လာသူတစ်ဦး (စာပေဗိမာန်)



ဆရာ ပါရဂူ

### ဆရာနှင့် စတွေ့ရခြင်း

၁၉၇၀ ပြည့်လွန်နှစ်များအတွင်းက ဖြစ်ပါသည်။ ကျွန်တော်သည် အသက် ၂၀ ကျော်ပင် ရှိပါသေးသည်။ သတင်းစာတိုက်များ၊ မဂ္ဂဇင်းတိုက်များသို့ လှည့်လည်၍ စာမူပေး၊ စာမူခထုတ်နှင့် မိမိဘဝကိုမိမိ ကျေနပ်နေသောကာလဖြစ်သည်။

နေ့တစ်နေ့တွင် ရွှေဂုံတိုင်ရှိ ယခင် 'မြန်မာ့အလင်း' သတင်းစာတိုက်သို့ ရောက်ခဲ့သည်။ ထုံးစံအတိုင်း စာမူခထုတ်၍ စာမူအသစ်ပေးရန်ဖြစ်သည်။ စာမူအသစ်ပေးသည့်အခါတိုင်း အယ်ဒီတာအခန်းသို့ ရောက်မြဲပင်။ ထိုနေ့က ဦးကျော်ညွှန့်မရှိဘဲ ဆရာဦးကြည်ညွှန့်(ချစ်ကြည်ရေးကြည်ညွှန့်) ရှိနေသည်။ သူ့ရှေ့တွင် အဝကြီးမဟုတ်သော်လည်း ခပ်ဖိုင့်ဖိုင့် ဆရာတစ်ဦး ထိုင်နေသည်ကို တွေ့လိုက်ရသည်။ အသက် ၅၀ ကျော်ဟု ခန့်မှန်းရသည်။

ဆရာဦးကြည်ညွှန့်က သောက်လက်စ ဆေးပြင်းလိပ်ကိုချကာ "ဒါ ဆရာပါရဂူ ပေါ့"ဟု မိတ်ဆက်ပေးလိုက်သည်။ ပြုံးပြုံးလေး နှုတ်ဆက်လိုက်သော ဆရာ့ကိုကြည့်ကာ ကောလိပ်ကျောင်းသားဘဝက စွဲမက်ခဲ့သော 'စိတ္တရလေခါ'၊ 'အမ္ဗပါလီ' တို့၏ ဖန်တီးရှင် ဆရာကြီးကို တွေ့ရလိုက်ပေရာ စိတ်ထဲတွင် ဖော်မပြနိုင်အောင် ဝမ်းသာမိသည်။ ထိုစဉ်ကတည်းက ဆရာပါရဂူ၏ ရိုးစင်းတည်ငြိမ်သော ပုံရိပ်ကို သတိထားမိသည်။

၁၉၈၀ ပြည့်နှစ်တွင် ကျွန်တော် စာပေဗိမာန်ကို စာတည်းအဖြစ် ရောက်လာသည်။ ထိုစဉ်ကအခေါ်မှာ လက်ထောက်စာတည်းဖြစ်သည်။ စာပေဗိမာန်သည် စာပေပညာရှင်ကြီးများ စုဝေးရာဟုလည်း ဆိုနိုင်သည်။ ဆရာဦးမျိုးသန့်(မောင်ဆုရှင်)ထံ ပုဂ္ဂိုလ်ရေးအရ ရောက်လာသူများရှိသလို စာပေတာဝန်အရ ရောက်လာနေရသူများလည်း ရှိသည်။

### မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်

စာပေဗိမာန်သို့ ကျွန်တော်မရောက်မီကတည်းက 'မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်'ကို နှစ်စဉ် ထုတ်ဝေလျက်ရှိသည်။ ယခင်ကထုတ်ဝေခဲ့သော 'မြန်မာ့စွယ်စုံကျမ်း'ကြီး အတွဲ(၁)မှ (၁၅)၏ နောက်ဆက်တွဲများဟုဆိုက ရပါသည်။ 'မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်'ကို ထုတ်ဝေရာတွင် စာတည်းအင်အားနှင့် မရပါ။ ပြင်ပပညာရှင်များ၏ 'ပညာအား'ကိုလည်း ယူရသည်။ သို့သော် ကျမ်းကြီး၊ ကျမ်းခိုင်ဖြစ်စေရန် စာပေအတိုင်ပင်ခံအဖွဲ့ဟု ဆိုရလောက်သည့် 'မြန်မာ့ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့'ကို ဖွဲ့စည်းထားရှိပြီး ဖြစ်သည်။ သမ္မာရင့်၊ ဝါရင့်ပညာရှင်ကြီးများ ပါဝင်ကြပေရာ ဆရာပါရဂူ လည်း မပါမဖြစ် ပါရှိလာရပေတော့သည်။

စင်စစ် ဤပညာရှင်ကြီးများမှာ စာပေဗိမာန်မှ ကျွန်တော်တို့၏ နောင်တော် စာတည်းကြီးများ၏ မိတ်ရင်းဆွေရင်းများ ဖြစ်ကြပေရာ လူငယ်စာတည်းများ၏ စာပေမိဘသဖွယ်သာ ဖြစ်ကြပါသည်။ သူတို့ထံမှ ကျွန်တော်တို့ စာပေရင်နို့ သောက်စို့ခဲ့ရသည်။ သူတို့ထံပါးမှ စာပေသုတ ကြားခဲ့ရသည်။ သူတို့နှင့် ဆွေးနွေးပွဲများတွင် ထိုင်ရတိုင်း စာပေအသိနယ်ပယ် ကျယ်ဝန်းခဲ့ရသည်။ အတွေးအခေါ် အယူအဆ တစ်မျိုးပြီးတစ်မျိုး မရိုးအောင်တိုးခဲ့ရသည်။

ထိုမျှနှင့် မပြီးသေး။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ထွက်တော့မည်ဆိုလျှင် အဖွဲ့ဝင် စာပေပညာရှင်များထံ ပို့ရသည်။ ဝေါဟာရအသုံးအနှုန်းမှအစ အကျအပေါက်အမှားများအထိ ပြင်ဆင်ပေးကြသည်။ ညည်းညူဖို့ဝေးစွ။ အပြုံးပင် မပျက်ကြပေ။ တစ်ခါတစ်ရံ ပညာရှင်များ၏ ဆွေးနွေးပွဲများတွင် ရယ်မောသံများပင် လွှမ်းခြုံသွားတတ်လေသည်။

### စာပေဆုများ

မှတ်မှတ်ရရ ၁၉၈၅ ခုနှစ်အတွက် အမျိုးသားစာပေဆုရသူများမှာ လေးဦးသာ ရှိခဲ့သည်။ ဘာသာပြန်ကဏ္ဍတွင် သုတနှင့် ရသအတွက် နှစ်မျိုးစလုံး ပါရှိခဲ့သည်။ ဘာသာပြန်(သုတ)အတွက် 'အနာဂတဟာန်' စာအုပ်ဖြင့် ဆရာစိန်ခင်မောင်ရီက ရခဲ့သည်။ ဘာသာပြန်(ရသ)အတွက်ကိုမူ 'ဂေါရီ'ဝတ္ထုဖြင့် ဆရာပါရဂူက အမျိုးသားစာပေဆု ရခဲ့သည်။ သူတို့ နှစ်ဦးစလုံးပင် ကွယ်လွန်ခဲ့ကြလေပြီ။

အမျိုးသားစာပေဆု ကြေညာပြီးသည်နှင့် စာပေဗိမာန်စာတည်းအဖွဲ့ အလုပ်ရှုပ်ပါတော့သည်။ ဆုရပုဂ္ဂိုလ်ကြီးများ၏ ကိုယ်ရေးအကျဉ်းကို ဆရာကြီးများထံ ကိုယ်တိုင်ကိုယ်ကျ သွားတောင်းရသည်။ ဆရာကြီးများကလည်း ရုံဖန်ရံခါ စာပေဗိမာန်ရုံးသို့ လာရသည်။ စာပေဆုပေးပွဲတွင် ဆရာပါရဂူက ကျေးဇူးတင်စကား ပြောကြားရမည်ဖြစ်ရာ သူရေးထားသော ကျေးဇူးတင်စကားကို ဆရာဦးမျိုးသန့်ထံ လာပေးစဉ် ကျွန်တော်တို့နှင့် ဆုံခဲ့ကြသည်။ ထိုနေ့ ထိုရက်ကို အတိအကျမမှတ်မိ။ နှစ်ပေါင်း ၃၆ နှစ် ကျော်ခဲ့ပြီ။ သို့သော် ဆရာ ဦးမျိုးသန့်ကို သူပြောခဲ့သော စကားမှာ ယနေ့တိုင် အမှတ်ရစရာ ဖြစ်ခဲ့ပါသည်။

"ကိုမျိုးသန့်ရေ ... ဘာသာပြန်မှာ လူငယ်တွေအများကြီး မွေးပေးဖို့တော့ လိုပြီနော်။ ကျွန်တော်တောင် ၆၀ ကျော်နေပြီ။ အသက် ၁၀၀ နဲ့တွက်ရင်တောင် အနှစ် ၃၀ ကျော်လောက်ပဲ ကျန်တော့တယ်။ ခင်ဗျားတို့မရှိရင် စာပေဗိမာန် မျိုးဆက်ပြတ်သွားလိမ့်မယ်ဗျ"

စာပေပညာရှင်တို့၏အတွေးသည် အနာဂတ်ကို ကြို၍မြင်နေသည်။ နှစ်ပေါင်း သုံးလေးဆယ်ကျော် အတွက်ကို ကြို၍ ပူပန်စိုးရိမ်ခဲ့လေသည်။ ထိုစဉ်က ကျွန်တော်တို့လို လူငယ်အယ်ဒီတာများကိုပင် ကြည့်၍ ပြောနေသလားဟု ထင်ရလေသည်။

စင်စစ် ဆရာပါရဂူ အမျိုးသားစာပေဆုရခဲ့သည်မှာ ဤအကြိမ်သာ မဟုတ်။ ၁၉၆၃ ခုနှစ်(အတွက်)ကလည်း ရရှိခဲ့သည်။ ထိုစဉ်က အမျိုးသားစာပေဆုဟုမခေါ်။ 'အနုပညာစာပေဆု'ဟု တွင်ခဲ့သည်။ ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထဆုအထိ ဘာသာရပ်တစ်မျိုးအတွက် ခွဲဝေချီးမြှင့်သည်။ အမျိုးသားစာပေဆုပင် ဖြစ်ပါသည်။ ဆရာပါရဂူ ရသည့် ထိုနှစ်က ဘာသာပြန်ဆုကို သုံးဦး ရခဲ့သည်။ ဆရာကြီး ဒဂုန်ရွှေမျှားက 'မြို့ဝန်မင်း၏ ဘဝခရီး' စာအုပ်ဖြင့် ဒုတိယ၊ ဆရာကြီးဦးလှဒင်က 'မာကိုပိုလို' စာအုပ်ဖြင့် တတိယဆု ရခဲ့သည်။ ဆရာကြီးပါရဂူကား 'သုန္ဒရနန္ဒခေါ် ညီတော်မင်းနန်' စာအုပ်ဖြင့် ဘာသာပြန်ပထမဆု ရရှိခဲ့သည်။

ဆရာပါရဂူ ရရှိခဲ့သော စာပေဆိုင်ရာဆုများမှာ များလှပါသည်။ ထင်ရှားသော စာပေဆုများကို ပြောရပါမူ ၂၀၀၁ ခုနှစ်(အတွက်) အမျိုးသားစာပေ တစ်သက်တာဆု၊ ၂၀၀၂ ခုနှစ်(အတွက်) ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆု၊ ၂၀၀၃ ခုနှစ်တွင် ဝိဇ္ဇာပညာ ထူးချွန်တံဆိပ်(ပထမဆင့်)၊ ၂၀၀၅ ခုနှစ်တွင် သုတစွယ်စုံ တစ်သက်တာစာပေဆုတို့ကို ရရှိခဲ့သည်။

### အမျိုးသားစာပေတစ်သက်တာဆုကြီး

၂၀၀၂ ခုနှစ်တွင် 'အရှေ့တောင်အာရှစာပေဆု' အတွက် ရွေးချယ်ခံခဲ့ရသေးသည်။ အရှေ့တောင်အာရှ နိုင်ငံများအသင်းဝင် ထိုင်းနိုင်ငံက ချီးမြှင့်သော ထိုဆုကြီးကို အရွေးခံရပြီးမှ အကြောင်းအမျိုးမျိုးကြောင့် သွားရောက်မယူဖြစ်ခဲ့။ ဤသို့ သွားရောက်မယူဖြစ်ခြင်းသည်ပင် မြန်မာနိုင်ငံ၏ စာပေဆုသမိုင်းတွင် အထူးခြားဆုံး ပြောင်းလဲမှုကြီး တစ်ရပ် ဖြစ်ခဲ့သည်။

ဆရာပါရဂူအကြောင်းကို ရေးရ ပြောရလျှင် ဤအကြောင်းကို ချန်လှပ်ထား၍မရ။ ဖော်ပြမှ ပြည့်စုံပါမည်။ ယခင်က စာပေဆုများကို ဤသို့ ပုံဖော်ခဲ့ကြသည်။ စာပေဗိမာန်စာပေဆု(၁၉၄၈-၁၉၆၁)၊ အနုပညာစာပေဆု (၁၉၆၂-၁၉၆၄)နှင့် ၁၉၆၅ ခုနှစ်မှ ယနေ့အထိ 'အမျိုးသားစာပေဆု'ဟု အမျိုးမျိုး ပုံဖော်ခဲ့ကြသည်။ မြန်မာ့စာပေဆုသမိုင်းတွင် ထိုစဉ်က 'အမျိုးသားစာပေဆု' မှာ နိုင်ငံတော်မှချီးမြှင့်သည့် စာပေဆိုင်ရာ အမြင့်ဆုံးဆု ဖြစ်လေသည်။

၂၀၀၂ ခုနှစ်တွင် (၂၀၀၁ ခုနှစ်အတွက်) 'အမျိုးသားစာပေတစ်သက်တာ'ဆုကြီး ပေါ်ထွက်ခဲ့သည်။ နှစ်စဉ် ချီးမြှင့်နေကျ 'အမျိုးသားစာပေဆု'ထက် မြင့်ပါသည်။ နိုင်ငံတော်မှချီးမြှင့်သည့် စာပေဆုများအနက် အမြင့်ဆုံးစာပေဆုလည်း ဖြစ်သည်။ ဤစာပေဆုကြီးသည်ကား 'ဆရာပါရဂူ'ကို အကြောင်းပြု၍ ပေါ်ပေါက်ခဲ့ခြင်း ဖြစ်လေသည်။

ဆရာပါရဂူကို အကြောင်းပြု၍ ထုဆစ်ပုံဖော် ပေးခဲ့သူကား ကြည်အောင်(ကေတုမတီ) ခေါ် ဗိုလ်ချုပ်ကြည်အောင်ပင်။ ထိုစဉ်က ဗိုလ်ချုပ်ကြည်အောင်သည် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဖြစ်လေသည်။

၂၀၀၂ ခုနှစ်တွင် 'အရှေ့တောင်အာရှ စာပေဆု' အတွက် ဆရာပါရဂူ ရွေးချယ်ခံရသည်မှန်သော်လည်း မယူဖြစ်ခဲ့။ အစစအရာရာ ပြင်ဆင်ဆောင်ရွက်ပြီးမှ အကြောင်းအမျိုးမျိုးကြောင့် ထိုင်းနိုင်ငံသို့ သွားရောက်ရေး ပျက်ခဲ့သည်။ ဤသို့ ပျက်ခဲ့ရသည့်အတွက် ဆရာပါရဂူက အပြုံးမပျက်ခဲ့သော်လည်း ထိုစဉ်က ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဖြစ်ခဲ့သူ ဗိုလ်ချုပ်ကြည်အောင်က အထူးစိတ်မကောင်းဖြစ်ခဲ့ရသည်။

ဤဆုမျိုးကဲ့သို့ အလားတူ စာပေဆု(သို့မဟုတ်) အမျိုးသားစာပေဆု ထက်မြင့်သော စာပေဆုကို မြန်မာနိုင်ငံတွင်းမှ မထွင်နိုင်ဘူးလားဟူသော အတွေးက ဗိုလ်ချုပ်ကြည်အောင်၏ အတွေးထဲသို့ ဝင်လာသည်။ ဤအတွေးကို အကောင်အထည်ဖော်ရန် ဆရာမောင်ဆုရှင်၊ ဆရာကြီး ဒေါက်တာသော်ကောင်း၊ ဆရာကြီး ဒေါက်တာကျော်စိန်နှင့် ဆရာကြီး တက္ကသိုလ်တင်ခတို့ အပါအဝင် စာပေပညာရှင်များနှင့် တိုင်ပင်ပြီး အကောင်အထည်ဖော်နိုင်ခဲ့လေသည်။

၂၀၀၂ ခုနှစ် စက်တင်ဘာလတွင် ဗိုလ်ချုပ်ကြည်အောင် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ပြောင်းသွားခဲ့ရသော်လည်း ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဖြစ်လာသူ ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆက်လက်အကောင်အထည်ဖော်ခဲ့ရာ ၂၀၀၂ ခုနှစ် ဒီဇင်ဘာလ ၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံကြီး၌ ကျင်းပသည့် ၂၀၀၁ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် (၁၃)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲဆု ဆုချီးမြှင့်ပွဲ အခမ်းအနားကြီးတွင် အမျိုးသားစာပေတစ်သက်တာဆုကို ပထမဆုံးအကြိမ်အဖြစ် ဆရာကြီးပါရဂူ (စည်သူဦးလှကြိုင်)အား ချီးမြှင့်ခဲ့လေသည်။

> ◆ ၂၀၀၂ ခုနှစ်တွင် 'အရှေ့တောင်အာရှ စာပေဆု' အတွက် ဆရာပါရဂူ ရွေးချယ်ခံရသည်မှန်သော်လည်းမယူဖြစ်ခဲ့။ အစစအရာရာ ပြင်ဆင်ဆောင်ရွက်ပြီးမှ အကြောင်းအမျိုးမျိုးကြောင့် ထိုင်းနိုင်ငံသို့ သွားရောက်ရေး ပျက်ခဲ့သည်။ ဤသို့ ပျက်ခဲ့ရသည့်အတွက် ဆရာပါရဂူက အပြုံးမပျက်ခဲ့သော်လည်း ထိုစဉ်က ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဖြစ်ခဲ့သူ ဗိုလ်ချုပ်ကြည်အောင်က အထူးစိတ်မကောင်းဖြစ်ခဲ့ရသည်။ ဤဆုမျိုးကဲ့သို့ အလားတူ စာပေဆု(သို့မဟုတ်) အမျိုးသား စာပေဆု ထက်မြင့်သော စာပေဆုကို မြန်မာနိုင်ငံတွင်းမှ မထွင်နိုင်ဘူးလားဟူသော အတွေးက ဗိုလ်ချုပ်ကြည်အောင်၏ အတွေးထဲသို့ ဝင်လာသည်

### ဆရာ့ဘဝ အတ္ထုပ္ပတ္တိ

ဤသို့ ထူးခြားပြောင်မြောက်ခဲ့သော ဆရာကြီးပါရဂူ ခေါ် စည်သူဦးလှကြိုင်ကို ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် သန္တသနေ့ာကျေးရွာတွင် အဖ ဦးဘစော၊ အမိ ဒေါ်မေတုတ်တို့မှ ၁၉၂၁ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်တွင် မွေးဖွားခဲ့သည်။ အမည်ရင်းမှာ ဦးလှကြိုင် ဖြစ်သည်။

*စာမျက်နှာ ၇ သို့*

# မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဆရာဝန်ကြီးများနှင့် တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် မန္တလေးမြို့ရှိ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနမှ ဆရာဝန်ကြီးများ တွေ့ဆုံပွဲကို ယမန်နေ့ မွန်းလွဲပိုင်းတွင် မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီး မန်းတောင်ရိပ်ခိုကိုးထပ်ဆောင်ရှိ ဆေးကုသရေးဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကို၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မန္တလေးမြို့ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆရာဝန်ကြီးများ တက်ရောက်ကြသည်။




ရှေးဦးစွာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး မန္တလေးအထွေထွေ ရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာ သက်အောင်နှင့် ဆရာဝန်ကြီးများက ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က ဆေးရုံအတွင်းရှိ ကိုဗစ်-၁၉ လူနာများအတွက် ပြုလုပ်ထားသော Oxygen Plant နှင့် ကိုဗစ်-၁၉ သံသယလူနာ ကုသဆောင် ပြင်ဆင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် ကိုဗစ်-၁၉ လူနာများ ကုသရေးအတွက် Control Room များ၊ ကုသဆောင်၊ ထမင်းစားဆောင်များ၊ စားချက်ဆောင်နှင့် ပြင်ဆင်ဆောင်များ ကြိုတင်ပြင်ဆင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

သန္နံသနေ့ကျေးရွာ မူလတန်းကျောင်း၌ ပညာသင်ယူခဲ့သည်။ ၁၁ နှစ်အရွယ်တွင် ရှင်သာမဏေဝတ်သည်။ ၁၅ နှစ်အရွယ်တွင် ပထမငယ်၊ ၁၆ နှစ်တွင် ပထမလတ်၊ ၁၇ နှစ်တွင် ပထမကြီး၊ အသက် ၁၉ နှစ်အရွယ်တွင် အစိုးရစာချတန်း(ဂုဏ်ထူးတန်း)ကို အောင်မြင်ခဲ့သည်။ အသက် ၂၀ တွင် ရဟန်းခံသည်။

၁၉၄၇ ခုနှစ်မှ ၁၉၅၂ ခုနှစ်အထိ အိန္ဒိယနိုင်ငံ ဗာရာဏသီဟိန္ဒီ တက္ကသိုလ်တွင် ပညာသင်ယူခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် လူဝတ်လဲခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံး ပြန်ကြားရေးဌာန၌ ဘာသာပြန်အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မြန်မာနိုင်ငံ တက္ကသိုလ်နှင့် ကောလိပ်များ၏ အရှေ့တိုင်းပညာသင်ကြားရေးအဖွဲ့ အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့ အဖွဲ့ဝင်၊ မြန်မာနိုင်ငံ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာပြုဗဟိုအဖွဲ့ အမှုဆောင်၊ သီယိုဆိုဖီအသင်း နာယက၊ မြန်မာစာပေ ပြန့်ပွားရေးအသင်းတွင် ဒုတိယဥက္ကဋ္ဌ၊ မြန်မာပြည် တဂိုးအသင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဟိန္ဒီစာပေအသင်း ဥက္ကဋ္ဌနှင့် စာရေးဆရာ အဖွဲ့အစည်းများတွင်လည်း တာဝန်အသီးသီး ထမ်းဆောင်ခဲ့သည်။

**ထင်ရှားသောစာအုပ်များ**

၁၉၃၉ ခုနှစ်မှစ၍ 'မျိုးနွယ်ညွှန့်'၊ 'သာမဏေရှင်ပါရဂူ'၊ 'ဘုန်းကြီးကျောင်းသား' ကလောင်အမည်များဖြင့် စာပေလောကတွင် အခြေချခဲ့သည်။ ၂၀၁၁ ခုနှစ် ဧပြီလ ၉ ရက်နေ့ ကွယ်လွန်သည်အထိ ပင်ကိုရေးနှင့် ဘာသာပြန်စာအုပ်ပေါင်း ၁၅၀ ကျော် ရေးသားပြုစုခဲ့သည်။

၎င်းတို့အနက် 'ဗုဒ္ဓစကား၊ ဓမ္မစကား၊ ဗုဒ္ဓဒိုင်ယာရီ၊ နိဗ္ဗာန်၊ သုန္ဒရနန္ဒ (ခေါ်) ညီတော်မင်းနန် (၁၉၆၃ ခုနှစ်အတွက် အနုပညာ ဆိုင်ရာ ဘာသာပြန်စာပေဆု)၊ သားတော် ရာဟုလာ၊ သိဒ္ဓတ္ထ၊ စိတ္တရလေခါ၊ အမ္ဗပါလီ၊ ပိယဒဿီ၊ ပရကထာ၊ ဘဝခရီးသည်၊ တမ္ဗပဏ္ဏိ၊ ပုဂံခရီးသည်၊ ယယာတိနှင့် ဂေါရီ (၁၉၈၅ ခုနှစ်အတွက် အမျိုးသားစာပေဆု - ဘာသာပြန်ရသ) စာအုပ်'တို့မှာ အထူးထင်ရှားသည်။

ထို့ပြင် 'ဘုန်းကြီးကျောင်းက ပုဏ္ဏာရိက၊ ဝိဇ္ဇာ၊ H.K. လှကြိုင်' ကလောင်ခွဲများဖြင့်လည်း ရေးခဲ့သေးသည်။

**ပါရဂူ ရှန်တိနိကေတန် စာကြည့်တိုက်**

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်တွင် ဗဟန်းမြို့နယ် ငါးထပ်ကြီး ဘုရားလမ်းမှ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်၊ (၁၉) ရပ်ကွက် ဦးပုညလမ်း အမှတ်(၉၈၈-၉၉၁) သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ဘဝအဆက်ဆက် စာပေပါရမီဖြည့်ဆည်းလိုသော ဆရာပါရဂူသည် သူ့နေအိမ်ကိုပင် 'ပါရဂူ ရှန်တိနိကေတန် စာကြည့်တိုက်' (Paragu Shantiniketan Library)အဖြစ် ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး စာပေအကျိုးကို သယ်ပိုးခဲ့သည်။

ဆရာပါရဂူ သက်ရှိထင်ရှား ရှိနေခဲ့လျှင် ယခုနှစ် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်တွင် နှစ် ၁၀၀ ပြည့်ပါပြီ။ ဆရာကြီး၏ အတ္ထုပ္ပတ္တိ အကျယ်ကို ၂၀၁၂ ခုနှစ်ထုတ် 'မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်'နှင့် ၁၂-၆-၂၀၂၁ ရက်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတွင် ကြည့်နိုင်ပါသည်။

ဆရာပါရဂူရေးသားခဲ့သည့် စာအုပ်များထဲမှ ကျွန်တော် အစွဲမက်ဆုံးမှာ ဗုဒ္ဓဒိုင်ယာရီ စာအုပ်ဖြစ်သည်။ ဤစာအုပ်မှ ယနေ့တိုင် ခေတ်အဆက်ဆက် မှန်ကန်နေသောစကားကို အနည်းငယ် ကိုးကား ဖော်ပြလိုပါသည်။

**"အဆင်ခြင် အစဉ်းစားဉာဏ်မရှိဘဲ မလိုအပ်သည့် ဒုက္ခမျိုးကို ခံစားခြင်းဖြင့် သုခကို မရရှိနိုင်။ သုခအတွက် ချုပ်တည်းမှုသာ လိုအပ်သည်။ ဒုက္ခခံဖို့မလိုဟု ငါနားလည် သဘောပေါက်ခဲ့သည်။ ကောင်းသောအကျင့်၏ လမ်းမ၌ အကယ်၍ ဒုက္ခပေါ်ပေါက်လာလျှင် ထိုဒုက္ခမျိုးကို ရင်ဆိုင်သင့်သော်လည်း အကျိုးမရှိသည့် ဒုက္ခမျိုးကို ခံခြင်းအားဖြင့် ကောင်းကျိုးမဖြစ်ထွန်းနိုင်ပေ။"**

**"အဆင်ခြင် အစဉ်းစားကင်းမဲ့သည့် ဒုက္ခမျိုးဖြင့် သုခရမည်ဆိုလျှင် တိရစ္ဆာန်အားလုံးသည် သုခနှင့်ပြည့်စုံသူများ ဖြစ်နေကြလိမ့်မည်။ ယနေ့တွင်မူ ဤအတိုင်း ဖြစ်နေကြသည်။ လူအများသည် သုခအတွက် ဒုက္ခကို မြင်တွေ့လိုကြသည်။ အဆင်ခြင်အစဉ်းစားကင်းမဲ့ခြင်းကြောင့် အတွင်းသုခကိုမူ သူတို့ရရှိလိမ့်မည်မဟုတ်ပေ။"**

ဤစကားများသည် စိတ်ဓာတ်ခွန်အားနှင့် စာရိတ္တခွန်အားတို့ကို ဆက်လက်၍လည်း ပေးနေဦးမည်ဟု ကျွန်တော်ထင်သည်။

သေသူကို ရှင်သူတို့က တကြိရသည်။ စာပေအကျိုး သယ်ပိုးခဲ့ကြသူတို့ကို နောင်လာနောက်သား စာပေသမားတို့က တမ်းတကြစမြဲပင်။ သူတို့၏ ကလောင်စွမ်းက ပြည်သူကို လွှမ်းခဲ့သည်။ ဤသို့ တမ်းတရမည့်သူများထဲတွင် 'ဆရာကြီးပါရဂူ' လည်း ပါဝင်သည်။ ဆရာ့အကြောင်းရေးလျှင် သူ့ကိုအကြောင်းပြု၍ ဖြစ်တည်လာသည့် 'အမျိုးသားစာပေ တစ်သက်တာဆု' ကိုပါ တွဲ၍ မြင်လာရသည်။

'အမျိုးသားစာပေ တစ်သက်တာဆု' ပေါ်လာစေရန် အရင်းခံဖြစ်စေသည့် ဆရာပါရဂူသည် လွန်ခဲ့သည့် ၁၀ နှစ်၊ ၂၀၁၁ ခုနှစ် ဧပြီလ ၉ ရက်တွင် ကွယ်လွန်ခဲ့သည်။ 'အမျိုးသားစာပေ တစ်သက်တာဆု'ကို မွေးဖွားပေးခဲ့သူ ကြည်အောင်(ကေတုမတီ) ခေါ် ဗိုလ်ချုပ်ကြည်အောင်သည်လည်း ယခု ၂၀၂၁ ခုနှစ် မေလ ၉ ရက်တွင် ကွယ်လွန်သွားရှာပြီ။

ဆရာပါရဂူကို အထူးလေးစားသော၊ ဆရာပါရဂူ၏စာအချို့ကို လက်တန်းရွတ်ပြနိုင်သော ကဗျာဆရာ ကြည်အောင်(ကေတုမတီ)က ဆရာပါရဂူ ကွယ်လွန်သည့်နှစ်တွင် အချိုးကဗျာတစ်ပုဒ်ဖြင့် ၂၀၁၁ ခုနှစ်၊ ဧပြီလထုတ် 'နိုင်ငံ့ဂုဏ်ရည်'မဂ္ဂဇင်းတွင် ဂုဏ်ပြုဖွဲ့ဆိုခဲ့လေသည်။

**စာရေးဆရာကြီး ပါရဂူသို့တမ်းချင်း**

- **ကလောင်တစ်ချောင်း**
  **ဟောင်းလည်းဟောင်း ကောင်းလည်းကောင်း**
  **သည်လမ်းကြောင်းအတွက်**
  **"တစ်သက်တာစာပေ၊ အမွေထိုက်သူ"**
  **ဆရာတစ်ဆူ၊ ပါရဂူတစ်ယောက်**
  **သည်နွေအရောက်မှာ**
  **ကြွေပျောက်ရပြီကော သက်ဇီဝိန်။**
- **စတွေ့ချိန် အတိတ်ရှေးကိုဖြင့်**
  **စိတ်အတွေးမှာ လက်ရေချိုးလိုက်တော့**
  **ထောင့်ကိုးရာ ခြောက်ဆယ်လွန် နှစ်နှစ်စွန်းပါကလား**
  **ရှေ့မြောက်ယွန်း ရှမ်းပြည်နယ်**
  **လွမ်းစရာ့ဌာနီ မြို့ကျောက်မဲတွင်မှ**
  **ဆုံခဲ့သည် စာဆိုပွဲကို**
  **ကွယ် ... စွဲမိပြက္ခဒိန်။**
- **ထိုစဉ်က ထိုအချိန်**
  **ကလောင်ရှိန်တက်ဆဲ။**
  **ယခုလည်း သည်အချိန်**
  **ဉာဏ်အရှိန်မြင့်ဆဲ။**
  **ဆရာ့လက် ဆရာ့ကလောင်**
  **စာဂုဏ်ရောင်မမှိန်**
  **ရသစံချိန်တင်ဆဲ။**
- **အရွယ်ထောက်သည်ကြောင့်**
  **ဘယ်လောက်ပင် ကံဉာဏ်မြင့်သော်လည်း**
  **နေခွင့် သူမသာ၍**
  **သည်လူ့ရွာ သည်စခန်းရယ်နှင့်**
  **သူကျွမ်းရာ စာပေဘုံမှ**
  **မျိုးဆွေစုံ စာပေသားတို့ကို**
  **စွန့်ထားကာ တမလွန်သို့**
  **စာပေဝန် ကျေပွန်ဖို့သွားပြီလား**
  **ဆရာရေ...တားမြစ်နိုင်ဘဲ။**

စာကိုး

(၁) ကြည်အောင်(ကေတုမတီ)၏ နိုင်ငံ့ဂုဏ်ရည်ကဗျာများ

(၂) ၂၀၀၁ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာစာပေဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု၊ ဆုရသူများ၏ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်

(၃) အမျိုးသားစာပေ တစ်သက်တာဆု၏ အတိတ်ခြေရာ၊ စံတော်ချိန်သတင်းစာ (၂၄-၁၂-၂၀၂၁)

# မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ ကင်းမကျေးရွာအတွင်းရှိ နေအိမ်များအား မီးရှို့ခဲ့သည့် ဖြစ်စဉ်တွင် ကိုယ်တိုင်ပါဝင်ခဲ့သူ၊ ပတ်သက်ဆက်နွယ်သူတို့၏ ဝန်ခံပြောကြားချက်နှင့် ရွာခံသက်ကြီး အဘွား နှစ်ဦး အား ကယ်ဆယ်ရေးဆောင်ရွက်ခဲ့သည့် ရဲတပ်ဖွဲ့ဝင်တို့၏ ပြောကြားချက်များ

**နေပြည်တော် ဇွန် ၁၈**

၂၀၂၂ ခုနှစ်၊ ဇွန် ၁၅ ရက်တွင် မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ ကင်းမကျေးရွာရှိ ဖောက်ခွဲရေး ပစ္စည်းများနှင့် လက်လုပ်သေနတ်များ ပြုလုပ်ရောင်းချနေသူများအား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စဉ် ကျေးရွာအနီး အရောက်၌ လက်နက်ကိုင်အကြမ်းဖက်သူများက ပစ်ခတ်တိုက်ခိုက်၍ ကျေးရွာအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့မှုဖြစ်စဉ်နှင့်ပတ်သက်၍ ဇွန် ၁၆ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ခဲ့သူများနှင့် ကျေးရွာအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သူ အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၇ ရက်တွင် ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်၊ မြေကြမ်းတောကျေးရွာအုပ်စု၊ ဂျုပ်ချောင်းလေး ကျေးရွာတွင် ပေါက်မြို့နယ်၊ ကင်းမကျေးရွာမှ သေနတ်ထိမှန်ဒဏ်ရာရရှိခဲ့သူ တစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်စိစစ်ခဲ့ရာ အဆိုပါ ကျေးရွာရှိ သန်းထိုက် (၃၃) နှစ် (ဘ) ဦးသာဇံ ၏ နေအိမ်၌ ချစ်မောင်မောင် (၂၂) နှစ် (ဘ) ဦးမောင်ဦး၊ ချောင်းဆုံကျေးရွာ၊ ကင်းမကျေးရွာ အုပ်စု၊ ပေါက်မြို့နယ်နေသူအား ဝဲဘက်ဒူးခေါင်းတွင် ဒဏ်ရာဖြင့် ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်အရ ပါဝင်ပတ်သက်သူ စိုးဝင်းကျော် (၃၆) နှစ် (ဘ) ဦးကြည်မောင် ဆိပ်ဖြူမြို့၊ အနောက်ပိုင်းရပ်ကွက် နေသူအား ထပ်မံဖမ်းဆီးရမိခဲ့သည်။

ချစ်မောင်မောင်သည် ကင်းမကျေးရွာ PDF တွင်ပါဝင်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရာတွင် ကိုယ်တိုင်ပါဝင်ခဲ့သူဖြစ်ကြောင်း စိုးဝင်းကျော်၏ ထွက်ဆိုချက်အရ သိရှိရပြီး စိုးဝင်းကျော်မှာမူ PDF အဖွဲ့ဝင်များကို ထောက်ပံ့ကူညီအားပေးခဲ့သူဖြစ်ကြောင်းနှင့် ကင်းမကျေးရွာအနီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်တိုက်ခိုက်မှုနှင့် ကျေးရွာအတွင်း မီးရှို့ဖျက်ဆီးခဲ့မှု ဖြစ်စဉ်နှင့် ပတ်သက်၍ ၎င်းတို့၏ ပါဝင်ပတ်သက်မှုများကို ယခုလို ကြားသိရသည်။

### ပေါက်မြို့နယ်၊ ကင်းမကျေးရွာနေ ကင်းမကျေးရွာ PDF အဖွဲ့ဝင် ချစ်မောင်မောင်၏ ဝန်ခံထွက်ဆိုချက်

ကင်းမရွာက နေအိမ်တွေ မီးလောင်ရတာနဲ့ ပတ်သက်ပြီး ပြောပြချင်ပါတယ်။ မီးလောင်မှုဖြစ်ပွားတဲ့နေ့က ၁၅.၆.၂၀၂၂ ရက်နေ့ နံနက် ၁၀ နာရီခွဲလောက်မှာ ကျွန်တော် မွေးမြူထားတဲ့ ဆိတ်တွေကို ကင်းမရွာတောင်ဘက် ကိုက် ၂၀၀ လောက်ဝေးတဲ့ တောထဲမှာ ထွက်ကျောင်းနေတဲ့အချိန် ကင်းမရွာနဲ့ ကိုက် ၂၀၀ ကျော်လောက်ဝေးပြီး ကင်းချောင်းရဲ့ အရှေ့ဘက် တောင်ကုန်းတောင်တန်းတွေပေါ်မှာ ပေါက်ကွဲသံတွေ ကြားရပါတယ်။ သေနတ်ပစ်ဖောက်သံတွေလည်း ကြားရပါတယ်။

ကျွန်တော်တို့ရွာရဲ့ အနောက်ဘက် ၃ မိုင်လောက်ဝေးတဲ့ တောင်တန်းပေါ်မှာ ဒေသခံ PDF အဖွဲ့တွေ ပုန်းခိုနေတယ်။ ပြီးတော့ အဲဒီအဖွဲ့တွေနဲ့ လုံခြုံရေးအဖွဲ့တွေ ကင်းချောင်းရဲ့ အရှေ့ဘက်မှာ အပြန်အလှန် ပစ်ခတ်တယ်လို့သိရပါတယ်။ ရွာသူ၊ ရွာသားတွေကလည်း ရွာမှာမနေရဲတော့ဘဲ တောင်ပေါ်မှာရှိတဲ့ လှိုဏ်တွေနဲ့ နီးစပ်ရာ ရွာတွေမှာ ပုန်းရှောင်နေကြပါတယ်။ ညနေ ၂ နာရီခွဲလောက်မှာ တောထဲမှာထားခဲ့တဲ့ ဆိတ်အုပ်က ပြန်လာတာတွေ့လို့ ဘုရားရှေ့လမ်းကနေ ကင်းမ အ.ထ.က ကျောင်းထောင့်ရဲ့ အနောက်ဘက်မှာရှိတဲ့ ကျွန်တော်တို့ရဲ့ ဆိတ်ခြံထဲကို ပြန်မောင်းထည့်ဖို့ သွားခဲ့ပါတယ်။ ရွာထဲကလမ်းတွေမှာတော့ လုံခြုံရေးအဖွဲ့တွေ ရောက်နေတာ မတွေ့ခဲ့ရပါဘူး။ ရွာအရှေ့ဘက် ကိုက် ၅၀၀ လောက်မှာရှိတဲ့ ကင်းချောင်းဘေး တောင်ကုန်း တောင်တန်းတွေပေါ်မှာ ရှိနေတယ်လို့ သိရပါတယ်။

ကျွန်တော် ဘုရားကုန်းအပေါ် ရောက်တဲ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ် လောက်မှာ ဘုရားကုန်းရဲ့ တောင်ဘက် ကိုက် ၂၀၀ ကျော်လောက်မှာရှိတဲ့ ကိုအောင်တင်ဝင်းရဲ့ အိမ်မှာ မီးခိုးလုံးတွေ ထွက်နေတာကို ကျွန်တော့်ဖုန်းနဲ့ ဗီဒီယိုဖိုင် ၃ ဖိုင်လောက်ရိုက် ဖြစ်ခဲ့ပါတယ်။ လူတွေကတော့ မတွေ့ဖြစ်ခဲ့ပါဘူး။ PDF အဖွဲ့တွေက လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို ကင်းချောင်းရဲ့ တစ်ဖက်ကမ်းကို ကူးလာအောင် မီးရှို့တယ်လို့ထင်ပါတယ်။ မီးခိုး မီးတောက်တွေ အရှိန်နဲ့ထွက်လာပြီး ၁၀မိနစ်လောက်အကြာမှာ ဘုရားကုန်းရဲ့ အရှေ့ဘက် ကိုက် ၅၀၀ လောက်မှာရှိတဲ့ လုံခြုံရေးအဖွဲ့တွေက လမ်းလျှောက်လာတာကို တွေ့ရပြီး ကျွန်တော်လည်း တစ်ဖက်နဲ့ တစ်ဖက်ပစ်ခတ်တော့မယ်ထင်ပြီး ဘုရားကုန်းရဲ့ တောင်ဘက်စောင်းတန်းအတိုင်း ထွက်ပြေးခဲ့ပါတယ်။

### ဆိပ်ဖြူမြို့နယ်၊ အနောက်ပိုင်းရပ်ကွက်နေ ကင်းမကျေးရွာ PDF အဖွဲ့ဝင်များအား ထောက်ပံ့ကူညီအားပေးခဲ့သူ စိုးဝင်းကျော် ၏ ဝန်ခံထွက်ဆိုချက်

ဆိပ်ဖြူမြို့နယ်မှာနေတဲ့ အောင်တေဇာစိုးက ပေါက်မြို့နယ် ကင်းမကျေးရွာမှာ ကျေးရွာကာကွယ်ရေးတပ်ဖွဲ့ PDF အဖွဲ့တွေ ဖွဲ့စည်းထားကြောင်းနဲ့ ကင်းမရွာသို့ အလည်လာဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ နောက် ၃ ရက်လောက်အကြာမှာ အောင်တေဇာစိုးနဲ့ တွေ့ဆုံခဲ့ကာ ကင်းမရွာကို သွားရောက်ခဲ့ပြီး အောင်တေဇာစိုး မိတ်ဆက်ပေးလို့ ကင်းမရွာအုပ်ချုပ်ရေးမှူးဟောင်း ဦးဌေးအောင်နဲ့ သိကျွမ်းခဲ့ပါတယ်။ ဦးဌေးအောင်က ကင်းမကျေးရွာ ကျေးရွာကာကွယ်ရေး PDF အဖွဲ့ ဖွဲ့စည်းပြီးဖြစ်ကြောင်း ကူညီနိုင်ရင် ကူညီပေးပါလို့ပြောသဖြင့် တတ်နိုင်သလောက် ကူညီပါမယ်လို့ ပြောခဲ့ပါတယ်။

၈.၆.၂၀၂၂ ရက်နေ့မှာ ခေါက်ဆွဲခြောက်၊ ဆပ်ပြာမွှေး၊ သွားတိုက်ဆေးတို့ကို ဦးဌေးအောင်ထံ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ပါတယ်။ ၁၅.၆.၂၀၂၂ ရက်နေ့ ည ၈ နာရီလောက်မှာ ဦးဌေးအောင်က ဖုန်းဆက်လာပြီး ရွာမှာတိုက်ပွဲဖြစ်လို့ PDF တပ်ဖွဲ့ဝင်တစ်ယောက် ဒဏ်ရာရသွားတယ်၊ အဲဒါ မကွေးကို ပို့ဖို့ကူညီပေးပါလို့ ပြောပါတယ်။ လူနာကို လာခေါ်ပေးပါလို့ပြောပါတယ်။ ၁၆ ရက်နေ့ မွန်းတည့် ၁၂ နာရီလောက်မှာ ဆိပ်ဖြူမြို့ နာရေးကူညီမှုအသင်းက ကားကို သွားရောက်အကူအညီတောင်းခံငှားရမ်းပြီး သွားရောက်ခေါ်ခဲ့ပါတယ်။ လူနာကို ကျွန်တော့်ကားနဲ့ တင်ခေါ်လာပြီး အောင်တေဇာစိုး ပြောပြချက်အရ ဆိပ်ဖြူမြို့နယ် နေအိမ်တစ်ခုမှာ ပို့ဆောင်ပေးခဲ့ပါတယ်။ ဒဏ်ရာရနေတဲ့သူကို ပို့ပေးခဲ့ပြီး ကျန်နေခဲ့တဲ့ ဦးဌေးအောင်ထံ သူကိုင်တဲ့ ဖုန်းနံပါတ် ၀၉-၂၆၅၀၂၈၅၁၁ ကို လူနာပို့ဆောင်ပြီးကြောင်း ဆက်သွယ်ပြောဆိုခဲ့ပါတယ်။ ဖုန်းပြောပြီး ဦးဌေးအောင်က ကင်းမကျေးရွာမှာ PDF တပ်ဖွဲ့ဝင် အင်အား ၁၀ ယောက်နဲ့ ဖွဲ့စည်းထားခဲ့ရာမှ အခု တပ်ဖွဲ့ဝင်ဦးရေ ၂၆ ဦးထိ တိုးလာပြီး တူမီးသေနတ်၊ လက်လုပ်သေနတ်နဲ့ မောင်းပြန်သေနတ်တွေ တပ်ဆင်ပေးထားကြောင်း သိရှိရပါတယ်။

၁၅.၆.၂၀၂၂ ရက်နေ့ကလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ ကျေးရွာထိပ်ကို ရောက်ရှိစဉ် ၎င်း PDF တပ်ဖွဲ့ဝင်များက သေနတ်တွေနဲ့ စတင်ပစ်ခတ်ခဲ့ကြပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ရွာထဲသို့ မဝင်နိုင်ဘဲ ရွာပြင်ကပဲ ပြန်လည်ပစ်ခတ်ခဲ့လို့ အခုကျွန်တော် ဆိပ်ဖြူကို ပို့ပေးခဲ့တဲ့ PDF တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော်က ရွာမှာမီးဘယ်လို လောင်တာလဲလို့မေးရာ ဦးဌေးအောင်က လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှို့သွားသယောင်ယောင် ထင်ယောင်ထင်မှားဖြစ်စေရန် ၎င်းတို့ PDF တပ်ဖွဲ့ကပဲ တပ်ဆုတ်ရင်း ရွာအတွင်းရှိ နေအိမ်တစ်အိမ်ကို စတင်ရှို့ရာမှ အခြားအိမ်များကို ကူးစက်လောင်သွားခြင်းမျိုးဖြစ်ကြောင်း၊ မီးလောင်နေစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ရွာပြင်မှာရှိနေတဲ့အကြောင်း သိရှိခဲ့ရပါတယ်။ အခုလည်း လုံခြုံရေးတပ်နဲ့ ရဲတွေလာရင် တိုက်ခိုက်နိုင်ဖို့ PDF တပ်ဖွဲ့ဝင် ၂၆ ဦးနဲ့ ရွာရဲ့ အနောက်ဘက် တောင်တန်းမှာ လက်နက်များ အသင့်ကိုင်ဆောင်ပြီး စောင့်ဆိုင်းနေကြောင်းကို ဦးဌေးအောင်မှ ပြောပြသိရှိခဲ့ရပါတယ်။

အကြမ်းဖက်သမားများ၏ ကင်းမကျေးရွာ မီးရှို့ဖျက်ဆီးခဲ့မှုအား လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ရန် ကြိုးပမ်းခဲ့ပြီး မီးလောင်မှုကြောင့် ပိတ်မိနေသော အသက် ၈၃ နှစ်အရွယ်ရှိ ဒေါ်ခင်စုနှင့် အသက် ၈၁ နှစ်ရှိ ဒေါ်ထွားစိန် တို့အား မီးလွတ်ရာဘုန်းကြီးကျောင်းသို့ ကိုယ်တိုင်ကူညီကယ်ဆယ် ပို့ဆောင်ပေးခဲ့သည့် ရဲတပ်ဖွဲ့ဝင်တို့၏ ကိုယ်တိုင်ကြုံတွေ့ခဲ့ရမှုများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်။

### ကင်းမကျေးရွာ မီးလောင်မှုဖြစ်စဉ်တွင် ကယ်ဆယ်ရေး လုပ်ငန်းများ ကိုယ်တိုင်ပါဝင်လုပ်ကိုင်ခဲ့သူ ဒုတိယရဲအုပ် ယျာဇူးမောင်၏ ပြောကြားချက်

ပေါက်မြို့နယ်၊ ကင်းမကျေးရွာအုပ်စု၊ ကင်းမကျေးရွာမှာ လက်လုပ်မိုင်းနဲ့ လက်လုပ်သေနတ်တွေ ပြုလုပ်ရောင်းချနေကြောင်း၊ ဒီလက်လုပ်သေနတ်နဲ့ လက်လုပ်မိုင်းတွေကို ရပ်/ကျေးအုပ်ချုပ်ရေးမှူးဟောင်း ဦးဌေးအောင်နဲ့ NLD ရပ်/ကျေး စည်းရုံးရေးမှူး ဦးအောင်ဌေးတို့က ငွေကြေးထောက်ပံ့နေတဲ့ အကြောင်းကို ကျွန်တော် သတင်းစုံစမ်း ဖော်ထုတ်ရရှိခဲ့ပါတယ်။

ဒါနဲ့ ပတ်သက်ပြီး ၁၃.၆.၂၀၂၂ ရက်နေ့ ည ၁၂ နာရီလောက်မှာ ဦးစိန်မောင်ရဲ့ နေအိမ်ကို ကျော်မင်းနိုင်ပါ အမည်မသိ အမျိုးသား သုံးဦးက လက်လုပ်မိုင်းတွေနဲ့ ပစ်ခတ်ခဲ့တဲ့အတွက် ဦးစိန်မောင်နဲ့ ကိုမင်းမင်းစိုးတို့ ဒဏ်ရာများရရှိခဲ့တယ်။ ဒါနဲ့ပတ်သက်ပြီး ကျော်မင်းနိုင်ကို ကျွန်တော်တို့ လုံခြုံရေးတပ်ဖွဲ့တွေက ဖမ်းဆီးစစ်ဆေးတဲ့အခါမှာ လက်လုပ်မိုင်းတွေက ကင်းမကျေးရွာက ရရှိတယ်ဆိုတဲ့ သတင်းကို ကျွန်တော် ဆက်လက်စုံစမ်းဖော်ထုတ်ရရှိခဲ့တဲ့အတွက် ၁၄.၆.၂၀၂၂ မှာလည်း ကြံ့ခိုင်ရေးပါတီဝင် ရပ်/ကျေး စည်းရုံးရေးမှူး ဦးခင်မောင်ချင်းကို PDF ဖွဲ့ဝင်တွေက ဝင်ရောက်ဖမ်းဆီးခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဦးခင်မောင်ချင်းကို နေအိမ်မှာ မတွေ့တဲ့အတွက် ဇနီးကိုဖမ်းဆီးသွားခဲ့ပါတယ်။ အဲဒီနေ့ည ၈ နာရီခွဲလောက်မှာ ဖုန်းနဲ့ဆက်သွယ်ပြီး သတင်းပေးပို့ တိုင်ကြားလာခဲ့တယ်။ ဒါကြောင့် ၁၅.၆.၂၀၂၂ ရက်နေ့မှာ ဒီသတင်းကိုအတည်ပြုစုံစမ်းဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် ကင်းမကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ သွားရောက်ခဲ့ပါတယ်။ နံနက် ၁၀ နာရီခွဲ လောက်မှာ ကင်းမကျေးရွာ ရွာအဝင်ဆိုင်းဘုတ်အနီးကို ရောက်ရှိခဲ့ပြီး PDF အဖွဲ့ဝင်တွေက လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို ရွာထဲကို ဝင်ရောက်နိုင်ခြင်းမရှိအောင် ၎င်းကျေးရွာ တောင်ကုန်းထိပ်ကနေ လက်ပစ်ဗုံးများ၊ သေနတ်များနဲ့ ဝိုင်းဝန်းပစ်ခတ်တဲ့အတွက် ကျွန်တော်တို့ အပြန်အလှန် တိုက်ပွဲဖြစ်ပွားခဲ့တယ်။

ဒါ့ကြောင့် ကျွန်တော်တို့ ရွာထဲကို ဆက်လက်ဝင်ရောက်နိုင်ခြင်းမရှိဘဲ မွန်းလွဲ ၂ နာရီခွဲလောက်မှာ စစ်ကူလုံခြုံရေးတပ်ဖွဲ့ဝင်တွေ ရောက်ရှိလာပြီး ဆက်လက်ရှင်းလင်းတဲ့ အခါမှာ PDF အဖွဲ့ဝင်တွေက ကျောင်းအနောက်ဘက်မှာရှိတဲ့ အိမ်ကို မီးရှို့ပြီး ဘုန်းကြီးကျောင်းရဲ့ အနောက်ဘက် တောင်ကုန်းပေါ်ကို ဆုတ်ခွာသွားခဲ့ကြတယ်။ ဒါကြောင့် ကျွန်တော်တို့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့အတူ ရွာထဲကို ဝင်ရောက်ရှင်းလင်းပြီး ဘုန်းကြီးကျောင်း အနောက်ဘက် တောင်ကုန်းပေါ်ကို ဆက်လက်ရှင်းလင်းခဲ့ကြတယ်။ ညနေ ၅ နာရီခွဲ အချိန်လောက်မှာ ရွာထဲကို ပြန်ပြီးဆင်းလာခဲ့တယ်။ ဆင်းလာခဲ့တဲ့ အချိန်မှာ မီးကလည်း အရှိန်နည်းနည်း လျော့နေပါပြီ။ လျော့နေတဲ့အတွက် ရွာထဲမှာရှိတဲ့၊ တွေ့ရှိခဲ့တဲ့ သက်ကြီးရွယ်အိုများ အဘွား ဒေါ်ထွားစိန်နဲ့ အဘွား ဒေါ်ခင်စုတို့ကို ကျွန်တော်တို့ စာသင်ကျောင်းရဲ့ လွတ်တဲ့မြေကွက်ပေါ်ကို ကယ်ထုတ်လာခဲ့တယ်။ ညနေ ၆ နာရီလောက်မှာ နယ်မြေထူးခြားမှု ရှိမရှိ ဆက်လက်စုံစမ်းပြီး ထူးခြားမှုမရှိတော့တဲ့အတွက် ကင်းမကျေးရွာက ထွက်ခွာလာခဲ့ကြတယ်။

### ကင်းမရွာ မီးလောင်မှုဖြစ်စဉ်တွင် အဘိုးအဘွားများအား ကယ်တင်ခဲ့သူ ရဲတပ်သား မြတ်ထွန်း၏ ပြောကြားချက်

ကျွန်တော်ကတော့ ပခုက္ကူခရိုင် ရဲတပ်ဖွဲ့မှူးရုံးကလ ၂၅၉၃၂၉ ရဲတပ်သား မြတ်ထွန်း ဖြစ်ပါတယ်။ ဇွန် ၁၅ ရက် ပေါက်မြို့နယ်၊ ကင်းမရွာမှာ PDF နဲ့ တပ်ဖွဲ့ဝင်တွေ တိုက်ပွဲဖြစ်နေကြောင်း သိရပါတယ်။ ပခုက္ကူခရိုင် ရဲတပ်ဖွဲ့မှူးနဲ့အတူ ကျွန်တော်က ယာဉ်တင်လုံခြုံရေး ဆောင်ရွက်ရင်း ရဲတပ်ဖွဲ့ (၃၅) နဲ့အတူ ၁ နာရီခွဲအချိန်တွင် ပေါက်မြို့နယ်၊ ကင်းမရွာသို့ သွားရောက်ခဲ့ပါတယ်။ ၄ နာရီမှာ ပေါက်မြို့နယ်၊ ကင်းချောင်းကို ကျွန်တော်တို့ ရောက်ရှိပါတယ်။ ကျွန်တော်တို့ရောက်ရှိတဲ့ အချိန်မှာ ကင်းမရွာ မီးလောင်နေတာကို တွေ့မြင်ရပါတယ်။ ကျွန်တော်တို့လည်း ကင်းချောင်းမှ တပ်ဖွဲ့ဝင်တွေ လျှောက်လာခဲ့ရာ စာသင်ကျောင်းနဲ့ ဘုန်းကြီးကျောင်းကြားထဲမှာ ပေါက်မြို့နယ်မှ ရဲတပ်ဖွဲ့ဝင်တွေဟာ အသင့်နေရာယူနေတာကို တွေ့ရှိရတယ်။ ရွာမှာလည်း မီးတအား လောင်နေပါတယ်။ အဲဒါနဲ့ ကျွန်တော်တို့လည်း ချက်ချင်းဝင်ဖို့ အဆင်မပြေပါဘူး။ အဲဒါကြောင့် ကျွန်တော်တို့ ခေတ္တစောင့်နေပါသေးတယ်။ မီးအရှိန်လျော့တဲ့အချိန်မှာ ကျွန်တော်တို့ တပ်ဖွဲ့ဝင် သုံးဦးဟာ အဲဒီရွာထဲကို ဝင်ရောက်ခဲ့ပါတယ်။ ဝင်ရောက်တဲ့အချိန်မှာ မီးလောင်နေတဲ့ အိမ်ဘေးက အဘွားအို တစ်ယောက် တဘက်အနီလေးပတ် တောင်ဝှေးနဲ့ လမ်းလျှောက်နေတာကို တွေ့ရပါတယ်။ အဲဒါနဲ့ ကျွန်တော်တို့လည်း အဘွားအိုရှိတဲ့ လမ်းဘက်ကို သွားပြီး အဘွားအို သွားခေါ်ပါတယ်။ အဘွားအိုကို သွားခေါ်ရာမှာ ကျွန်တော့်သူငယ်ချင်း ရဲတပ်သားတွေနဲ့အတူ သွားခေါ်တာပါ။

အဘွား ကျွန်တော်တို့နဲ့ အတူလိုက်ခဲ့ပါ၊ ရွာထဲမှာ မီးလောင်နေတယ်။ အဘွား ကျွန်တော်တို့နဲ့မလိုက်ရင် မီးလောင်နေတဲ့ အထဲပါမှာစိုးလို့ ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါလို့ ကျွန်တော်ခေါ်ရာမှာ အဘွားက ငြင်းပါတယ်။

*စာမျက်နှာ ၉ သို့*

# ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် ရာထူးတိုးအရည်အချင်းစစ်စာမေးပွဲ လာရောက်ဖြေဆိုကြသည့် အမှုထမ်းများအား တွေ့ဆုံအမှာစကားပြောကြား



**နေပြည်တော် ဇွန် ၁၈**

ဒုတိယဦးစီးမှူး ရာထူးအဆင့်မှ ဦးစီးအရာရှိ ရာထူးအဆင့်သို့ တိုးမြှင့်ပေးနိုင်ရေး အရည်အချင်းစစ် စာမေးပွဲလာရောက်ဖြေဆိုကြသည့် အမှုထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားသည့် အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ တားဆီးကာကွယ်ရေး ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတာဝန်ကျရာ ဒေသများတွင် တိုင်းရင်းသားများ၏ အရေးကို အစွမ်းကုန် ကြိုးစားစေလိုပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉) ရပ်တွင် ပါရှိသော လူမှုရေးဦးတည်ချက်တွင် "တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး" ဆိုသည့်အချက်ကို ဦးစားပေးဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် တိုင်းရင်းသားများ၊ ပြည်သူပြည်သားများ ငြိမ်းချမ်းရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ဝန်ကြီးဌာန၏ လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများအနေဖြင့် မိမိတို့၏ တာဝန်များကို စေတနာထား၍ ကြိုးစား ဆောင်ရွက်ကြရန်နှင့် တာဝန်ယူမှု တာဝန်ခံမှု၊ တန်းတူညီမျှရှိမှု၊ ပွင့်လင်းမြင်သာရှိမှုတို့ဖြင့် ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။ **သတင်းစဉ်**

---

## နေပြည်တော်ကောင်စီ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ပြည်သူများသိရှိစေရန် အသိပေးပန်ကြား

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နေပြည်တော်ကောင်စီ** Coronavirus Disease 2019 (COVID-19)

**ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

**ပြည်သူများသိရှိစေရန် အသိပေးပန်ကြားချက်**

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၈ ရက်

၁။ မြန်မာနိုင်ငံတွင် မျိုးရိုးဗီဇကွဲ COVID–19 ရောဂါပိုးသည် ယခုမေလကုန် ဇွန်လဆန်းမှစတင်၍ ရောဂါဖြစ်ပွားမှုနှုန်း ပြန်လည်မြင့်တက်လာခဲ့ပြီး ခေတ်ခွဲအတည်ပြုလူနာသစ်များ နေ့စဉ်တွေ့ရှိနေရ၍ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများအပြင် ကုသရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေး ကာကွယ်၊ ထိန်းချုပ်ရန် အထူးလိုအပ်လျက်ရှိပါ၍ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း နေထိုင်သူများနှင့် နေပြည်တော်ပြင်ပမှ ဝင်ရောက်လာသူများ၊ ကုန်တင်ယာဉ်များ၊ ခရီးသည်တင်ယာဉ်များအနေဖြင့် အောက်ပါအတိုင်း သိရှိလိုက်နာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် အသိပေးကြေညာအပ်ပါသည်–

(က) နေပြည်တော်ပြင်ပမှ ဝင်ရောက်လာသူများအား နေပြည်တော်လေဆိပ်၊ ရထားဘူတာများနှင့် မြို့ဝင်/ထွက် စစ်ဆေးရေးဂိတ်များဖြစ်သော ညောင်လွန့်စစ်ဆေးရေးဂိတ်၊ အမှတ်(၅) လမ်းဆုံစစ်ဆေးရေးဂိတ်၊ ကင်းသာစစ်ဆေးရေးဂိတ်၊ တောင်စဉ်အေး စစ်ဆေးရေးဂိတ်၊ စီလမ်းဆုံစစ်ဆေးရေးဂိတ်၊ ပန်းတင်စစ်ဆေးရေးဂိတ်တို့တွင် နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အုပ်ချုပ်ရေး၊ လုံခြုံရေးအဖွဲ့များ ပါဝင်သော ပူးပေါင်းအဖွဲ့များမှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ကျန်းမာရေးစစ်ဆေးဆောင်ရွက်ခြင်း။

(ခ) နေပြည်တော်ပြင်ပမှ ဝင်ရောက်လာသူများအား အထက်ပါနေရာများတွင် ကိုယ်အပူချိန်တိုင်းတာခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းနှင့် လိုအပ်ချက်ရှိက RDT Test Kit ဖြင့် စစ်ဆေးခြင်း၊ ခရီးသွားပြည်သူများ အမည်၊ နေရပ်လိပ်စာ၊ ခရီးသွားရာဇဝင်နှင့် တယ်လီဖုန်းနံပါတ်များအား မှတ်တမ်းရေးသွင်းရေး ဆောင်ရွက်ခြင်း။

(ဂ) Stay at Home သတ်မှတ်ထားသော မြို့နယ်များမှ ဝင်ရောက်လာသူများအား Facility Quarantine Center များအဖြစ် နေပြည်တော်စည်ပင်ညှော်ရိပ်သာ (၂)၊ နယူးရောဟိုတယ်နှင့် ဇမ္ဗူသီရိဟိုတယ်တို့တွင် (၁၀)ရက်အသွားအလာကန့်သတ်ထားရှိပြီး (၃)ရက်မြောက်နေ့တွင် RDT Test Kit ဖြင့် ပထမအကြိမ်၊ (၇)ရက်မြောက်နေ့တွင် RT–PCR ဖြင့် ဒုတိယအကြိမ်၊ စုစုပေါင်း(၂)ကြိမ် စစ်ဆေးခြင်း။

(ဃ) ခရီးသွားပြည်သူများ၏ ပါးစပ်နှင့် နှာခေါင်းစည်း (Mask) များ စနစ်တကျ တပ်ဆင်နိုင်ရေး၊ တစ်ဦးနှင့်တစ်ဦး (၆)ပေအကွာမှ နေထိုင်ရေးတို့အား ပညာပေးကြီးကြပ်ကြပ်မတ်ဆောင်ရွက်ခြင်း။

(င) Facility Quarantine Center များနှင့် စစ်ဆေးရေးဂိတ်များတွင် COVID–19 Positive လူနာများ တွေ့ရှိပါက နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀) (ပြင်းထန်လူနာ)၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၃၀၀)၊ ပုဗ္ဗသီရိမြို့နယ်ပြည်သူ့ဆေးရုံ (ခုတင် ၅၀ ဆံ့)၊ ဒက္ခိဏသီရိမြို့နယ်ပြည်သူ့ဆေးရုံ (ခုတင် ၅၀ ဆံ့) တို့သို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေခြင်း။

(စ) COVID–19 ရောဂါပိုးတွေ့ရှိသူနှင့် ထိတွေ့ခဲ့သော Contact Person များကို ဇေယျာသီရိမြို့နယ် ပြည်သူ့ဆေးရုံ (ခုတင် ၅၀ ဆံ့)နှင့် ဥတ္တရသီရိမြို့နယ် ပြည်သူ့ဆေးရုံ (ခုတင် ၅၀ ဆံ့)များသို့ ပို့ဆောင်၍ သွားလာမှုကန့်သတ်ဆောင်ရွက်ခြင်း။

(ဆ) စည်းကမ်းဖောက်ဖျက်သော ယာဉ်မောင်းများအား တည်ဆဲဥပဒေနှင့်အညီ အရေးယူခြင်း၊ ကုန်စည်ပို့ဆောင်ရေး မော်တော်ယာဉ်နှင့် ခရီးသည်တင်ယာဉ်များကို နေပြည်တော်အတွင်းသို့ ထပ်မံလာရောက်ခွင့် ပိတ်ပင်ဆောင်ရွက်ခြင်း။

(ဇ) ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း COVID–19 ရောဂါ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ပြည်သူများအကျိုးကိုရှေးရှု၍ ပြည်သူများအကြားတွင် ရောဂါကူးစက်မှုအဆင့်ဆင့် ဆက်လက်မဖြစ်ပေါ်စေရေးအတွက် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း နေထိုင်သူများနှင့် နေပြည်တော်ပြင်ပမှ ဝင်ရောက်လာသူများအနေဖြင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ကြရန်နှင့် လိုက်နာမှုမရှိပါက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်း။

၂။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် COVID–19 ရောဂါ ပြန့်ပွားမှုထိန်းချုပ်ခြင်း လုပ်ငန်းများကို အမျိုးသားရေးအသွင်အဖြစ် မှတ်ယူပြီး လမ်းညွှန်ချက်များ၊ တားမြစ်ကန့်သတ်ချက်များကို ဤအသိပေးပန်ကြားချက် ထုတ်ပြန်သည့်နေ့မှစ၍ လိုက်နာဆောင်ရွက်သွားရန် အသိပေးပန်ကြားအပ်ပါသည်။

**နေပြည်တော်ကောင်စီ Coronavirus Disease 2019 (COVID–19)**
**ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

---

*စာမျက်နှာ ၈ မှ*

အဲဒါနဲ့ ကျွန်တော်လည်း အဘွားမီးလောင်တဲ့အထဲပါမှာစိုးလို့ အဘွားကို ကုန်းပိုးပြီးတော့ စာသင်ကျောင်းလမ်းအတိုင်း ခေါ်လာပါတယ်။ ခေါ်လာတဲ့အချိန် စာသင်ကျောင်းရဲ့ လမ်းတစ်ဖက်မှာ တိုက်အိမ်အသစ်လေး ရှိပါတယ်။ တိုက်အိမ်အသစ်လေးရဲ့ အောက်ထပ်မှာ အဘွားကို ကျွန်တော်တို့ ထားပေးခဲ့ပါတယ်။

**ကင်းမရွာ မီးလောင်မှု ဖြစ်စဉ်တွင် အဘိုးအဘွားများအား ကယ်တင်ခဲ့သူ ရဲတပ်သား ထက်ဦးနိုင်၏ ပြောကြားချက်**

ကျွန်တော်ကတော့ အမှတ် (၃၅) လုံခြုံရေး ရဲတပ်ဖွဲ့ ရဲတပ်သား ထက်ဦးနိုင် ဖြစ်ပါတယ်။ ဇွန် ၁၅ ရက် မွန်းလွဲ ၁ နာရီခွဲအချိန်ခန့်မှာ ကျွန်တော်အပါအဝင် အမှတ် (၃၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဒုရဲအုပ် ရာဇာကို ဦးစီး ၁+ ၁၆ ဦးဟာ နယ်မြေလုံခြုံရေး ဆောင်ရွက်ဖို့အတွက် ပခုက္ကူ ခရိုင်ရဲတပ်ဖွဲ့မှူးနဲ့ ပူးပေါင်းဖို့ ကျွန်တော်တို့ ကားနှစ်စီး ထွက်ခွာခဲ့ပါတယ်။ ကျွန်တော်တို့ ပေါက်မြို့နယ်၊ ကင်းမရွာကို ညနေ ၄ နာရီခွဲအချိန်လောက်မှာ ရောက်ရှိပါတယ်။ ကျွန်တော်တို့ရှေ့က ရောက်ရှိနေတဲ့ တပ်ဖွဲ့ဝင်များရဲ့ ပြောပြချက်အရ သူတို့အဖွဲ့နဲ့ PDF အဖွဲ့ တိုက်ပွဲဖြစ်ပွားနေတယ်။ PDF အဖွဲ့က မနိုင်တဲ့အတွက် ရွာကို မီးရှို့ပြီး ထွက်ပြေးသွားတယ်လို့ သိရပါတယ်။

ကျွန်တော်တို့အဖွဲ့နဲ့ ရှေ့ကရောက်ရှိနေတဲ့ အဖွဲ့ပူးပေါင်းပြီး ကျေးရွာထဲမှာ PDF အဖွဲ့ ရှိ/ မရှိ ဝင်ရောက်စစ်ဆေးတဲ့အချိန်မှာ အိမ်တစ်အိမ်ထဲက လူညည်းသံကို ကြားခဲ့တယ်။ အဲဒါကြောင့်ကျွန်တော်တို့အဖွဲ့ အိမ်ထဲကို ဝင်ဖို့ကြိုးစားတဲ့အခါမှာ တံခါးတွေက သွပ်ကြိုးတွေနဲ့ တုပ်ထားတာကြောင့် ကျွန်တော်တို့လည်း သွပ်ကြိုးတွေကို ဆွဲဖြုတ်ပြီး အိမ်ထဲမှာ အသက် ၈၀ ကျော်လောက်ရှိပြီး လမ်းမလျှောက်နိုင်တဲ့ အဘွားတစ်ယောက်ကို တွေ့တယ်။ ကျွန်တော်နဲ့ အတူပါတဲ့ သူငယ်ချင်းတွေက အဘွားရဲ့ အထုပ်တွေ၊ ခေါင်းအုံးတွေ၊ ဖျာတွေကိုယူပြီး မီးလွတ်ရာကို ပြေးသွားတယ်။ ကျွန်တော်ကတော့ အဘွားကိုပွေ့ပြီး မီးလွတ်ရာ စာသင်ကျောင်းရဲ့ရှေ့က တိုက်အိမ်လေးကို ကျွန်တော်တို့ သွားထားခဲ့တယ်။ ညနေ ၆ နာရီခွဲ အချိန်လောက်ရောက်တော့ မီးကလည်း ငြိမ်စပြုလာပြီ၊ ကျွန်တော်တို့လည်း ကင်းမရွာက ထွက်လာခဲ့တယ်။

ဖမ်းဆီးရမိသူ စိုးဝင်းကျော်၏ ထွက်ဆိုချက်အရ ကင်းမကျေးရွာအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သူမှာ ၎င်းကျေးရွာ၏ကျေးရွာကာကွယ်ရေး PDF အဖွဲ့အမည်ခံ အကြမ်းဖက်အဖွဲ့များသာ ဖြစ်ကြောင်း စုံစမ်းသိရှိရပြီး ဖမ်းဆီးရမိထားသူ စိုးဝင်းကျော်နှင့် ချစ်မောင်မောင်တို့အား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကာ လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ခဲ့မှုနှင့် ကျေးရွာအား မီးရှို့မှုဖြစ်စဉ်များတွင် ပူးပေါင်းပါဝင်ပတ်သက်သူ အောင်တေဇာစိုး၊ ကင်းမကျေးရွာအုပ်ချုပ်ရေးမှူးဟောင်းဖြစ်သူ ဌေးအောင်နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များအား ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ အန္တရာယ် ပူးပေါင်းကာကွယ်

မျိုးငြိမ်းငယ်

**ပိုးကူးစက်မှု**

ယခုရက်ပိုင်းအတွင်း ကိုဗစ်-၁၉ ပိုးတွေ့ရှိသူနဲ့ သေဆုံးသူဦးရေ မြင့်တက်လာတာကို တွေ့နေရပါတယ်။ ဒါ့အပြင် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းပိုးတွေ့ရှိတဲ့သူ ၁၁ ဦးရှိတယ်လို့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ကြေညာထားပါတယ်။

အဲဒီ ၁၁ ဦးဟာ ကလေးမြို့မှာ တစ်ဦး၊ မြိတ်မြို့မှာ သုံးဦး၊ မန္တလေးမြို့မှာ လေးဦး၊ တမူးမြို့မှာ နှစ်ဦးနဲ့ ရန်ကုန်မှာ တစ်ဦးဖြစ်တယ်လို့ ထုတ်ပြန်ထားပါတယ်။ နိုင်ငံအနှံ့လို့ ဆိုရမှာပါ။ မျိုးရိုးဗီဇကွဲရောဂါပိုး သုံးမျိုး စစ်ဆေးတွေ့ရှိကြောင်းလည်း ဇွန်လ ၁၅ ရက်နေ့က ကြေညာထားပါတယ်။ အဲဒီတွေ့ရှိရတဲ့ မျိုးရိုးဗီဇကွဲပိုး သုံးမျိုးထဲမှာ Alpha နဲ့ Delta တို့ဟာ Variants of concern ဖြစ်ပြီး ရောဂါပိုးကူးစက်နိုင်မှုနဲ့ ထပ်မံကူးစက်ပျံ့နှံ့နိုင်မှု ပိုပြီးမြင့်မားတဲ့အပြင် ဆေးရုံတက်ရောက်နိုင်ခြေနဲ့ သေဆုံးနိုင်ခြေလည်း မြင့်မားနိုင်တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားပါတယ်။ အဲဒီ မျိုးရိုးဗီဇပြောင်းပိုးကို အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ အိန္ဒိယအပြင် အမေရိကန်၊ ပြင်သစ်၊ ဂျာမနီ၊ စပိန်၊ အိုင်ယာလန်နဲ့ ဆွစ်ဇာလန်နိုင်ငံတို့မှာ တွေ့ရှိရတယ်လို့ ဆိုပါတယ်။

အိမ်နီးချင်း ထိုင်းနိုင်ငံမှာ ကိုဗစ်-၁၉ တတိယလှိုင်းဖြစ်လို့ နေ့စဉ် ရောဂါပိုးကူးစက်ခံရသူ ထောင်ချီပြီးတွေ့နေပါတယ်။ အိန္ဒိယနိုင်ငံမှာလည်း လူပေါင်းသိန်းချီပြီး တွေ့နေပါတယ်။ အခုဆို မြန်မာနိုင်ငံမှာ ပိုးကူးစက်မှုမြင့်မားလာတဲ့ လက်ပံတန်းမြို့မှာ အခြေခံပညာကျောင်းတွေကို ဇွန်လ ၁၄ ရက်နေ့က ပိတ်ထားရပါတယ်။ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ထဲမှာလည်း ကူးစက်သူတွေများနေသလို သေဆုံးသူများလည်း ရှိနေပါတယ်။ အခြားမြို့တွေမှာလည်း ကိုဗစ်-၁၉ ပိုးကူးစက်သူတွေ၊ သေဆုံးသူတွေ အခုရက်ပိုင်းအတွင်း နေ့စဉ်ဆိုသလို ပိုမိုမြင့်တက်လာတာဟာ ကိုဗစ်-၁၉ တားဆီးကာကွယ်ရေးအတွက် အချက်ပေးသံတွေပဲ ဖြစ်ပါတယ်။

**ထိန်းချုပ်ကာကွယ်တားဆီးရေး**

ကိုဗစ်-၁၉ ထိန်းချုပ်ကာကွယ်တားဆီးရေးနဲ့ ပတ်သက်လို့ ၂၀၂၀ မတ်လကစပြီး ကာကွယ်တားဆီးရေး၊ ကုသရေးတွေ လုပ်ဆောင်ခဲ့တာပါ။ မတ်လ ၂၃ ရက်နေ့မှာ ကိုဗစ်ပိုးကို ပထမဆုံး စတင်တွေ့ရှိခဲ့ပါတယ်။ ကိုဗစ်-၁၉ ပထမလှိုင်းမှာ လူထုရဲ့ လိုက်နာဆောင်ရွက်မှု၊ ပူးပေါင်းလုပ်ဆောင်မှုတွေ များစွာအားကောင်းခဲ့တာတွေ့ရပါတယ်။ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်တွေ၊ အသိပေးနှိုးဆော်မှုတွေ၊ ကြပ်မတ်မှုတွေနဲ့အညီ လိုက်နာဆောင်ရွက်ခဲ့ကြပါတယ်။

ကိုဗစ်-၁၉ ပထမလှိုင်းမှာ ပိုးကူးစက်မှုနဲ့ သေဆုံးမှုလည်း နည်းပါးခဲ့ပါတယ်။ ၂၀၂၀ မေလ ၂၅ ရက်နေ့အထိ သေဆုံးသူလူနာ ခြောက်ဦးသာရှိခဲ့ပါတယ်။ ဒါပေမယ့် ၂၀၂၀ ဩဂုတ်လ ဒုတိယလှိုင်းဖြစ်ချိန်မှာတော့ မြန်မာနိုင်ငံဟာလည်း အခြားနိုင်ငံများနည်းတူ ပိုးကူးစက်မှုနဲ့ သေဆုံးမှုများခဲ့ပြီး အာဆီယံအတွင်းမှာတောင် မြင့်မားခဲ့ပါတယ်။ ထိန်းချုပ်ရေး၊ ကာကွယ်ရေးနဲ့ ကုသရေးတွေ လုပ်ဆောင်နေပေမယ့် ပြည်သူလူထုရဲ့ လိုက်နာမှုက ပထမလှိုင်းထက်စာရင် လျော့နည်းခဲ့ပါတယ်။

**နိုင်ငံရေးအောက်မှ ထိန်းချုပ်ကာကွယ်ရေး**

ဒီလိုအချိန်မှာ ၂၀၂၀ အထွေထွေရွေးကောက်ပွဲအကြို မဲဆွယ်ပွဲတွေ၊ သွားလာမှုတွေနဲ့ လူထုလှုပ်ရှားမှုတွေမှာ ကိုဗစ်ကာကွယ်ရေး စည်းကမ်းလိုက်နာမှု လွန်စွာအားနည်းခဲ့ပါတယ်။ ကိုဗစ်-၁၉ စည်းကမ်းနဲ့အညီ ရွေးကောက်ပွဲကျင်းပခဲ့တယ်ဆိုပေမယ့် လိုက်နာသူတွေရှိသလို မလိုက်နာတဲ့သူတွေလည်း အများအပြား တွေ့မြင်ခဲ့ရပါတယ်။

ရွေးကောက်ပွဲအနိုင်ရရှိရေးကိုပဲ အဓိကဦးတည်လုပ်ဆောင်ခဲ့တယ်လို့ ဆိုရမှာပါ။ နိုင်ငံတစ်နိုင်ငံအတွက် ရွေးကောက်ပွဲဟာ အရေးကြီးတယ်ဆိုပေမယ့် အဲဒီအချိန်က ကိုဗစ်-၁၉ ကို နိုင်ငံတိုင်းက အလေးထားရင်ဆိုင်ဖြေရှင်းနေရချိန်ဖြစ်ပါတယ်။ ဒါကြောင့် တစ်ကမ္ဘာလုံးမှာ ကိုယ့်နိုင်ငံအခြေအနေအလိုက် ရွေးကောက်ပွဲကျင်းပတဲ့နိုင်ငံတွေရှိသလို ရွေးကောက်ပွဲရွှေ့ဆိုင်းကြတဲ့ နိုင်ငံတွေလည်း ရှိပါတယ်။

၂၀၂၀ ဖေဖော်ဝါရီလ ၂၁ ရက်နေ့ကနေ ၂၀၂၁ ခုနှစ် ဇွန်လ ၁ ရက်နေ့အထိ ကိုဗစ်-၁၉ ကြောင့် နိုင်ငံနဲ့ ဒေသဆိုင်ရာ ရွေးကောက်ပွဲတွေကို ရွှေ့ဆိုင်းခဲ့တာ ၇၈ နိုင်ငံရှိပြီး အနည်းဆုံး ၁၂၂ နိုင်ငံကတော့ နိုင်ငံလုံးဆိုင်ရာနဲ့ ဒေသဆိုင်ရာ ရွေးကောက်ပွဲတွေကို ကျင်းပခဲ့တယ်လို့ IDEA က ဖော်ပြထားပါတယ်။ နိုင်ငံရေးနဲ့ ရောဂါကာကွယ်ရေး ချင့်ချိန်ဆုံးဖြတ်ရမယ့်အချိန်လို့ မြင်မိပါတယ်။ မြန်မာနိုင်ငံမှာတော့ ကိုဗစ်-၁၉ ဒုတိယလှိုင်းဖြစ်နေချိန်မှာပဲ အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့ပါတယ်။

ကိုဗစ် ဒုတိယလှိုင်းနဲ့အတူ ရွေးကောက်ပွဲကြိုကာလနဲ့ ရွေးကောက်ပွဲကာလဖြစ်တဲ့ နိုဝင်ဘာလမှာ ကူးစက်မှုနဲ့ သေဆုံးမှုအများဆုံးဖြစ်တာကို တွေ့ရပါတယ်။ ရွေးကောက်ပွဲပြီးတဲ့နောက်ပိုင်းမှာလည်း ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုတွေ၊ လူစုလူဝေးနဲ့ ကန့်ကွက်ဆန္ဒပြတဲ့သူတွေ၊ ထောက်ခံဆန္ဒပြတဲ့သူတွေနဲ့ ကိုဗစ်စည်းကမ်းတွေကို လိုက်နာတဲ့သူ၊ မလိုက်နာတဲ့သူတွေကို တွေ့ရပါတယ်။

၂၀၂၁ ဖေဖော်ဝါရီလကစပြီး ပိုးစစ်ပေးနိုင်မှု နည်းပါးခဲ့တာကြောင့် ပိုးတွေ့မှုလည်း နည်းပါးခဲ့ပါတယ်။ နိုင်ငံရေးအကျပ်အတည်းဖြစ်လာချိန်မှာ နိုင်ငံရေးလှုပ်ရှားမှုတွေနဲ့ နိုင်ငံရေးအမြတ်ထုတ်လိုမှုတွေကြောင့် ပိုးစစ်ဆေးပေးနိုင်မှုနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ ကျဆင်းခဲ့ပါတယ်။ နိုင်ငံရေးအကျိုးအမြတ်အတွက် လူထုကျန်းမာရေးစနစ်အပေါ် အသုံးချခြင်းဟာ မသမာတဲ့နိုင်ငံရေးလို့ ဆိုရမှာပါ။ လူစုလူဝေးနဲ့ လုပ်ဆောင်နေတာတွေ၊ ကိုဗစ်ကာကွယ်ဆေးမထိုးဖို့ လှုံ့ဆော်တိုက်တွန်းတာတွေ၊ ကျန်းမာရေးဝန်ထမ်းတွေကို CDM ပြုလုပ်ဖို့ တိုက်တွန်းတာ၊ မဲဆွယ်တာ၊ ခြိမ်းခြောက်တာတွေဟာ လွဲမှားတဲ့လုပ်ဆောင်ချက်လို့ ဆိုရမှာပါ။ အဲဒီအတွက် အကျိုးဆက်ကတော့ ကိုဗစ်ကူးစက်မှု ကာကွယ်ထိန်းချုပ်ရေးမှာ အားနည်းခဲ့ရပြီး ယခုဆို ပိုးတွေ့လူနာနဲ့ သေဆုံးမှု ပြန်လည်မြင့်တက်လာခဲ့ပါတယ်။

**နောက်ဆက်တွဲအကျိုးသက်ရောက်မှု**

ကမ္ဘာလုံးချီဖြစ်ပွားတဲ့ ကူးစက်မြန်ကပ်ရောဂါကြောင့် ဖြစ်လာတဲ့အကျိုးဆက်တွေဟာ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များသာမကပါဘူး။ စီးပွားရေးအကျိုးဆက်တွေ၊ ဖွံ့ဖြိုးတိုးတက်မှုတွေ၊ ဆင်းရဲမွဲတေမှုတွေ၊ အလုပ်အကိုင်ရှားပါးမှုတွေအပြင် တစ်ဦးချင်းဝင်ငွေတွေအထိ အကျိုးသက်ရောက်နေတာ ဖြစ်ပါတယ်။ စီးပွားရေးအင်အား၊ ဘဏ္ဍာရေးအင်အားတောင့်တင်းတဲ့ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာတောင် ကိုဗစ်-၁၉ ရဲ့ နောက်ဆက်တွဲအကျိုးဆက်တွေကို ခံစားနေရချိန်မှာ ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ နိုင်ငံတွေအတွက်တော့ ဆိုဖွယ်ရာမရှိပါဘူး။ ဒီတော့ ကိုဗစ်ကူးစက်မှု ထိန်းချုပ်ကာကွယ်ခြင်းနဲ့အတူ စီးပွားရေးပြန်လည်ကောင်းမွန်လာရေး ဆက်လက်လုပ်ဆောင်ကြရဦးမှာပါ။

မြန်မာနိုင်ငံနဲ့ပတ်သက်လို့ ကိုဗစ်-၁၉ အကျိုးဆက်ကြောင့် မြန်မာနိုင်ငံရဲ့ ဆင်းရဲမွဲတေမှုနှုန်း မြင့်မားလာနိုင်တယ်လို့ ယခင်ကတည်းက ခန့်မှန်းခဲ့ကြတာပါ။ ၂၀၀၅ ခုနှစ်က မြန်မာနိုင်ငံရဲ့ ဆင်းရဲမွဲတေမှုနှုန်းဟာ ၄၈ ဒသမ ၂ ရာခိုင်နှုန်းရှိပါတယ်။ ၂၀၁၇ မှာတော့ ဆင်းရဲမှုနှုန်း ၂၄ ဒသမ ၈ ရာခိုင်နှုန်းထိ လျော့ကျခဲ့ပါတယ်။ ဒါပေမယ့် ယခု နိုင်ငံရေးဆိုင်ရာအကျပ်အတည်းနဲ့ ကိုဗစ်ဆိုင်ရာတွေကြောင့် ၂၀၂၂ မှာ မြန်မာနိုင်ငံလူဦးရေရဲ့ တစ်ဝက်လောက်ဟာ ဆင်းရဲမှုကြုံတွေ့လာနိုင်တယ်လို့ UNDP က ခန့်မှန်းထားပါတယ်။

ကိုဗစ်-၁၉ စတင်ဖြစ်ပွားတဲ့ အချိန်ကစပြီး ရပ်ဆိုင်းထားရတဲ့ လုပ်ငန်းတွေ၊ တုံ့နှေးနေတဲ့ လုပ်ငန်းတွေ၊ ပိတ်သိမ်းလိုက်ရတဲ့လုပ်ငန်းတွေဟာ အခုအချိန်အထိ ပုံမှန်အနေအထားကို မရောက်ရှိသေးပါဘူး။ လက်လုပ်လက်စားဘဝတွေ၊ ဝင်ငွေနည်း မိသားစုတွေအတွက် ပုံမှန်ဝင်ငွေရရှိဖို့ များစွာ အခက်အခဲကြုံနေကြရပါတယ်။ ဝင်ငွေလျော့နည်းကျဆင်းလာတဲ့အချိန်မှာ ကုန်ဈေးနှုန်းကြီးမြင့်လာမှုကလည်း တစ်ပူပေါ်နှစ်ပူဆင့်တဲ့ အခြေအနေဖြစ်ဆဲပါ။ သက်ရောက်မှုကြီးမားတဲ့ အကျိုးဆက်တွေပါပဲ။

**တတိယလှိုင်းနှင့် ပူးပေါင်းဆောင်ရွက်မှု**

နိုင်ငံရေးဆိုင်ရာ စိတ်ဝမ်းကွဲမှုတွေ၊ စိန်ခေါ်မှုတွေနဲ့ နိုင်ငံရေးအကျပ်အတည်းကာလမှာ ကူးစက်မြန်ပြီး သေဆုံးမှုမြင့်မားတဲ့ မျိုးရိုးဗီဇပြောင်းကိုဗစ်ပိုးတွေ့ရှိခြင်းဟာ နိုင်ငံအတွက်ရော လူထုအတွက်ပါ ပိုမိုအကျပ်အတည်းဖြစ်စေနိုင်ပါတယ်။ မျိုးရိုးဗီဇပြောင်းပိုးတွေ့နေချိန်မှာတောင်မှ လူစုလူဝေးနဲ့ ဆန္ဒပြမှုတွေဟာ open space မှာ လုပ်ကြတာဖြစ်လို့ ပိုးကူးစက်နိုင်ခြေနည်းတယ်လို့ဆိုတဲ့သူက ဆိုနေပါတယ်။

ကိုယ့်ရဲ့ နိုင်ငံရေးအကျိုးစီးပွားအတွက် လူထုကိုအသုံးချနေခြင်းသာ ဖြစ်ပါတယ်။ ကိုဗစ်ပိုးကတော့ နိုင်ငံရေးအသွေးအရောင်တွေ၊ ဝါဒတွေ၊ လူမျိုးတွေ၊ ဘာသာတွေ၊ အသက်အရွယ်တွေ၊ ဆင်းရဲချမ်းသာတွေ မခွဲခြားပါဘူး။ ကမ္ဘာ့အနှံ့အပြားမှာ ပိုးကူးစက်မှုတွေ ဖြစ်နေတာပါ။ ကိုဗစ်ကာကွယ်ရေးစည်းကမ်း မလိုက်နာသရွေ့ ပိုးကူးစက်နိုင်ခြေရှိနေမှာ သေချာပါတယ်။

နိုင်ငံရေးဟာ နိုင်ငံ့အကျိုးစီးပွား၊ လူထုအကျိုးစီးပွားအတွက် တစ်နည်းအားဖြင့် အမျိုးသားအကျိုးစီးပွားအတွက် ပြည်သူလူထုကိုယ်စားလုပ်ဆောင်ခြင်းလို့ နားလည်ပါတယ်။ ဒါပေမယ့် နိုင်ငံနဲ့ လူထုအကျိုးစီးပွားအတွက်မဟုတ်ဘဲ လူထုကို အသုံးချပြီး ကိုယ်ကျိုးစီးပွားအတွက် လုပ်ဆောင်နေခြင်းဟာ နိုင်ငံရေးလို့ မသတ်မှတ်နိုင်ပါဘူး။ ဒီလိုအချိန်မှာ နိုင်ငံရေးနဲ့ ကိုဗစ်ကပ်ရောဂါကို ခွဲခြားရှုမြင်ကြပြီး တတိယလှိုင်းကို အချိန်မီကာကွယ်ထိန်းချုပ်နိုင်မှသာ ကိုဗစ်ကြောင့်

**❑ ကိုယ့်ရဲ့နိုင်ငံရေး အကျိုးစီးပွားအတွက် လူထုကို အသုံးချနေခြင်းသာ ဖြစ်ပါတယ်။ ကိုဗစ်ပိုးကတော့ နိုင်ငံရေးအသွေးအရောင်တွေ၊ ဝါဒတွေ၊ လူမျိုးတွေ၊ ဘာသာတွေ၊ အသက်အရွယ်တွေ၊ ဆင်းရဲချမ်းသာတွေ မခွဲခြားပါဘူး။ ကမ္ဘာ့အနှံ့အပြားမှာ ပိုးကူးစက်မှုတွေ ဖြစ်နေတာပါ။ ကိုဗစ်ကာကွယ်ရေး စည်းကမ်း မလိုက်နာသရွေ့ ပိုးကူးစက်နိုင်ခြေရှိနေမှာ သေချာပါတယ်**

**✻ ကိုဗစ်တတိယလှိုင်းကို ထိထိရောက်ရောက် ကာကွယ်ဖို့အတွက် ကိုဗစ်စည်းကမ်းတွေ အလေးထားလိုက်နာဖို့လိုသလို ကိုဗစ်ကာကွယ်ဆေးထိုးနှံကြဖို့လည်း လိုပါတယ်။ တစ်ဦးချင်းစီရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ကိုဗစ်တတိယလှိုင်းကို အလေးထားကာကွယ်ကြရမှာပါ။ နိုင်ငံရေးသွေးထိုးလှုံ့ဆော်မှု၊ ဝါဒဖြန့်မှု၊ အသုံးချမှု၊ တိုက်တွန်းမှု၊ ခြိမ်းခြောက်မှုတွေထက် လူသားဘဝလုံခြုံမှုကို ဦးစားပေးလုပ်ဆောင်ကြဖို့ လိုပါလိမ့်မယ်။**

*စာမျက်နှာ ၁၁ သို့*

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (COVID– 19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ ဇွန် ၁၄ ရက်မှ ၁၈ ရက်အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ **ငွေကျပ် ၆၆ ဒသမ ၀၅၀ သန်း** ဖြစ်သည်။ ဇွန် ၁၈ ရက်အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

**COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA–013733 စာရင်း**

| | ငွေကျပ် |
|---|---|
| ၁၄–၆–၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၃၀,၈၀၇,၄၉၄,၆၁၅.၃၉ |
| (+) ၁၄–၆–၂၀၂၁ မှ ၁၈–၆–၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၆၆,၀၅၀,၀၀၀. ၀၀ |
| **၁၈–၆–၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်** | **၃၀,၈၇၃,၅၄၄,၆၁၅.၃၉** |

**COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၁၄–၆–၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၃ |
| (+)၁၄–၆–၂၀၂၁ မှ ၁၈–၆–၂၀၂၁ ရက်နေ့ထိ ရရှိငွေ | – |
| **၁၈–၆–၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်** | **၁၇၈,၁၄၀,၁၄၉.၅၃** |

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ(COVID-19 Vaccination Fund) OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း (၁၄-၆-၂၀၂၁ ရက်နေ့မှ ၁၈-၆-၂၀၂၁ ရက်နေ့ထိ)**

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၁၆-၆-၂၀၂၁ | ၁,၀၅၀,၀၀၀ |
| ၁ | ဦးကျော်သူ (ဟိုပင်မြို့) | ၁,၀၀၀,၀၀၀ |
| ၂ | ဦးစည်သူဆွေ (ရန်ကုန်မြို့) | ၅၀,၀၀၀ |
| | | |
| | ၁၈-၆-၂၀၂၁ | ၆၅,၀၀၀,၀၀၀ |
| ၁ | မြောင်းမြခရိုင်နှင့်မြို့နယ်အလှူရှင်များ (မြောင်းမြမြို့) | ၆၅,၀၀၀,၀၀၀ |
| | | |
| | (၁၄-၆-၂၀၂၁ ရက်နေ့မှ ၁၈-၆-၂၀၂၁ ရက်နေ့ထိ) စုစုပေါင်း | ၆၆,၀၅၀,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

# ပျဉ်းမနားမြို့ မဟာဝိသုတာရာမ မြို့မဈေးကုန်းကျောင်းတိုက် ဦးစီးပဓာနမဟာနာယကဆရာတော် ဘဒ္ဒန္တတေဇောသာရ၏ အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာသဘင် အခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၁၈**

ဘဝနတ်ထံ စံလွန်တော်မူခဲ့သည့် နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ မြို့မဈေးကုန်းကျောင်းတိုက်ကြီး ဦးစီးပဓာနမဟာနာယက၊ အဘိဓမ္မာသင်တန်းနည်းပြချုပ် ဆရာတော် ဘဒ္ဒန္တတေဇောသာရ၏ အန္တိမအဂ္ဂိစျာပန သာဓုကီဠန ပူဇာသဘင် အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ မြို့မဈေးကုန်းကျောင်းတိုက်၌ ကျင်းပသည်။

အဆိုပါ အန္တိမအဂ္ဂိစျာပန သာဓုကီဠန ပူဇာသဘင် အခမ်းအနားသို့ နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ပျဉ်းမနားမြို့ မဟာလယ်တီစံကျောင်း ဆရာတော် ဘဒ္ဒန္တက္ကန္ဒာဝုဓ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ဆွေတော် မျိုးတော်များ၊ တပည့် ဒါယကာ၊ ဒါယိကာမများနှင့် ဝတ်အသင်းအဖွဲ့များ တက်ရောက်ပူဇော်ကြသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များနှင့် ဧည့်ပရိသတ်များက အနိစ္စာဝတသင်္ခါရာ စသောသုံးဂါထာကို ရွတ်ဆိုကာ အခမ်းအနားကို ဖွင့်လှစ်ပြီး ပျဉ်းမနားမြို့ မဟာလယ်တီစံကျောင်း ဆရာတော် ဘဒ္ဒန္တက္ကန္ဒာဝုဓထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် တိုက်အုပ်စာချဆရာတော်နှင့် တပည့်သံဃာတော်များက ပေးပို့သည့် ဝမ်းနည်းကြောင်းသဝဏ်လွှာကို ဂဏဝါစကစာချဆရာတော် ဘဒ္ဒန္တသုဇနက လည်းကောင်း၊ မြို့နယ်သံဃနာယကအဖွဲ့က ပေးပို့သည့် သံဝေဂဝမ်းနည်းကြောင်း သဝဏ်လွှာကို မအူပင်ကျောင်း ဆရာတော် ဘဒ္ဒန္တသောဘိတက လည်းကောင်း၊ ပျဉ်းမနားမြို့နယ် အဘိဓမ္မာပြန့်ပွားရေးအဖွဲ့၏ သံဝေဂ ဝမ်းနည်းကြောင်း သဝဏ်လွှာကို ဒေါ်စိန်မြင့်က လည်းကောင်း ဖတ်ကြားပူဇော်ကြသည်။

ထို့နောက် မဟာဝိသုတာရာမ မြို့မဈေးကုန်းကျောင်းတိုက် ဦးစီးပဓာနမဟာနာယက ဆရာတော်၏ ထေရုပ္ပတ္တိကထာကို ကျွန်းဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တထေရာဝံသက ဖတ်ကြားပူဇော်လျှောက်ထားသည်။

ယင်းနောက် ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို ရှစ်လုံးဘွဲ့ကဗျာဖြင့် ဓမ္မစကြာဝတ်အသင်းအဖွဲ့များက လည်းကောင်း၊ ကုသိုလ်တော်ရိပ်သာ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဇဋ္ဌိလ ရေးစပ်သီကုံး ပူဇော်သော ပစ္ဆိမဝန္ဒနာ ရှစ်ဆယ်ပေါ်တေးထပ်ကို နိုင်ငံတော် ယဉ်ကျေးမှုအဖွဲ့က လည်းကောင်း၊ ပစ္ဆိမဝန္ဒနာဂါထာကို ဇေယျာသီရိမြို့နယ် စည်ပင်သာယာကျောင်းမှ ဘဒ္ဒန္တက္ကန္ဒာစက္ကကလည်းကောင်း အသီးသီး ရွတ်ဖတ်ပူဇော်ကြသည်။

ထို့နောက် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရန်ကုန်မြို့ ဗဟန်းမြို့နယ် နန္ဒဝံလမ်း မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် ဆရာတော် ဘဒ္ဒန္တသီရိကဉ္စနာဘိဝံသထံမှ ဓမ္မသံဝေဂကထာတရား နာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်ကျောင်း ဆရာတော် ဘဒ္ဒန္တဝိလာသက မစ္ဆိမဝန္ဒနာ နောက်ဆုံး တောင်းပန်လွှာကို တပည့်ဒါယကာ၊ ဒါယိကာမများအား တိုင်ကြားပေးတော်မူ၍ အပြစ်ရှိက ခွင့်လွှတ်တော်မူရန် နောက်ဆုံး တောင်းပန်ကန်တော့ကြသည်။

ထို့နောက် မဟာဝိသုတာရာမ မြို့မဈေးကုန်းကျောင်း ဆရာတော် ဘဒ္ဒန္တဝေပုလ္လက ဆရာတော်ကြီးအား စံကျောင်းမဏ္ဍပ်မှ ကရဝိက်ဖောင်တော်သို့ ကြွချီတော်မူပါမည့်အကြောင်း တောင်းပန်လျှောက်ထားသည့် အဘိယာစန နိမန္တနဂါထာတော်ကို ရွတ်ဖတ်ပူဇော်ကာ ဆရာတော်ကြီး၏ရုပ်ကလာပ်တော်အား ကရဝိက်ယာဉ်ပေါ်သို့ အစီအစဉ်အတိုင်း ပင့်ဆောင်ကြပြီး လောင်တိုက်တော် တည်ရှိရာ ပျဉ်းမနားမြို့ဟောင်း ဖောင်တော်ဆွဲ စေတီတော် ဓာတ်ရုံကွင်းသို့ ပင့်ဆောင်ကြသည်။

ဆက်လက်၍ ရုပ်ကလာပ်တော်အား လောင်တိုက်တော်ပေါ်သို့ ကြွချီတော်မူပါမည့် အကြောင်း အဘိယာစန နိမန္တနဂါထာဖြင့် တောင်းပန် လျှောက်ထားပြီး ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား လောင်တိုက်ပေါ်သို့ အစီအစဉ်အတိုင်း ပင့်ဆောင်ကြသည်။ ထို့နောက် အခမ်းအနား တက်ရောက် လာကြသူများက ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုကြသည်။ ယင်းနောက် သံဃာတော် အရှင်သူမြတ်များ ဦးဆောင်၍ အနိစ္စာဝတ သင်္ခါရာ အစချီသော သံဝေဂသုံးဂါထာကို ရွတ်ဆိုပွားများပြီး သာဓုသုံးကြိမ် ခေါ်ဆို၍ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား အဂ္ဂိစျာပနတေဇောဓာတ်ဖြင့် ပူဇော်ခဲ့သည်။

**သတင်းစဉ်**



*စာမျက်နှာ ၁၀ မှ*

ဖြစ်လာနိုင်တဲ့ အကျိုးဆက်တွေကို ကာကွယ်နိုင်ပါလိမ့်မယ်။

ကိုဗစ်တတိယလှိုင်းကို ထိထိရောက်ရောက် ကာကွယ်ဖို့အတွက် ကိုဗစ်စည်းကမ်းတွေ အလေးထားလိုက်နာဖို့လိုသလို ကိုဗစ်ကာကွယ်ဆေးထိုးနှံကြဖို့လည်း လိုပါတယ်။ တစ်ဦးချင်းစီရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ကိုဗစ်တတိယလှိုင်းကို အလေးထား ကာကွယ်ကြရမှာပါ။ နိုင်ငံရေး သွေးထိုးလှုံ့ဆော်မှု၊ ဝါဒဖြန့်မှု၊ အသုံးချမှု၊ တိုက်တွန်းမှု၊ ခြိမ်းခြောက်မှုတွေထက် လူသားဘဝလုံခြုံမှုကို ဦးစားပေး လုပ်ဆောင်ကြဖို့ လိုပါလိမ့်မယ်။

တစ်ဦးချင်းဘဝ လုံခြုံရေးအတွက်သာမက မိမိပတ်ဝန်းကျင်၊ မိမိမြို့ရွာနဲ့ မိမိနိုင်ငံသားအားလုံး ဘဝလုံခြုံဖို့ ဦးစွာလိုအပ်မှာပါ။ ဘယ်လောက်ပဲ ငွေကြေး ချမ်းသာချမ်းသာ၊ ရာထူးအာဏာတွေ ဘယ်လောက်ပဲရှိရှိ၊ ပညာတွေ ဘယ်လောက်ပဲ တတ်တတ် ကျန်းမာရေးမကောင်းရင် ဘာမှ တန်ဖိုးမရှိဘူးဆို သလိုပါပဲ။ ဒါကြောင့် လူတစ်ဦးချင်းစီရဲ့ ကျန်းမာရေး၊ လူထုတစ်ရပ်လုံး ကျန်းမာရေးအတွက် ဦးစားပေးလက်တွဲ ဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။

**အခုလို ကိုဗစ်–၁၉ တတိယလှိုင်းစတင်နေချိန်မှာ နိုင်ငံရေးအသွေးအရောင်တွေ၊ အယူအဆတွေထက် ကိုဗစ်အန္တရာယ်ကာကွယ်ရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ကိုဗစ်အန္တရာယ် ပူးပေါင်းဆောင်ရွက်ခြင်းဟာ ပြည်သူလူထုအကျိုးအတွက် ဆောင်ရွက်ခြင်းဖြစ်လို့ နိုင်ငံရေးလုပ်ဆောင်မှုတစ်မျိုးလို့ ဆိုနိုင်ပါတယ်။ ဒါကြောင့် ကိုဗစ်–၁၉ တတိယလှိုင်းကို ကျော်လွှားနိုင်ဖို့ ပူးပေါင်းလက်တွဲ ဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းလိုပါတယ်။** ။

# အီရန်နိုင်ငံတွင် သမ္မတရွေးကောက်ပွဲအတွက် မဲပေးမှုများစတင်

တီဟီရန် ဇွန် ၁၈

**အီရန်နိုင်ငံတွင် ဇွန် ၁၈ ရက်မှစတင်ကာ သမ္မတရွေးကောက်ပွဲအတွက် မဲပေးမှုများစတင်နေပြီဖြစ်သည်။ အကြိုကောက်ယူထားသည့် စစ်တမ်းများကိုကြည့်လျှင် အမေရိကန်ကို ဆန့်ကျင်သည့်သဘောထား တင်းမာသည့် ရွေးကောက်ပွဲဝင်သူမှာ အခြားသူများထက်ပို၍ လူကြိုက်များနေသည်ကို တွေ့ရသည်။ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ ကနဦး၌ ခုနစ်ဦးရှိသော်လည်း သုံးဦးမှာ ရွေးကောက်ပွဲမှ ထွက်ခွာသွားသည့်အတွက် လေးဦးသာကျန်ရစ်ခဲ့သည်။**



အီရန်ရွေးကောက်ပွဲအရာရှိများ ပြင်ဆင်မှုပြုလုပ်နေသည်ကို တွေ့ရစဉ်။

အဆိုပါလေးဦးမှာ တရားရေးအကြီးအကဲဖြစ်သူ အီဘရာဟင်ရိုင်စီက ထိပ်ဆုံးမှ ဦးဆောင်နေသည်။ ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးဟောင်း အဗ္ဗဒိုနက်ဆာဟမ်မက်တီလည်း သမ္မတရွေးကောက်ပွဲတွင် ပါဝင်ခဲ့သည်။ ၎င်းမှာ ပြုပြင်ပြောင်းလဲရေးသမားဖြစ်ပြီး အီဘရာဟင်ရိုင်စီကမူ အမေရိကန်ကိုဆန့်ကျင်သည့် သဘောထားတင်းမာသူ တစ်ဦးဖြစ်သည်။ အီရန်အပေါ်ထားရှိသည် ပိတ်ဆို့ကန့်သတ်မှုများကို ဖယ်ရှားနိုင်ရေး အချိန်ဖြုန်းတီးမည် မဟုတ်ဟုလည်း ၎င်းက ရွေးကောက်ပွဲမဲ ဆွယ်ကာလတွင် ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရအဖွဲ့သည် နျူကလီးယားသဘောတူညီမှုမှ အမေရိကန်နုတ်ထွက်သွားရန် ပြုလုပ်ခဲ့ပြီးနောက် ၂၀၁၈ခုနှစ်တွင် အီရန်အပေါ် ပိတ်ဆို့ကန့်သတ်မှုများပြုလုပ်ခဲ့သည်။ နျူကလီးယားသဘောတူညီမှုကို ဆက်လက်ရှင်သန်စေရေးအတွက် အမေရိကန်နှင့် အီရန်တို့သည် သွယ်ဝိုက်သော ဆွေးနွေးပွဲများပြုလုပ်နေသည်။

ရိုင်စီသာသမ္မတအဖြစ် ရွေးကောက်ခံရပါက ရှစ်နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် အမေရိကန်နှင့် ပတ်သက်ပြီး သဘောထားတင်းမာသူတစ်ဦး သမ္မတဖြစ်လာမည်ဖြစ်သည်။ သမ္မတဟတ်ဆန်ရိုဟာနီ ချမှတ်ထားသည့်နိုင်ငံခြားရေးမူဝါဒကိုလည်း ပြောင်းလဲသွားမည့်သဘောရှိသည်။ လက်ရှိသမ္မတဟတ်ဆန်ရိုဟာနီသည် အမေရိကန်၊ ဥရောပနိုင်ငံများနှင့် ဆွေးနွေးမှုများပြုလုပ်ရန် နည်းလမ်းများရှာဖွေသူလည်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ပါကစ္စတန်တွင် ကိုဗစ် -၁၉နောက်ထပ်ကူးစက်ခံရသူ ၁၀၄၃ ဦး ထပ်မံတွေ့ရှိ

**အစ္စလာမ္မာဘတ် ဇွန် ၁၈**

ပါကစ္စတန်နိုင်ငံတွင် ဇွန် ၁၇ ရက်က ကိုဗစ် - ၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၀၄၃ဦး ထပ်မံတွေ့ရှိခဲ့သည်ဟု အမျိုးသား ကွပ်ကဲရေးနှင့် ထိန်းချုပ်ရေး စင်တာက ပြောသည်။

အဆိုပါ စင်တာသည် ကိုဗစ်-၁၉ တိုက်ဖျက်ရေးအတွက် ဦးဆောင်နေသည့် အစိုးရဖြစ်ပြီး တစ်နိုင်ငံလုံး အနှံ့ကူးစက်မှုနှုန်းမှာ ၉၄၆၂၂၇ဦးရှိပြီး ပြန်လည်ကျန်းမာလာသူ ၈၈၈၅၀၅ဦးရှိသည်ဟု အမျိုးသားကွပ်ကဲရေးနှင့် ထိန်းချုပ်ရေးစင်တာက ပြောသည်။



ပန်ဂျပ်ပြည်နယ်တွင် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးရန် စောင့်ဆိုင်းနေကြသူများကို တွေ့ရစဉ်။

လက်ရှိတွင် ကုသမှုခံယူနေရသူ အရေအတွက်မှာလည်း ၃၅၈၀၉ဦးရှိပြီး စိုးရိမ်ရသည့် အခြေအနေရှိသူ ၂၄၁၃ဦးရှိသည်ဟု သိရသည်။ ဇွန် ၁၇ရက်အတွင်း ကပ်ရောဂါကြောင့် သေဆုံးသူ ၃၉ ဦးရှိပြီး သေဆုံးသူ စုစုပေါင်းမှာ ၂၁၉၁၃ ဦးရှိသည်။

ပါကစ္စတန် အရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်တွင် ကိုဗစ် - ၁၉ အဆိုးဆုံးခံစားရသည့် ဒေသဖြစ်ပြီး ကူးစက်ခံရသူပေါင်း ၃၄၄၆၄၁ ဦးရှိသည်။

သေဆုံးသူ အရေအတွက်မှာမူ ၁၀၆၀၃ဦးရှိသည်။ တောင်ပိုင်း ဆင်းဒ်ပြည်နယ်တွင်မူ ကူးစက်မှုပေါင်း ၃၃၀၅၅၂ဦးရှိပြီး သေဆုံးသူ ၅၃၀၆ ဦးရှိသည်ဟု သိရသည်။

**ဆင်ဟွာ**

# အမေရိကန်တွင် ပစ်ခတ်မှုများကြောင့် တစ်ဦးသေဆုံးပြီး ၁၂ဦး ဒဏ်ရာရ

**လော့စ်အိန်ဂျလိစ် ဇွန် ၁၈**

အမေရိကန်ပြည်ထောင်စု အရီဇိုးနားပြည်နယ် ဖီးနစ်မြို့ပြရေိယာ တစ်ဝိုက်တွင် ဇွန် ၁၇ ရက် မွန်းလွဲပိုင်းက ဆက်တိုက်ပစ်ခတ်မှုများကြောင့် လူတစ်ဦးသေဆုံးကာ ၁၂ဦး ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။ သံသယရှိသူကို ရဲများက ဖမ်းဆီးထားကြောင်းလည်း သိရသည်။

စုံစမ်းစစ်ဆေးမှုကို ဦးဆောင်နေသည့်ရဲဌာန၏ ပြောကြားချက်အရ ပစ်ခတ်မှုမှာ ဖီးနစ်မြို့နေရာ ရှစ်ခုတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တစ်နာရီခွဲကြာမြင့်သည်ဟု သိရသည်။ သံသယရှိသူကို မီးပွိုင့်တွင် တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ရဲများနှင့် အခင်းဖြစ်ပွားမှု မရှိဘဲ လက်နက်ချခဲ့သည်ဟု ရဲဌာနက ပြောသည်။ ယခုအချိန်အထိ သံသယရှိသူ၏ လှုပ်ရှားမှုများကို ဆက်လက်စုံစမ်းဆဲဖြစ်သည်ဟု သိရသည်။

**ဆင်ဟွာ**



အခင်းဖြစ်ပွားရာနေရာတွင် ရဲများ စုံစမ်းစစ်ဆေးမှု ပြုလုပ်နေစဉ်။

# အာဖရိကနိုင်ငံများတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး သန်း ၆၀ ရရှိထား

**အဒစ္စအာဘာဘာ ဇွန် ၁၈**

အာဖရိကနိုင်ငံများတွင် ယခုအချိန်အထိ ကိုဗစ် - ၁၉ ကာကွယ်ဆေး ၅၉ ဒသမ ၉ သန်းရရှိထားသည်ဟု အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ ( အာဖရိက စီဒီစီ )က ဇွန် ၁၇ ရက်တွင် ပြောသည်။

အာဖရိကစီဒီစီသည် အာဖရိကသမဂ္ဂ ကျန်းမာရေးဆိုင်ရာ အေဂျင်စီဖြစ်ပြီး လက်ရှိတွင် အာဖရိကရှိ လူဦးရေ ၀ ဒသမ ၇၉ ရာခိုင်နှုန်းမှာ ကိုဗစ် - ၁၉ ကာကွယ်ဆေး အပြည့်အဝထိုးပြီးပြီ ပြောသည်။

မော်ရိုကို၊ အီဂျစ်၊ နိုင်ဂျီရီးယား၊ အီသီယိုပီးယားနှင့် တောင် အာဖရိကတို့တွင်မူ ကိုဗစ် -၁၉ ကာကွယ်ဆေးကို အများအပြား ထိုးပေးနိုင်ခဲ့သည်။

ဇွန် ၁၇ ရက်အထိ အာဖရိကတွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူ အရေအတွက်မှာ ၅၁၀၈၈၉၀ ရှိပြီး သေဆုံးသူ ၁၃၆၀၃၀ ရှိသည်။ ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာ ၄၅၅၈၄၃၅ ဦးရှိသည်ဟု အာဖရိက စီဒီစီ၏ အချက်အလက်များအရ သိရသည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီသီယိုပီးယားနှင့် အီဂျစ်နိုင်ငံတို့မှာ အာဖရိက တစ်လွှားကူးစက်မှု အမြင့်ဆုံးနိုင်ငံများဖြစ်သည်ဟု အာဖရိကစီဒီစီ၏ အချက်အလက်များအရ သိရသည်။

**ဆင်ဟွာ**

# အပြည်ပြည်ဆိုင်ရာမှ အထောက်အပံ့များရရှိရေးအတွက် လက်ဘနွန်တပ်ဖွဲ့အကြီးအကဲ တောင်းဆို

**ဘေရွတ် ဇွန် ၁၈**

လက်ဘနွန်နိုင်ငံတွင် စီးပွားရေး အကျပ်အတည်း ဆိုးရွားလျက်ရှိရာ လက်ဘနွန်တပ်ဖွဲ့အတွက် အပြည်ပြည်ဆိုင်ရာမှ အရေးပေါ်အထောက်အပံ့များ ရရှိရေးအတွက် လက်ဘနွန်တပ်ဖွဲ့ အကြီးအကဲဖြစ်သူ တပ်မှူးဂျိုးဆက်အာဝင်က ပြောကြားခဲ့သည်။

တပ်ဖွဲ့အတွင်း အခြေအနေများ ယိုယွင်းမှုကြောင့် အခြေအနေ ကစဉ့်ကလျား ဖြစ်လာနိုင်ကြောင်းနှင့် တိုင်းပြည်တစ်လွှားအခြေအနေ ယိုယွင်းမှုများ ဖြစ်လာနိုင်သည်ဟုလည်း ၎င်းက ဆက်ပြောသည်။ ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အစည်းအဝေးတစ်ခုတွင် ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ အစည်းအဝေးတွင် နိုင်ငံပေါင်း ၂၀မှ တက်ရောက်ခဲ့ကြပြီး ကုလသမဂ္ဂကလည်း အဆိုပါ အစည်းအဝေးကို ထောက်ခံခဲ့သည်။

**ဆင်ဟွာ**

# အရှေ့တောင်အာရှနိုင်ငံများတွင် ကိုဗစ်– ၁၉ လှိုင်းများ ထပ်မံရိုက်ခတ်

**ဟောင်ကောင် ဇွန် ၁၈**

အရှေ့တောင်အာရှနိုင်ငံများတွင် ကိုဗစ်– ၁၉ လှိုင်းဂယက်များ ထပ်မံရိုက်ခတ်မှုနှင့်အတူ သေဆုံးမှုများလည်း ရှိလာခဲ့သည်။

### အင်ဒိုနီးရှား

အင်ဒိုနီးရှားနိုင်ငံတွင် နေ့စဉ် ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးဖြစ်နေကြောင်း သတင်းဖော်ပြချက်နှင့်အတူ အရှေ့တောင်အာရှနိုင်ငံအတော်များများတွင် နောက်ထပ်ကိုဗစ်– ၁၉ လှိုင်းများ ထပ်မံရိုက်ခတ်လျက်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်– ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၂၉၉၀ ဦး ရှိခဲ့ပြီး ကိုဗစ်– ၁၉ ကူးစက်မှုအမြင့်ဆုံး ဖြစ်ခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားသူပေါင်းမှာ ၁၉၆၃၂၆၆ ဦး ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ကိုဗစ်– ၁၉ ဖြင့် သေဆုံးသူ ၂၉၀ ဦး တိုးလာသောကြောင့် စုစုပေါင်း ကိုဗစ်– ၁၉ ဖြင့် သေဆုံးသူ ၅၄၀၄၃ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

### ကမ္ဘောဒီးယား

ကမ္ဘောဒီးယားနိုင်ငံတွင် ကိုဗစ်– ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၇၉၉ ဦးရှိပြီး ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိရာ နိုင်ငံအတွင်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူစုစုပေါင်း ၄၁၅၈၁ ဦးအထိ တိုးလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။



လာအိုနိုင်ငံ ဗီယန်ကျင်းတွင် ဆီနိုဖမ်း တရုတ်ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးရန် စာရင်းပေးသူများကို ကျန်းမာရေးဝန်ထမ်းများက စာရင်းရေးသွင်းနေသည်ကို တွေ့ရစဉ်။

ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားမှုများတွင် ၇၀၂ ဦးမှာ ပြည်တွင်းကူးစက်မှုများဖြစ်ပြီး ၉၇ ဦးမှာ ပြည်ပကူးစက်မှုဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်သတင်းထုတ်ပြန်ထားသည်။

### ထိုင်း

ထိုင်းနိုင်ငံ မြို့တော် ဗန်ကောက်နှင့် တခြားပြည်နယ်သုံးခုရှိ စားသောက်ဆိုင် ဝန်ဆောင်မှုလုပ်ငန်းများကို နောက်ထပ်ဖြေလျှော့မှုများလုပ်ရန် ကြေညာခဲ့သည်။ ထိုင်းအစိုးရသည် ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားမှုနှင့် စီးပွားရေး ဖြေလျှော့မှုများကြား ထိန်းညှိလုပ်ဆောင်ရန် ကြိုးစားလျက်ရှိသည်။

### ဖိလစ်ပိုင်

ဖိလစ်ပိုင် ကျန်းမာရေးဝန်ကြီးဌာနက နောက်ထပ် ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားသူ ၆၈၃၃ ဦး ရှိကြောင်း သတင်းဖော်ပြမှုနှင့်အတူ နိုင်ငံတစ်ဝန်း ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားသူပေါင်းမှာ ၁၃၄၆၂၇၆ ဦးအထိ ရောက်ရှိလာခဲ့သည်။ ကိုဗစ်– ၁၉ ကြောင့် နောက်ထပ် ၁၁ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်– ၁၉ ကြောင့် သေဆုံးသူပေါင်း ၂၃၃၈၅ ဦးအထိ ရောက်ရှိလာခဲ့သည်။



အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ဆေးဘက်ဆိုင်ရာဝန်ထမ်းတစ်ဦးက ဆရာဝန်တစ်ဦးကို ဆီနိုဗက် ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးပေးရန် ပြင်ဆင်နေသည်ကို တွေ့ရစဉ်။

### လာအို

လာအိုနိုင်ငံသို့ ဝင်ရောက်သူ မည်သူမဆို အကယ်၍ ကာကွယ်ဆေးနှစ်ကြိမ်ထိုးခဲ့သူဖြစ်သည့်တိုင်အောင် ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စံနှုန်းများကို လိုက်နာရမည်ဖြစ်ကြောင်း လာအို ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

### ဗီယက်နမ်

ဗီယက်နမ်နိုင်ငံတွင် ဇွန် ၁၇ ရက်က ကိုဗစ်– ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၁၅ ဦးရှိကြောင်း သတင်းထုတ်ပြန်ဖော်ပြခဲ့ပြီး လွန်ခဲ့သောနှစ် ကိုဗစ်– ၁၉ စတင်ဖြစ်ပွားချိန်မှစကာ နိုင်ငံအတွင်း နေ့စဉ် ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးဖြစ်ခဲ့သည်။

### အာဖဂန်နစ္စတန်

အာဖဂန် ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်– ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၆၇၇ဦး ရှိကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူပေါင်းမှာ ၁၀၀၅၂၁ ဦး အထိ ရောက်ရှိလာခဲ့သည်။ လွန်ခဲ့သောနှစ် ဖေဖော်ဝါရီမှစကာ ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ၄၀၃၀ ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ဖော်ပြချက်အရ သိရသည်။

ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားမှုများ မြင့်နေသည့်ကြားက အာဖဂန်နစ္စတန်သည် လေးခုမြောက် ကိုဗစ်– ၁၉ ဆေးရုံကြီးကို မြို့တော် ကဘူးလ်တွင် ဖွင့်လှစ်ခဲ့ကြောင်း အာဖဂန်ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။

### အိန္ဒိယ

အိန္ဒိယနိုင်ငံ၏ ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားသူ ၆၂၄၈၀ ဦးထပ်တိုးလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားသူ ၂၉၇၆၂၇၉၃ ဦးဖြစ်လာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ထို့အပြင် ကိုဗစ်–၁၉ ကြောင့် ၁၅၈၇ ဦး ထပ်မံသေဆုံးခဲ့မှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၃၈၃၄၉၀ ဦးအထိ ရောက်ရှိလာခဲ့သည်။

အိန္ဒိယဝန်ကြီးချုပ် နာရိန်ဒရာမိုဒီက ဒုတိယ ကိုဗစ်လှိုင်း ဆက်လက်ဖြစ်ပွားနေစဉ်အတွင်း ကိုဗစ်–၁၉ ရှေ့တန်းကျန်းမာရေးလုပ်သားများအတွက် ရက်တိုသင်တန်းတစ်ခုပေးခဲ့သည်။

### ပါကစ္စတန်

ပါကစ္စတန်နိုင်ငံတွင် ဇွန် ၁၇ ရက်က ကိုဗစ်– ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၀၄၃ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၉၄၆၂၂၇ ဦးအထိ ရောက်ရှိလာခဲ့သည်။

### တောင်ကိုရီးယား

တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်– ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၀၇ ဦး တိုးလာသောကြောင့် စုစုပေါင်းကိုဗစ်– ၁၉ ဖြစ်ပွားသူ ၁၅၀၂၃၈ ဦး တိုးလာခဲ့သည်။ နေ့စဉ် ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားသူ ၅၀၀ ကျော်ခဲ့သည်မှာ သုံးရက်မြောက်ရှိပြီဖြစ်သည်။

### ဖီဂျီ

ဖီဂျီတွင်လည်း လွန်ခဲ့သော ၂၄ နာရီက ကိုဗစ်– ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၁၅ ဦးရှိခဲ့ပြီး တစ်ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဂျိမ်းစ်ဖောင့်က ပြောသည်။

### နယူးဇီလန်

နယူးဇီလန်နိုင်ငံတွင် သီးသန့်ခွဲခြား စောင့်ကြည့်နေသူတစ်ဦး ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားခဲ့ပြီး နောက်ထပ် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ မရှိသေးကြောင်း သိရသည်။

**ဆင်ဟွာ**

# ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားမှု ၄၀၈ ရက်တိုင်တိုင်မရှိခဲ့သည့် ဘရူနိုင်းနိုင်ငံတွင် ကိုဗစ်– ၁၉ ကူးစက်သူ တစ်ဦးတွေ့ရှိ

ဘန်ဒါဆီရီဘီဂါဝန် ဇွန် ၁၈

**ဘရူနိုင်းနိုင်ငံတွင် ဇွန် ၁၈ ရက်က ကိုဗစ်– ၁၉ ထပ်မံဖြစ်ပွားသူတစ်ဦးရှိခဲ့ပြီး နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားသူ ၂၅၂ ဦးရှိခဲ့သည်။**

ဘရူနိုင်းကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ စင်ကာပူနိုင်ငံမှတစ်ဆင့် အင်ဒိုနီးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ အသက် ၂၉ နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးတွင် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားနေကြောင်းတွေ့ရှိခဲ့သည်။

သို့သော်လည်း ၎င်းတွင် ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားနေသည့် လက္ခဏာမရှိကြောင်း သိရသည်။

ကိုဗစ်– ၁၉ စုံစမ်းစစ်ဆေးမှုများနှင့် ခြေရာခံမှုများအရ ၎င်းနှင့် နီးကပ်သူ ၁၂ ဦး ရှိခဲ့ကြောင်း တွေ့ရှိခဲ့ပြီး ၎င်းတို့ကို လေယာဉ်ဆိုက်ရောက်ချိန် ကတည်းက သီးသန့် ခွဲခြားစောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

လက်ရှိ ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားသူကို အမျိုးသားသီးသန့် ခွဲခြား စောင့်ကြည့်ရေးဌာနတွင် စောင့်ကြည့်လျက်ရှိကြောင်း သိရပြီး ၎င်းမှာ အခြေအနေတည်ငြိမ်လျက်ရှိသည်။

ဘရူနိုင်းနိုင်ငံသည် ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားမှု မရှိခဲ့သည်မှာ ၄၀၈ ရက် ရှိပြီဖြစ်သည်။

ဘရူနိုင်းနိုင်ငံတွင် ကိုဗစ်– ၁၉ ကြောင့်သေဆုံးသူ သုံးဦးရှိခဲ့ပြီး ၂၄၃ ဦးပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



ဘရူနိုင်းနိုင်ငံမြို့တော် ဘန်ဒါဆီရီဘီဂါဝန်၌ ကိုဗစ်– ၁၉ ရှေ့တန်းတိုက်ပွဲဝင် သူရဲကောင်းတစ်ဦးကို ပထမအကြိမ် ဆီနိုဖမ်းကိုဗစ်–၁၉ ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။

# ဥရောပတွင် ကိုဗစ်-၁၉ ကန့်သတ်ချက် ဖြေလျှော့မှုများ ပြုလုပ်နေသော်လည်း အာဖရိကတွင်မူ ကိုဗစ်-၁၉ ကူးစက်မှုများ ဆက်လက်များပြားဆဲဖြစ်

ကေကေစိုး

**အာဖရိကတစ်လွှားတွင် ကူးစက်မှုနှုန်းမြင့်သည့် ဗီဇပြောင်းကိုဗစ်-၁၉ ဖြစ်ပွားမှုများပြားနေသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဇွန် ၁၇ ရက်တွင် ပြောကြားခဲ့သည်။ ထိုစဉ် ဥရောပတစ်လွှားတွင်မူ ကပ်ရောဂါနှင့်ပတ်သက်သည့် ကန့်သတ်ချက်များကို ဖြေလျှော့ပေးမှုများ ပြုလုပ်လျက်ရှိသည်။**



ပြင်သစ်နိုင်ငံအနောက်ပိုင်းတွင် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်စရာမလိုဘဲ သွားလာနေကြသူများကို တွေ့ရစဉ်။

## ဖယ်ရှားပေးခဲ့

ပြင်သစ်နိုင်ငံတွင် ပါးစပ်၊ နှာခေါင်းစည်းများကို တပ်ဆင်ရမည့် ကန့်သတ်ချက်ကို ပြီးခဲ့သည့်နှစ် ဆောင်းဦးရာသီမှစ၍ ပထမဆုံး အကြိမ်အဖြစ် ဖယ်ရှားပေးခဲ့သည်။ ထို့ကြောင့် ပြင်သစ်နိုင်ငံမှ ပြည်သူများအနေဖြင့် လွတ်လွတ်လပ်လပ်နေရခြင်း၏ အရသာကို ခံစားနေရပြီဖြစ်သည်။ ပါရီမြို့ရှိ ဒစ္စနေးဥယျာဉ်ကိုလည်း ရှစ်လနီးပါးကြာ ပိတ်ထားပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ပြန်လည်ဖွင့်လှစ်ခွင့်ရပြီဖြစ်သည်။ ဩစတြီးယားတွင်မူ ဇူလိုင်လမှစတင်ကာ ပါတီတက်သူများအတွက် နိုက်ကလပ်များကို ပြန်လည်ဖွင့်လှစ်ခွင့်ပေးတော့မည်ဟု ကြေညာခဲ့သည်။

## ဖြေလျှော့ပေးမည်

ထို့ပြင် နယ်စပ်ထိန်းချုပ်ကန့်သတ်မှုများကိုလည်း တဖြည်းဖြည်းချင်း ဖြေလျှော့ပေးမည်ဖြစ်သည်။ အာဖရိကတွင်မူ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၃၅၈၈၅ ဦးရှိပြီး ကူးစက်ခံရသူ ၅၁၀၇၉၃၉ ဦးရှိ သည်ဟု တရားဝင်ဖော်ပြထားသည့် အချက်အလက်များအရ သိရသည်။ အာဖရိကသည် ကိုဗစ်-၁၉ ကူးစက်မှု တတိယအကျော့တွင် ကျရောက်နေသည်။ ကူးစက်မှုများမှာလည်း ပုံမှန်ဖြစ်ပွားနေသည့်အတွက် လူတိုင်းလူတိုင်းအတွက် အရေးပေါ်အခြေအနေဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အာဖရိကဆိုင်ရာ ဒေသတွင်း ညွှန်ကြားရေးမှူး မက်ရှီဒီဆု မိုတီက အွန်လိုင်းမှတစ်ဆင့် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

## ကူးစက်မှုအမြင့်ဆုံးနှင့် ကြုံတွေ့နေရ

လူမှုဝေးကွာအစီအစဉ်များအတိုင်း လိုက်နာမှုမရှိခြင်းနှင့် အခြားသောအကြောင်းအရာများကြောင့် ကူးစက်မှုများ ဆက်လက်များပြားနေခြင်းဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။ ထို့ပြင် ဗီဇပြောင်းကိုဗစ်-၁၉ ၏ ကူးစက်မှုလျင်မြန်မှုနှင့် တောင်အာဖရိက၏ ဆောင်းတွင်းကာလ ရာသီဥတုကြောင့်ဟုလည်း ကုလသမဂ္ဂ ကျန်းမာရေးအေဂျင်စီက ပြောသည်။ အာဖရိကနိုင်ငံ ၂၂ နိုင်ငံတွင် ပြီးခဲ့သည့် သီတင်းပတ်အတွင်း ကူးစက်မှုနှုန်း ၂၀ ရာခိုင်နှုန်း များလာခဲ့သည်။ ကွန်ဂို ဒီမိုကရက်တစ် သမ္မတနိုင်ငံ နမ်မီးဘီးယားနှင့် ယူဂန္ဓာနိုင်ငံတို့တွင် ကိုဗစ်-၁၉ စတင်ကူးစက်သည့် အချိန်မှစတင်ကာ ကူးစက်မှု အမြင့်ဆုံးနှင့် ကြုံတွေ့နေရသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အချက်အလက်များအရ သိရသည်။

## အချက်ပေးသံမြည်လာ

ယင်းအခြေအနေများကြောင့် အာဖရိကတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး အာဖရိကတွင် လျင်မြန်စွာ ထိုးပေးနိုင်ရေး လိုအပ်နေသည်ဟု အချက်ပေးသံမြည်လာခြင်းပင်ဖြစ်သည်ဟု မိုတီက ပြောသည်။ အခြားသော နေရာများတွင် အစိုးရများက ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးမှုများကို အရှိန်အဟုန်မြင့် ဆောင်ရွက်ပေးနေသည့်အတွက် ကန့်သတ်မှုများကို တဖြည်းဖြည်းချင်း ဖယ်ရှားပေးနိုင်လာသည်။ ဇွန် ၁၇ ရက်တွင်လည်း ဂျပန်အစိုးရက အိုလံပစ်အားကစားပြိုင်ပွဲ မကျင်းပမီ တစ်လအလိုတွင် တိုကျို၌ အရေးပေါ်အခြေအနေကာလ ထုတ်ပြန်ထားမှုကို ဖယ်ရှားပေးရန် ထောက်ခံပေးခဲ့သည်။

## ကင်းလွတ်ခွင့်ရတော့မည်

သို့သော်လည်း အားကစားပြိုင်ပွဲများတွင် ပရိသတ်ဝင်ခွင့်ပေးမှုတို့ကိုမူ ကန့်သတ်ချက်များ ထားရှိသွားမည်ဖြစ်သည်။ တိုကျိုတွင် ဧပြီလနှောင်းပိုင်းမှစတင်ကာ အရေးပေါ်အခြေအနေကြေညာခဲ့ခြင်းဖြစ်သည်။ ယင်းအခြေအနေအောက်တွင် စားသောက်ဆိုင်များ၊ ဘားများကို ဆိုင်ဖွင့်ချိန်ကန့်သတ်ခဲ့ပြီး အရက်ရောင်းချသည့်ဆိုင်များကိုလည်း ပိတ်ပင်ထားခဲ့သည်။ ယခုအခါတွင်မူ တိုကျိုတွင် အဆိုပါကန့်သတ်မှုကင်းလွတ်ခွင့် ရရှိတော့မည်ဖြစ်ပြီး ဇွန် ၂၀ ရက်မှစတင်ကာ အခြားသောဒေသ ရှစ်ခုတို့တွင် အဆိုပါကန့်သတ်ချက်များ အဆုံးသတ်တော့မည်ဟု ဂျပန်ဝန်ကြီးချုပ် ဆူဂါယိုရှီဟိဒဲက ကြေညာခဲ့သည်။

## သိသိသာသာကျဆင်း

ဂျပန်တွင် ကိုဗစ်-၁၉ ကူးစက်မှုမှာ မေလလယ်မှစတင်ကာ သိသိသာသာကျဆင်းသွားပြီး ဆေးရုံတက်ရောက်ကုသမှုခံယူရသူ အရေအတွက်မှာလည်း တဖြည်းဖြည်းချင်း ကျဆင်းလာသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ပြင်သစ်နိုင်ငံတွင်လည်း ကိုဗစ်-၁၉ ကူးစက်မှု လျော့ကျလာသည့်အတွက် အာဏာပိုင်များသည် ကန့်သတ်ချက်များကို ဖြေလျှော့ရန် စဉ်းစားခဲ့သည်။ ခရီးသွားရာသီကာလအတွက် မျှော်မှန်းကာ ကန့်သတ်ချက်များကို ဖြေလျှော့ပေးရန် စဉ်းစားပေးခဲ့ခြင်းဖြစ်သည်။ ပြင်သစ်နိုင်ငံတွင် အရွယ်ရောက်ပြီးသူ ၆၀ ရာခိုင်နှုန်းမှာ ကိုဗစ် -၁၉ ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ် ထိုးပေးပြီးဖြစ်သည့်အပြင် အသက် ၁၂ နှစ်အထက်များလည်း ပါဝင်သည်ဟု ပြင်သစ်နိုင်ငံ ကျန်းမာရေးဝန်ကြီး အိုလီဗီယာဗီရန်က ပြောသည်။

## ဆက်လက်ကန့်သတ်ထားဦးမည်

ဩစတြီးယားနိုင်ငံတွင်လည်း အခြေအနေများ မျှော်မှန်းသည်ထက် ပိုမိုကောင်းမွန်လာသည်ဟု ဝန်ကြီးချုပ် ဆီဘတ်စတိန်းကာ့ဇ်က သတင်းထောက်များကို ပြောသည်။ သို့သော်လည်း ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝထိုးမပြီးမချင်း ယုံကြည်မှုမလွန်ကဲကြရန်လည်း ၎င်းက သတိပေးထားသည်။ ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ခြင်းနှင့် လူအချင်းချင်း ခပ်ခွာခွာနေစရာမလိုသည့် ပွဲများတွင် တက်ရောက်ခွင့်ရှိသူ အရေအတွက်ကို ဆက်လက်ကန့်သတ်ထားဦးမည်ဖြစ်သည်။

ဇူလိုင် ၁ ရက်မှစတင်ကာ ညဘက်သတ်မှတ်ချိန်အတွင်း အပြင်မထွက်ရအမိန့်ကို ဖယ်ရှားပေးမည်ဖြစ်သည်။ ကပ်ရောဂါ ဆက်လက်ရှိနေဆဲဖြစ်ပြီး ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ အဆုံးသတ်စေရေး ကာကွယ်ဆေးထိုးကြရန် ဥရောပဆေးအေဂျင်စီက ပြောသည်။

## နှောင့်နှေးကြန့်ကြာဦးမည်

ဥရောပနိုင်ငံအများစုက အက်စ်ထရာဇနီကာနှင့် Johnson & Johnson ကဲ့သို့သော ကိုဗစ်-၁၉ ကာကွယ်ဆေးတို့ကို အသုံးပြုခွင့် ကန့်သတ်မှုများ ပြုလုပ်ပြီးသည့်နောက် ယခုလိုမှတ်ချက်ပေါ်ထွက်ခဲ့ခြင်းဖြစ်သည်။ ဥရောပရှိ အချို့သောနေရာများတွင်မူ ကူးစက်မှုများ ဆက်လက်ရှိနေဆဲဖြစ်သည်။ ပေါ်တူဂီအစိုးရကလည်း သီတင်းပတ်အကုန်တွင် လစ္စဘွန်းမြို့အတွင်း မြို့ပြင်ဝင်ထွက်ခွင့်ကို ပိတ်ပင်ထားကြောင်း ဇွန် ၁၇ ရက်က ကြေညာခဲ့သည်။ ဗြိတိန်နိုင်ငံတွင် ကူးစက်မှုများမှာ ဆက်လက်ရှိနေဆဲဖြစ်သည်။ ဇွန် ၁၇ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၁၀၀၇ ဦးရှိသည်။ ဗြိတိန်အစိုးရသည် ကိုဗစ်-၁၉ ကူးစက်မှုများကြောင့် ယခုသီတင်းပတ်အတွင်း နောက်ထပ် ဖြေလျှော့ပေးမှုများ နှောင့်နှေးကြန့်ကြာဦးမည်ဟု ကြေညာခဲ့သည်။ ဗြိတိန်နိုင်ငံတွင် အလျင်မြန်ကာကွယ်ဆေးထိုးပေးပြီးသည့်နောက် ကိုဗစ်-၁၉ နှင့် ဆက်စပ်ပြီး သေဆုံးမှုနှုန်းမှာမူ သိသိသာသာလျော့ကျခဲ့သည်။ ဇွန် ၁၇ ရက်တွင် သေဆုံးသူ ၁၉ ဦးရှိခဲ့သည်။ ။**ကိုးကား-အေအက်ဖ်ပီ**

**အာဖရိကသည် ကိုဗစ်-၁၉ ကူးစက်မှု တတိယအကျော့တွင် ကျရောက်နေသည်။ ကူးစက်မှုများမှာလည်း ပုံမှန်ဖြစ်ပွားနေသည့်အတွက် လူတိုင်းလူတိုင်းအတွက် အရေးပေါ်အခြေအနေဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အာဖရိကဆိုင်ရာ ဒေသတွင်း ညွှန်ကြားရေးမှူး မက်ရှီဒီဆု မိုတီက အွန်လိုင်းမှတစ်ဆင့် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြား**

## COVID - 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၃၀၁ ဦး တွေ့ရှိ

(၁၈–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၇–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၄,၄၄၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၃၀၁) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၆၆၆,၄၂၇) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၇,၀၆၉) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၀၆) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၃,၄၅၂) ဦး ဆေးရုံမှ ဆင်းခွင့် ရရှိပြီး ဖြစ်ပါသည်။ COVID–19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့ အထိ သေဆုံးသူစုစုပေါင်း (၃,၂၅၁) ဦး ရှိပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၁၈–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၇၃၅) ခု | (၁၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၀) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၄၈) ခု | (၁) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၂၃) ခု | – |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀) | (၇၃) ခု | (၈) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၆၄) ခု | (၁၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၆၂) ခု | (၁၄၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၈၈၈) ခု | (၁၁၅) ဦး |
| **စုစုပေါင်း** | (၄,၄၄၃) ခု | (၃၀၁) ဦး |

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- COVID–19 ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

### ၁၈ - ၆ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၃၇၈၂၁၇ | ၂၈၆၄၁၄၄၃ | ၆၁၆၄၆၁ |
| ၂။ | အိန္ဒိယ | ၂၉၇၉၅၄၅၄ | ၂၈၆၂၇၉၉၈ | ၃၈၄၂၇၅ |
| ၃။ | ဘရာဇီး | ၁၇၇၀၄၀၄၁ | ၁၆၀၇၇၄၈၃ | ၄၉၆၁၇၂ |
| ၄။ | ပြင်သစ် | ၅၇၄၉၆၉၁ | ၅၅၃၆၂၆၃ | ၁၁၀၆၃၄ |
| ၅။ | တူရကီ | ၅၃၅၄၁၅၃ | ၅၂၁၉၇၉၇ | ၄၉၀၁၂ |
| ၆။ | ရုရှား | ၅၂၈၁၃၀၉ | ၄၈၅၀၆၅၉ | ၁၂၈၄၄၅ |
| ၇။ | ဗြိတိန် | ၄၆၁၀၈၉၃ | ၄၂၉၇၇၅၇ | ၁၂၇၉၅၆ |
| ၈။ | အီတလီ | ၄၂၄၉၇၅၅ | ၄၀၂၃၉၅၇ | ၁၂၇၁၉၀ |
| ၉။ | အာဂျင်တီးနား | ၄၂၂၂၄၀၀ | ၃၈၁၈၃၄၆ | ၈၇၇၈၉ |
| ၁၀။ | ကိုလံဘီယာ | ၃၈၅၉၈၂၄ | ၃၅၈၉၈၉၅ | ၉၈၁၅၆ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၈ – ၆ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၉၆၃၂၆၆ | ၁၇၇၉၁၂၇ | ၅၄၀၄၃ |
| ဖိလစ်ပိုင် | ၁၃၄၆၂၇၆ | ၁၂၆၁၁၁၅ | ၂၃၃၈၅ |
| မလေးရှား | ၆၈၅၂၀၄ | ၆၁၅၃၂၆ | ၄၂၇၆ |
| ထိုင်း | ၂၁၀၇၈၂ | ၁၇၆၄၁၀ | ၁၅၇၇ |
| မြန်မာ | ၁၄၇၀၆၉ | ၁၃၃၄၅၂ | ၃၂၅၁ |
| စင်ကာပူ | ၆၂၃၈၂ | ၆၁၉၈၇ | ၃၄ |
| ကမ္ဘောဒီးယား | ၄၁၅၈၁ | ၃၅၉၄၀ | ၃၉၄ |
| ဗီယက်နမ် | ၂၂၄၁၄ | ၄၇၃၃ | ၆၂ |
| လာအို | ၂၀၄၇ | ၁၉၃၁ | ၃ |
| ဘရူနိုင်း | ၂၅၁ | ၂၃၉ | ၃ |



# သတင်းမီဒီယာကျင့်ဝတ်မဲ့စွာ သတင်းများဖော်ပြသည့် CNN နှင့် Reuters သတင်းဌာနများ သတင်းမှန်ပြင်ဆင်ပေးရန်လိုအပ်

နေပြည်တော် ဇွန် ၁၈

**မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကင်းမကျေးရွာမီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ CNN နှင့် Reuters သတင်းဌာနများက ၎င်းကျေးရွာ မီးလောင်မှုတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သယောင် သတင်းမှားများ ရေးသားဖော်ပြ၍ ဇွန် ၁၇ ရက်တွင် ၎င်းတို့၏ သတင်းစာမျက်နှာများ၌ ကျင့်ဝတ်သိက္ခာမဲ့စွာ ရေးသားဖော်ပြခဲ့သည်။**

ဖြစ်စဉ်အမှန်မှာ မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကင်းမကျေးရွာရှိ ဖောက်ခွဲရေးပစ္စည်းများနှင့် လက်လုပ်သေနတ်များ ပြုလုပ် ရောင်းချနေသူများအား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စဉ် ကျေးရွာအနီးအရောက် လက်နက်ကိုင် အကြမ်းဖက်သူများက ပစ်ခတ်တိုက်ခိုက်၍ ကျေးရွာအတွင်းရှိ နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့မှုဖြစ်စဉ်နှင့် ပတ်သက်၍ ဇွန် ၁၆ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုသို့ ကင်းမကျေးရွာရှိ လူနေအိမ်များကို အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးခဲ့မှုနှင့် ပတ်သက်၍ သတင်းမီဒီယာအချို့က လူမှုကွန်ရက်စာမျက်နှာပေါ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် မဟုတ်မမှန် စွပ်စွဲရေးသားနေကြသည်ကို တွေ့ရှိရသည်။


REUTERS World Business Legal Markets Breakingviews Technology Investigations Lifes
June 17, 2021
3:49 AM +0630
Last Updated a day ago
Asia Pacific
Myanmar village burned after fighting; residents blame security forces
4 minute read
Reuters



Myanmar has been gripped by violence and protests since the military overthrew elected leader Aung San Suu Kyi on February 1, returning as the country's outright rulers after a decade of tentative democracy and economic reform.

Related Article: As bombs rain down on Myanmar's hotbeds of rural resistance, tens of thousands flee to the jungle without food or water

The overthrow of Aung San Suu Kyi's government, for alleged electoral violations, sparked protests almost daily in many parts of Myanmar and ignited conflict between the military and rebel groups.

Photographs taken on Wednesday of the aftermath showed a thin haze of smoke above Kin Ma from white embers that smouldered on blackened ground. Burnt planks of wood, sheet metal, bricks and cooking pots were scattered around, with only a few trees left standing. Some images showed animal carcasses.

"Reports that the junta has burned down an entire village in Magway, killing elderly residents, demonstrate once again that the military continues to commit terrible crimes and has no regard for the people of Myanmar," Britain's embassy in Myanmar said on Twitter, quoting its ambassador Dan Chugg.

Human rights groups have accused Myanmar's forces of burning hundreds of villages in 2017 during an offensive that drove about 700,000 minority Rohingya Muslims to flee to Bangladesh. Security forces have denied setting fires and in some cases have blamed Rohingya for doing so.

Western condemnation of the junta has grown over the military's use of force against its opponents. The Assistance Association for Political Prisoners, a human rights group, has said security forces have killed more than 860 civilians. The military has said the figure is lower.


**ဖမ်းဆီးစစ်ဆေး**

ကင်းမကျေးရွာရှိ လူနေအိမ်များ မီးလောင်ပျက်စီးခဲ့ရခြင်းဖြစ်စဉ်မှာ ဇွန် ၁၃ ရက် ည ၁၂ နာရီ ၄၅ မိနစ်ခန့်တွင် ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ရှားလှကျေးရွာအုပ်စု ဝန်ကြီးကျေးရွာနေ ဦးစိန်မောင်၏ နေအိမ်၌ ၎င်းနှင့်အတူ အမျိုးသား ငါးဦးတို့ စကားပြောနေစဉ် ကျော်မင်းနိုင်ပါ အမျိုးသား သုံးဦးက လက်လုပ်ဗုံးနှစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ရာ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ဦးစိန်မောင်နှင့် ကိုမင်းမင်းစိုးတို့တွင် ပေါက်ပြဒဏ်ရာအသီးသီး ရရှိခဲ့၍ လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ခဲ့သူ ကျော်မင်းနိုင်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးခဲ့ရာ အဆိုပါလက်လုပ်ဗုံးများကို ပေါက်မြို့နယ် ကင်းမကျေးရွာရှိ အမျိုးသားတစ်ဦးထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် ဆက်လက်စုံစမ်းခဲ့ရာ အဆိုပါအမျိုးသားမှာ ကင်းမကျေးရွာတွင်နေထိုင်ပြီး တစ်ရွာတည်းနေ NLD ပါတီဝင်တစ်ဦးနှင့် ယခင် ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့ဝင် တစ်ဦးတို့၏ ငွေကြေးထောက်ပံ့မှုဖြင့် လက်လုပ်သေနတ်များ၊ လက်လုပ်ဗုံးများ ပြုလုပ်ကာ ကျေးရွာအတွင်း ရောင်းချနေကြောင်း ထပ်မံသိရှိခဲ့ရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ကင်းမကျေးရွာသို့ ဇွန် ၁၅ ရက်က သွားရောက်ခဲ့သည်။


June 16 (Reuters) - Security forces set ablaze a village in central Myanmar after clashing there with opponents of the ruling junta, leaving at least two elderly people burned to death, several village residents said on Wednesday.

MRTV state television said the blaze on Tuesday at Kin Ma, a village of about 800 people in the Magway Region, was caused by "terrorists" and that media who reported otherwise were "deliberately plotting to discredit the military".

Reuters was unable to independently verify the cause of the blaze. A junta spokesman did not answer calls requesting comment.

All that remained of Kin Ma on Wednesday was about 30 houses, with some 200 homes reduced to piles of ash and bricks, according to several villagers who gave accounts of the incident by telephone and photographs seen by Reuters.

The blaze was large enough to be recorded by NASA's satellite fire-tracking system at 9:52 p.m. (1522 GMT) on Tuesday.

The villagers, who spoke on condition of anonymity, said that security forces set the fires after confronting opponents of the junta and that at least two people were killed.

A 32-year-old volunteer assisting people displaced from the village said the two people killed were elderly residents who had been unable to flee their home



CNN World Africa Americas Asia Australia China Europe India Middle East United Kingdom
Junta troops burn Myanmar village to the ground after fighting, residents say
Story by Reuters
Updated 0522 GMT (1322 HKT) June 17, 2021
Smoke rises from smouldering houses in Kinma village, Pauk township, in central Myanmar on June 16.
Security forces set ablaze a village in central Myanmar after clashing there with opponents of the ruling junta, leaving at least two elderly people burned to death, several village residents said on Wednesday.


**မီးကူးစက်လောင်ကျွမ်း**

ထိုသို့သွားရောက်စဉ် ကင်းမကျေးရွာအနီး ရောက်ရှိချိန်၌ ကျေးရွာ ဆိုင်းဘုတ်အနီးရှိ အကြမ်းဖက်သူ ၁၀ ဦးခန့်က တောင်ကုန်းပေါ်မှ တူမီးသေနတ်များ၊ လက်လုပ်ဗုံးများဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အကြမ်းဖက်သူများက တောင်ကုန်းပေါ်မှ ဆုတ်ခွာသွားခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါတောင်ကုန်းပေါ်သို့ အသေးစိတ်ပိတ်ဆို့ရှာဖွေခဲ့စဉ် အကြမ်းဖက်သူများက ထပ်မံချောင်းမြောင်း ပစ်ခတ်ခဲ့ရာ လုံခြုံရေး တပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ပြီး ကင်းမကျေးရွာအတွင်းသို့ ဝင်ရောက်ရန် ကြိုးစားခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်စဉ် ကင်းမကျေးရွာအတွင်း ထွက်ပြေး ဝင်ရောက်သွားသော ဒေသခံ PDF အကြမ်းဖက်အဖွဲ့များ၊ ချင်းပြည်နယ်ဘက်မှ ရောက်ရှိလာသော လက်နက်ကိုင်အကြမ်းဖက် သောင်းကျန်းသူများက အဆိုပါကျေးရွာရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင် ဦးကျော်ငွေး၏ နေအိမ်ကို မီးရှို့ဖျက်ဆီးခဲ့ရာမှ ကျေးရွာအတွင်းရှိ နေအိမ်များအား မီးကူးစက်လောင်ကျွမ်းခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။

ကင်းမကျေးရွာ အတွင်းရှိ ရွာသူ၊ ရွာသားများသည် ဇွန် ၁ ရက်တွင် အဆိုပါကျေးရွာနေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင် ဦးညိုချောအား အကြမ်းဖက်အဖွဲ့မှ ဖမ်းဆီးသတ်ဖြတ်ခဲ့မှု ဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ဆေးရန် လာရောက်သော လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့နှင့် ကျေးရွာရှိ PDF အကြမ်းဖက် အဖွဲ့များ အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ခြင်းကြောင့် ရွာသူ၊ ရွာသားအများစုမှာ ကျေးရွာတွင် နေထိုင်ခြင်းမရှိတော့ဘဲ မိမိတို့ဆွေမျိုးများရှိရာ မြို့/ရွာများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသဖြင့် ကျေးရွာအတွင်း၌ အိမ်စောင့်၊ သက်ကြီးရွယ်အိုများနှင့် PDF အကြမ်းဖက်အဖွဲ့များသာ ကျန်ရှိကြသဖြင့် မီးငြိမ်းသတ်နိုင်ခြင်းမရှိဘဲ မီးကူးစက်လောင်ကျွမ်းမှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

**ထမ်းပိုးပို့ဆောင်**

မီးလောင်မှု ဖြစ်ပွားချိန်တွင် မီးငြိမ်းသတ်ရန် ရွာသူ၊ ရွာသားများ မရှိခြင်း၊ မီးသတ်ယာဉ်များ လာရောက် မီးငြိမ်းသတ်ရန် အခက်အခဲရှိခြင်း၊ မီးငြိမ်းသတ်ရန် ရေရှားပါးခြင်းတို့ကြောင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် ဝိုင်းဝန်း ငြိမ်းသတ်ခဲ့သော်လည်း အိမ်ခြေ ၁၀၀ ခန့် မီးလောင်ကျွမ်းခဲ့သည်။ မီးလောင်ပြင်အတွင်းရှိ မီးလောင်ကျွမ်းဆဲ နေအိမ် နှစ်လုံးအတွင်းမှ အသက် ၈၃ နှစ်အရွယ်ရှိ အဖွားဒေါ်ခင်စုနှင့် အသက် ၈၁ နှစ်အရွယ်ရှိ အဖွားဒေါ်ထွားစိန်တို့ နှစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်၍ မီးဘေးကင်းလွတ်သည့် ကျေးရွာဘုန်းကြီးကျောင်းသို့ ထမ်းပိုး ပို့ဆောင်ပေးခဲ့သည်။

ထိုကဲ့သို့ အကြမ်းဖက်သူများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် အဆိုပါကျေးရွာ ဘုရားကုန်းပေါ်ရှိ စေတီနှစ်ဆူ၊ ဇရပ် နှစ်ဆောင်၊ အခြေခံပညာ အလယ်တန်းကျောင်းခွဲရှိ ကျောင်းဆောင် နှစ်ဆောင်၊ ဆောက်လက်စ တစ်ဆောင်နှင့် အိမ်ခြေ ၂၀ ခန့်မှလွဲ၍ ကျန်လူနေအိမ်ခြေ အဆောက်အဦများအားလုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပြီး ညနေ ၆ နာရီခွဲအချိန်တွင် လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ကျေးရွာမှ ပြန်လည်ထွက်ခွာခဲ့သည်။

*စာမျက်နှာ ၁၈ သို့*

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ထံ MRTV က မေးမြန်းသည့် မေးခွန်းနှင့် အဖြေများ

**မေး(၁) ။ ။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကျူချောင်းကျေးရွာ အလယ်တန်းကျောင်းသူ ၂ ဦးကို တပ်မတော်သားအချို့က မုဒိမ်းကျင့်လို့ ကျောင်းမှာသေဆုံးသွားတယ်လို့ Social Media Facebook စာမျက်နှာပေါ်မှာ ပျံ့နှံ့နေတာ တွေ့ရပါတယ်။ အဲဒီသတင်းနဲ့ပတ်သက်ပြီး အခြေအနေမှန်ကို သိလိုပါတယ်။**

ဖြေ(၁) ။ ။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကျူချောင်းကျေးရွာနေ အလယ်တန်းကျောင်းသူ ၂ ဦး တပ်မတော်သားအချို့က မုဒိမ်းကျင့်လို့သေဆုံးတယ်ဆိုပြီး လူမှုကွန်ရက်စာမျက်နှာမှာ မဟုတ်တမ်းတရား ရေးသားနေတာတွေ့ရှိပါတယ်။ ဒီသတင်းနဲ့ပတ်သက်လို့လည်း သတင်းထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ ဇွန်လ ၁၄ ရက်နေ့ နံနက် ၇ နာရီကျော်မှာ မစုမယ်ဆန်း (၁၂နှစ်) နဲ့ မသဇင်ခိုင် (၁၂နှစ်) တို့ ၂ ဦးဟာ စာသင်ခန်းအတွင်း တံမြက်စည်းလှည်းသန့်ရှင်းရေးလုပ်နေတဲ့အချိန်မှာ လဲကျသွားတယ်။ လဲကျသွားတာကို ကျောင်းသား ၁ ဦးက မြင်ပြီးတော့ ကျောင်းအုပ်ဆရာမကြီးထံ သွားပြောတယ်။ ကျောင်းအုပ်ဆရာမကြီး သွားပြီးကြည့်တဲ့အချိန်မှာ မသဇင်ခိုင်က စာသင်ခန်းအတွင်း စာရေးစားပွဲဘေးမှာ လဲကျနေပြီး




ဗိုလ်ကြီးဒေါ်အေးသဇင်မြင့် (နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့)










တော့ မစုမယ်ဆန်းကတော့ နံရံမှီလျက်အနေအထားဖြင့် လဲကျနေတာကို တွေ့ရတယ်။ ထူးခြားတာက သူတို့ ၂ ဦး ပါးစပ်မှာ အမြှုပ်အနည်းငယ်ထွက်နေတာကို တွေ့ရတယ်။ ကျောင်းအုပ်ဆရာမကြီးနဲ့ သားဖွားဆရာမတို့က သနပ်ပင်မြို့၊ ပြည်သူ့ဆေးရုံကြီးကို ပို့ဆောင်ခဲ့ပေမယ့် နံနက် ၉ နာရီ မိနစ် ၂၀ မှာ အဲဒီကျောင်းသူ ၂ ဦးဟာ သေဆုံးသွားခဲ့ပါတယ်။

ဒီကျောင်းသူ ၂ ဦး သေဆုံးမှုနဲ့ပတ်သက်ပြီး ဆေးရုံကြီး မှူခင်းဆရာဝန်ရဲ့ ရင်ခွဲစစ်ဆေးချက်တွေအရ အစာအဆိပ်သင့် သေဆုံးကြောင်း ကနဦးသိရှိရပြီးတော့ ဖြစ်စဉ်အသေးစိတ်ကို စုံစမ်းစစ်ဆေးမှုတွေ ဆက်လက်ဆောင်ရွက်နေပါတယ်။ ထူးခြားမှုရှိရင် ဆက်လက်ထုတ်ပြန်ပေးပါမယ်။

**မေး(၂) ။ ။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်များနဲ့ မိသားစုများအား လုံခြုံရေးအပြည့်အဝရရှိစေရန် တပ်တွင်းမိသားစုဝင်များနဲ့ သွားရောက်ပူးပေါင်းကာ နေထိုင်သင့်ပြီဖြစ်ကြောင်း၊ အရေးပေါ်အခြေအနေမှလွဲ၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများရဲ့ ခွင့်ပြုချက်မရဘဲ တပ်ပြင်သို့ထွက်ခြင်း မပြုလုပ်ကြရန် မြဝတီရုပ်မြင်သံကြားမှ သတိပေးကြေညာချက်ထုတ်ပြန်ထားတဲ့ သတင်းအမှန်ကို ဖြေကြားပေးစေလိုပါတယ်။**

ဖြေ(၂) ။ ။ သတင်းကြေညာချက် ထုတ်ပြန်မှုမရှိပါ။ လုပ်ကြံသတင်းဖြစ်ပြီး ဒီသတင်းခေတ်ပုံဟာလည်း အခြားသတင်းကြေညာမှုကို ဖြတ်ညှပ်ကတ်လုပ်ပြီး သတင်းမှားဖြန့်ချိနေတာ ဖြစ်ပါတယ်။

## ဟိုပင်မြို့ အင်းလေးကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အကြမ်းဖက်သူများက မီးရှို့

**နေပြည်တော် ဇွန် ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ ပညာတတ်မြောက်ရေးနှင့် အနာဂတ်ခေါင်းဆောင်ကောင်းများ ပေါ်ထွန်းလာရေးရှေးရှု၍ စာသင်ကျောင်းများကို COVID-19 စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဇွန် ၁ ရက်မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ် သင်ကြားစေလျက်ရှိရာ အကြမ်းဖက်မှုကိုလိုလားပြီး အဖျက်အမှောင့် လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်နေသည့် NLD ပါတီနှင့် တိုက်ရိုက်ပတ်သက် ဆက်နွှယ်နေသည့် အကြမ်းဖက် သောင်းကျန်းသူများက ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၏ အေးချမ်းစွာ ပညာသင်ကြားနေမှုအပေါ် ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ စာသင်ကျောင်းများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ကန့်ကွက်စာများရေးသားခြင်းတို့ကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ယင်းသို့ အကြမ်းဖက်မှုများ လုပ်ဆောင်လျက်ရှိရာ ဇွန် ၁၇ ရက် နံနက် ၁ နာရီ ၁၅ မိနစ်ခန့်တွင် ကချင်ပြည်နယ် ဟိုပင်မြို့ အင်းလေးကျေးရွာရှိအခြေခံပညာအလယ်တန်းကျောင်း (ခွဲ) မှာ အကြမ်းဖက်သူများ၏ မီးရှို့မှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ နယ်မြေခံတပ်မတော်သားများက မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ မီးသတ်ယာဉ်တစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် နံနက် ၁ နာရီ မိနစ် ၄၀ ခန့်တွင် မီးငြိမ်းသွားခဲ့သည်။ (ယာပုံ)

အဆိုပါ မီးလောင်မှုကြောင့် စာသင်ကျောင်းရှိ အဆောက်အဦတစ်လုံး မီးလောင်ပျက်စီးခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ဖြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံစုံစမ်း ရှာဖွေလျက်ရှိ



အပူတပြင်း ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လူမှုကွန်ရက်ပေါ်ရှိ သတင်းတု၊ သတင်းမှားများကို မယုံကြည်မိစေရန် မိဘပြည်သူများအား အသိပေးထုတ်ပြန်ချက်

**နေပြည်တော် ဇွန် ၁၈**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် CRPH၊ NUG နှင့် PDF အကြမ်းဖက်အဖွဲ့အစည်းများ၊ အစွန်းရောက် NLD ပါတီဝင်များနှင့် ဝန်းရံထောက်ခံသူများက လူမှုကွန်ရက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ၊ ကောလာဟလများ လုပ်ကြံဖန်တီး၍ သွေးထိုးမြှောက်ပင့်လှုံ့ဆော်မှုများပြုလုပ်လျက်ရှိပြီး ၎င်းတို့ကိုယ်တိုင် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခြင်းနှင့် အခြားသူများကျူးလွန်ရန် ထပ်ဆင့်လှုံ့ဆော်ခြင်းများကို ပြုလုပ်လျက်ရှိပါသည်။

ထို့ပြင် သတင်းမီဒီယာကျင့်ဝတ်နှင့်မညီသဖြင့် အစိုးရက အရေးယူပိတ်ပင်ထားသော သတင်းမီဒီယာများသည် ပြည်ပနိုင်ငံများတွင် အခြေစိုက်ပြီး ပြည်တွင်း၌ ဖြစ်စဉ်တစ်ခုဖြစ်သည်နှင့် အတည်ပြုခြင်းမရှိဘဲ ပြည်သူလူထု စိုးရိမ်ထိတ်လန့်စေရန် သတင်းမှားများကို ပုံကြီးချဲ့လုပ်ကြံဖန်တီး၍ ဖြန့်ဝေလျက်ရှိပါသည်။ ထိုသတင်းမှားများကို အချို့ပြည်ပအသံလွှင့်ဌာနများက ထပ်ဆင့်ဖြန့်ဝေလျက်ရှိသောကြောင့် အချို့သော သံတမန်အသိုင်းအဝိုင်းများကလည်း ထိုသို့သတင်းမှားများကို နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာဌာနများထံမှ သတင်းအတည်ပြုချက်ရယူခြင်းမရှိဘဲ တစ်ဖက်သတ် ကြေညာချက်များ ထုတ်ပြန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

လူမှုကွန်ရက်ပေါ်တွင်ဖြစ်ပေါ်နေသော သတင်းတု၊ သတင်းမှားများအနက် ဇွန် ၁၅ ရက်တွင် မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကင်းမကျေးရွာ၌ ဖြစ်ပွားခဲ့သော မီးလောင်မှုဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့သဖြင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သတင်းအမှားများ ဖြစ်ပေါ်ခဲ့ပါသည်။ ဖြစ်စဉ်အမှန်မှာ ကင်းမကျေးရွာရှိ NLD ပါတီထောက်ခံသူများနှင့် အစိုးရဆန့်ကျင်သူများသည် ကင်းမကျေးရွာရှိ အကြမ်းဖက်မှုကို မထောက်ခံသော ဦးကျော်ငွေးအား ဒလန်ဟု စွပ်စွဲပြီး ဦးကျော်ငွေး၏ နေအိမ်အား မီးရှို့ခဲ့ကြရာ အခြားနေအိမ်များသို့ မီးကူးစက်ရာမှတစ်ဆင့် ကျေးရွာရှိ လူနေအိမ် အလုံး ၁၀၀ ခန့် မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး မီးလောင်မှုဖြစ်ရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်မီးငြိမ်းသတ်ခဲ့ကာ မီးလောင်မှုကြောင့် ပိတ်မိနေသော အသက် ၈၃ နှစ်အရွယ်ရှိ ဒေါ်ခင်စုနှင့် အသက် ၈၁ နှစ်ရှိ ဒေါ်ထွားစိန်တို့အား တွေ့ရှိကယ်ထုတ်ခဲ့ကာ မီးလွတ်ရာ ဘုန်းကြီးကျောင်းပေါ်သို့ ကူညီပို့ဆောင်ပေးခဲ့ပါသည်။

၎င်းဖြစ်စဉ်တွင် ဦးကျော်ငွေး၏နေအိမ်အား မီးရှို့ခဲ့သည့် အကြမ်းဖက်သမားများသည် ၎င်းတို့၏အပြစ်ကို ဖုံးကွယ်လိုသဖြင့် မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ မဟုတ်မမှန်သတင်းအချက်အလက်များအား Myanmar Now သတင်းဌာနသို့ ပေးပို့ခဲ့ရာ ၎င်းသတင်းဌာနအနေဖြင့်လည်း အချက်အလက်များအား မှန်ကန်မှု ရှိ/မရှိ သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ စိစစ်ခြင်းမရှိဘဲ မဟုတ်မမှန်သတင်းများ ထုတ်လွှင့်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ထို့ပြင် အချို့သော အကြမ်းဖက်အားပေးသူများသည် လူမှုကွန်ရက်ပေါ်တွင် ထိုဖြစ်စဉ်အား Tiktok ပေါ်တွင် တင်ထားသည့် အခြားနိုင်ငံတစ်ခု၌ ဖြစ်ပွားခဲ့သော မီးလောင်မှုဖြစ်စဉ် ဗီဒီယိုဖိုင်တစ်ခုနှင့် တွဲဖက်၍ ဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရပါသည်။

ထိုသို့ လုပ်ကြံဖန်တီးသောသတင်းများကို ဖတ်ရှုရသော သာမန်ပြည်သူလူထုအကြားတွင် အမုန်းတရားများ၊ အကြောက်တရားများ ပွားများလာကာ ထိုမှတစ်ဆင့် နိုင်ငံတွင်းမတည်မငြိမ်ဖြစ်စေရန်၊ ပြည်သူများစိတ်မလုံမခြုံခံစားလာရစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ အေးချမ်းစွာနေလိုသော ပြည်သူလူထုအနေဖြင့် တည်ငြိမ်အေးချမ်းသော လူ့အဖွဲ့အစည်းဖြစ်စေရန် ထိုသို့သတင်းတု၊ သတင်းမှားများအား မယုံကြည်မိစေရန်နှင့် လုပ်ကြံဖန်တီးသော သတင်းများအား ဝိုင်းဝန်းဆန့်ကျင်တိုက်ဖျက်သွားကြရန် အသိပေးထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်

# မြို့နယ်အချို့၌ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာနေထိုင်သော ပြည်သူလူထုအချို့အား လက်နက်ကိုင်အကြမ်းဖက်သူများက အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်

နေပြည်တော် ဇွန် ၁၈

**တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်အချို့တွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာနေထိုင်နေကြသော ပြည်သူလူထုအချို့အား အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်၊ လူထုအတွင်း အကြောက်တရားများ လွှမ်းမိုးလာစေရန်နှင့် ငါနှင့်မတူ ငါ့ရန်သူ ဟူသည့် တစ်ဖက်သက်အစွန်းရောက်ဂိုဏ်းဂဏစွဲအပေါ် အခြေခံကာ လက်နက်ကိုင်အကြမ်းဖက်သူများက သေနတ်များ၊ တုတ်/ ဓားများ၊ လက်လုပ်ဗုံး၊ လက်ပစ်ဗုံးများအသုံးပြုကာ အကြောင်းမဲ့ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း သိရသည်။**



မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ သေနတ်ဖြင့် ပစ်ခတ်သဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဒဏ်ရာရရှိမှု။

ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် ဇွန် ၁၇ ရက် ၆ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် အမှတ်(၃) ရပ်ကွက်နေ ဦးခင်မောင်ဦး (၄၅နှစ်)(ဘ) ဦးသောင်းငွေသည် အဆိုပါရပ်ကွက်ရှိ ကံလျှိုတံတားအနီးနေ ဖခင်ဖြစ်သူ၏နေအိမ်ရှေ့၌ တစ်ဦးတည်းထိုင်နေစဉ် ဆိုင်ကယ်စီးနင်းလာသည့် အကြမ်းဖက်သူအမျိုးသားနှစ်ဦးက လက်လုပ်သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားခဲ့သဖြင့် ဦးခင်မောင်ဦးတွင် ဝဲပါး၊ ပခုံးထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်ခဲ့ရာ ၎င်းအား သေနတ်ဖြင့် ပစ်ခတ်သွားသူများမှာ တစ်ရပ်ကွက်တည်းနေ ဖေယျာထွန်း(၃၇နှစ်) (ဘ) ဦးလှရွှင်နှင့် အမျိုးသားတစ်ဦး (စိစစ်ဆဲ) ဖြစ်ကြောင်း အခင်းဖြစ်နေရာအနီး ရှိနေသည့် ဦးခင်မောင်ဦး၏ ညီဖြစ်သူ ဦးခင်မောင်ဝင်း၏ ပြောပြချက်အရသိရှိရပြီး ဒဏ်ရာရရှိသူအား ဆေးဝါးကုသနိုင်ရေး ကန့်ဘလူမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

အလားတူ ဇွန် ၁၈ ရက် နံနက် ၈ နာရီ ၅၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ချမ်း/တောင်ရပ်ကွက် စစ်ကိုင်းလမ်း ဖူဂျီစတိုးဆိုင်အနီး၌ ချမ်း/တောင်ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်စိန် သေနတ်ဖြင့် ပစ်ခတ်ခံရကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ ၎င်းသည် တစ်ရပ်ကွက်တည်းနေ ကိုဟိန်းဇော်ဦး (၃၀ နှစ်) (ဘ) ဦးမောင်တိုး မောင်းနှင်သည့် ဆိုင်ကယ်ဖြင့် နေအိမ်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ထွက်ခွာလာစဉ် အခင်းဖြစ်နေရာအရောက်၌ နောက်မှဆိုင်ကယ်မောင်းနှင်လာသည့် အကြမ်းဖက်သူ အမျိုးသား နှစ်ဦးက ပစ္စတိုသေနတ်ဖြင့် ပစ်ခတ် ထွက်ပြေးသွားသဖြင့် ဦးကျော်စိန်တွင် ဝဲလက်ပြင်အောက် ကျည်ဖောက်ဝင်/ထွက် ဒဏ်ရာရရှိခဲ့၍ ဆေးဝါးကုသနိုင်ရေး တပ်မတော်ဆေးရုံသို့ ပို့ဆောင်ထားပြီး အဆိုပါနေရာမှ ၉ မမကျည်ခွံ တစ်ခု၊ ကျည်ထိပ်ဖူး တစ်ခု၊ ၉ မမကျည် နှစ်တောင့်တို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အလားတူ နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အမှတ် (၉၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲတပ်ကြပ်ကြီး မြတ်ကိုကိုအောင်သည် ယာဉ်လမ်းကြောင်းရှင်းလင်းရေး တာဝန်ဆောင်ရွက်ရန် တာဝန်ကျရာနေရာသို့ ဗိုလ်ချုပ်လမ်းမအတိုင်း ဆိုင်ကယ်ဖြင့် ထွက်ခွာလာစဉ် အမှတ် (၁၉) ရပ်ကွက် ရတနာမိုးလမ်း ဒဏ္ဍာရီလက်ဖက်ရည်ဆိုင် အနီးအရောက်၌ အနောက်မှ ဆိုင်ကယ်မောင်းနှင်လာသည့် အကြမ်းဖက်သူ အမျိုးသား နှစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် ၎င်းတွင် လည်ပင်းကျည်ဖောက်ဝင်ဒဏ်ရာ တစ်ချက်ရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်များတွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာ နေထိုင်နေကြသော ပြည်သူများအား ငါနှင့်မတူ ငါ့ရန်သူ ဟူသည့် တစ်ဖက်သတ် အစွန်းရောက် ဂိုဏ်းဂဏစွဲအပေါ် အခြေခံကာ အကြောင်းမဲ့ရက်စက်ယုတ်မာစွာ လုပ်ကြံသတ်ဖြတ်မှု ကျူးလွန်ခဲ့သည့် အကြမ်းဖက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အပြစ်ပေး အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက် ရှိကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

စာမျက်နှာ ၁၆ မှ

## သတင်းထုတ်ပြန်ပြီး

ကင်းမကျေးရွာ PDF အကြမ်းဖက်အဖွဲ့ဝင်များနှင့် ချင်းပြည်နယ်ဘက်မှ ရောက်ရှိလာသော လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများသည် ကင်းမကျေးရွာကို ၎င်းတို့ကိုယ်တိုင် မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအပေါ် ပြည်သူလူထုနှင့် နိုင်ငံတကာကပါ အထင်အမြင် လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် NLD ပါတီကို ထောက်ခံသူများ၊ PDF များ၊ အစွန်းရောက်အကြမ်းဖက်သမားများ၊ သတင်းမီဒီယာအချို့က Face-book လူမှုကွန်ရက်စာမျက်နှာပေါ်တွင် မြေပြင်ပကတိအခြေအနေအမှန်နှင့် ဆန့်ကျင်ကာ မဟုတ်မမှန် လုပ်ကြံဖန်တီးရေးသား ဖော်ပြနေကြခြင်းသာ ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်ဟု ဇွန် ၁၈ ရက် နိုင်ငံပိုင် သတင်းစာများတွင် သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းမီဒီယာကျင့်ဝတ်မဲ့စွာ သတင်းမှားများ ရေးသားဖော်ပြခဲ့သည့် CNN နှင့် Reuters သတင်းဌာနများအား ဒေသခံပြည်သူများက ပြစ်တင်ရှုတ်ချလျက်ရှိကြောင်းနှင့် Right to Correct အရ ဖြစ်စဉ်အမှန် ပြန်လည်ဖော်ပြပေးရန် လိုအပ်ပါသဖြင့် သက်ဆိုင်ရာ သတင်းဌာနများသို့ ကန့်ကွက်လွှာပေးပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေ

**နေပြည်တော် ဇွန် ၁၈**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေမည်။

မိုး/ဇလ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၉-၆-၂၀၂၂ တနင်္ဂနွေနေ့

**MRTV**

**၀၆:၀၀** ရတနသုတ်ပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** မြန်မာတို့ရဲ့ဝက်ယူဖွယ်ရာ ပုဂံဒေသက ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းဝင်များ
**၀၉:၄၀** ဆင်နွဲ့ချိန်ဒါမင်္ဂလာတေးသံသာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** စိမ်းလန်းခြင်းနှင့်ငြိမ်းချမ်းခြင်း
**၁၁:၄၀** တိုင်းရင်းသားရိုးရာအစားအစာ ချက်ပြုတ်နည်းများ
**၁၃:၃၀** MRTV National News
**၁၅:၀၀** ၂၀၂၀ပြည့်နှစ်တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သော ကျောင်းသား/သူများ အတွက် တက္ကသိုလ်ဝင်ခွင့်လျှောက်ထား ခြင်းနှင့် တက္ကသိုလ်ဝင်ခွင့်ရွေးချယ်မည့် စနစ်အတွက်ရှင်းလင်းတင်ပြခြင်း
**၁၆:၃၅** ပုံပြင်ကမ္ဘာအစီအစဉ် **'အစ်မ၊ အစ်ချည်နှင့်ညီနောင်ငါးကောင်'**
**၁၇:၁၀** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
**၁၇:၃၀** MRTV Travelogue
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၂၀** သုတဝေဖြာသီရိဂေဟာ
**၁၉:၂၅** ရင်ဝယ်ပေါက်ဖွားအနုပညာစွမ်းအား မြင့်မားဝုဏ်အင်ဂုဏ်ဝင်အနုပညာရှင် (အပိုင်း-၁)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၅၀** ရိုးရာယဉ်ကျေးမှုထင်ဟပ်ပေါ်လွင် မြန်မာတို့၏အနုသုခုမသဘင် (သစ္စာ၊ မေတ္တာ ရွှေမန်းသဘင်)

**mitv**

**07:01** News
**07:27** Great Shwedagon - The Planetary Posts
**07:39** Family of Toys
**08:01** Weekly Review
**08:16** The Art of Making Glaze Ware
**08:36** Myanmar Masterclass: Artist Tin Win (Beikthano)
**09:01** Discovering Tribes: Akha- Their Life and Customs (Part-2)
**09:31** A Journey To Southern Shan State (Ep-3)
**09:47** Tahbuhla Dam & Oakkan Chaungtha
**10:01** Entrepreneur: Soe Nyi Nyi
**10:10** Crickets: Seasonal Delicacy & Job Opportunity
**10:27** Myanmar Handicrafts
**11:34** Myanmar's Beauty and Nature "Beach"

**MRTV NRC**

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ကချင်ချောင်းသာသို့အလည်တစ်ခေါက်
**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ကယားဘာသာစကားပြောကြရအောင် (အပိုင်း-၅)
**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
တိမ်တိုက်ကြားကဘောဂလီမြို့
**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ကျန်းမာအောင်အသက်ရှင်နေထိုင်ခြင်း
**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ရှေးဟောင်းသမိုင်းဝင်ဆဒ္ဒန်အိုင်သို့
**ချင်း (လိုင်စိုး) (၁၃:၀၀ မှ ၁၄:၀၀)**
ချဉ်ပေါင်အချိုရည်ပြုလုပ်နည်း
**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
ရှေးခေတ်ချင်း(ချိုး)တို့၏ မေတ္တာမျှတေး
**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
မွန်ရိုးရာထိမ်းမြားမင်္ဂလာ
**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
လခြမ်းမြေမှရိုးရာအလှ (အပိုင်း-၁)
**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင် (အပိုင်း-၃)
**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
လူငယ်နှင့်လူ့ပတ်ဝန်းကျင် (အပိုင်း-၇)

**MRTV Sports**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ(၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm
t.me/mrtvnews
www.twitter.com/mrtvwebportal


# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေသော သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၂၂) ထွက်ပြီ

**နေပြည်တော် ဇွန် ၁၈**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည့် "သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၂၂)" စာအုပ်သည် ပြည်သူများ အသိဉာဏ်ဗဟုသုတပြည့်စုံစေရန်၊ ရာထူးဝင်စာမေးပွဲများ၊ ပြန်တမ်းဝင်ခွင့်စာမေးပွဲများ ဖြေဆိုရာတွင် အထောက်အကူဖြစ်စေရန်နှင့် အခြားသိရှိလိုသည့် အချက်အလက်များကို တစ်စုတစ်စည်းတည်း ရှာဖွေလေ့လာဖတ်ရှုနိုင်စေရန် ရည်ရွယ်၍ ၂၀၀၈ ခုနှစ်မှ စတင်ကာ နှစ်စဉ်ထုတ်ဝေခဲ့သော စာအုပ်ဖြစ်သည်။

ယခု ၂၀၂၂ ခုနှစ်ထုတ်စာအုပ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မိန့်ခွန်းကောက်နုတ်ချက်များနှင့် သဝဏ်လွှာကောက်နုတ်ချက်များ၊ မြန်မာ့ရေးရာနှင့် ပတ်သက်သည့် အချက်အလက်များ၊ နိုင်ငံတကာရေးရာ သိမှတ်ဖွယ်ရာများ၊ သံတမန်ရေးရာ သိမှတ်ဖွယ်ရာများ၊ ကမ္ဘာ့အထွေထွေသိမှတ်ဖွယ်ရာများ၊ ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် အခြားသိမှတ်ဖွယ်ရာများနှင့် ပတ်သက်၍ နောက်ဆုံးအခြေအနေများကို ထည့်သွင်းဖြည့်စွက်ထားသည်။

ထို့ပြင် နိုင်ငံ့ဝန်ထမ်းလျှောက်ထားခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာ အချက်အလက်များနှင့် ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများလည်း ပါရှိသည့်အတွက် ဗဟုသုတရှာမှီးလိုသူများ၊ ရာထူးဝင်စာမေးပွဲဖြေဆိုမည့်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ လက်ကိုင်ထားသင့်သည့် စာအုပ်ဖြစ်သည့်အပြင် အနာဂတ်နိုင်ငံတော်အတွက် လူချွန်လူကောင်းများ၊ ခေါင်းဆောင်ကောင်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရေးအတွက် အထောက်အကူပြုမည့်စာအုပ်ဖြစ်သဖြင့် အိမ်တိုင်းရှိ စာအုပ်စင်တိုင်းတွင် ဆောင်ထားသင့်သည့် စာအုပ်ဖြစ်သည်။

ယင်းစာအုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၂၀၂၂ ခုနှစ်၊ ဇွန်လ၌ ထုတ်ဝေပြီး တစ်အုပ်လျှင် ငွေကျပ် ၄၅၀၀ နှုန်းဖြင့် နေပြည်တော်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ထုတ်လုပ်ရေးဌာနခွဲ၊ ဖုန်း ၀၆၇-၃၄၁၂၃၇၁ နှင့် စာပေဗိမာန် အရောင်းဆိုင်တို့တွင် လည်းကောင်း၊ ရန်ကုန်မြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ထုတ်လုပ်ရေးဌာနခွဲ၊ အမှတ် (၂၈၈) သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း ၀၁-၈၂၀၁၉၃၆၊ ၀၁-၈၃၇၁၃၄၀၊ စာပေဗိမာန်အရောင်းဆိုင်များ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်နှင့် အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင်လည်းကောင်း ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၈ - ၆ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၅၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၆၀၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၅၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၅၈၈၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၃၅ | ကျပ် | ၁၀၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၁၅ | ကျပ် | ၁၀၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀ | ကျပ် | ၁၁၅၅ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၀၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၁၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၄၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉.၃၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၆၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၅၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၄၀ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၃၇၉၃ | ၃၄၁၃၇၀၀၀ |
| MTSH | ၁၆၀၀ | ၁၆၀၀ | ၁ | ၁၆၀၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၁၅ | ၁၂၁၅၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၃၀၅၀ | ၃၀၅၀ | ၁ | ၃၀၅၀ |
| AHP | ၅၀၀၀ | ၄၈၀၀ | ၇၇၅ | ၃၇၅၅၀၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီဆွေ၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# မိုင်းရှူးမြို့ဦး စေတီထူး တန်ခူးလပြည့်နေ့မှာ ပွင့်ခဲ့ပြီ

## ရတနာစည်ဆရာတော်(လွိုင်လင်)

**မိုင်းရှူးမြို့သည် ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် ခရိုင်ရုံးစိုက် လွိုင်လင်မြို့၏ အနောက်မြောက်ဘက်ယွန်းယွန်း၌ တည်ရှိ၏။ မိုင်းရှူးမြို့မှ မြောက်ဘက်သို့သွားလျှင် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့သို့ရောက်ရှိပြီး ထိုမှ လားရှိုးမြို့သို့ ရောက်၏ ။**

မိုင်းရှူးမြို့၌ ယခင်က နီရင့်ရင့် ကျောက်တုံးလေးများ ဟိုမှ ဒီမှ ရလာတတ်ကြ၏။ ပတ္တမြားရိုင်းတုံးလေးများဟု မသိရှိခဲ့ကြပါ။ အချို့ဘိုးဘွားများကား နောင်လာနောက်သားများအတွက် အမှတ်တရပစ္စည်းတစ်ခုသဖွယ် သဘောထားပြီး ရသမျှစုဆောင်းရင်း စဉ့်အိုးလေးများထဲ ထည့်ထားတတ်ကြကြောင်း နှုတ်မှတ်များရှိ၏။

လွတ်လပ်ရေးခေတ် ဤမှာဘက် ကာလများ၌မူ အစိုးရအဆက်ဆက် ပြောင်းလဲလာခဲ့ပြီး (နဝတနှင့် နယက) တပ်မတော်အစိုးရလက်ထက်မှာ မိုင်းရှူးမြို့နှင့် တောင်တက်ခရီး ၁၈ မိုင်ခန့် တက်ရသော တောင်တန်းတစ်ကြောဝယ် ထို နီရင့်ရင့်ကျောက်တုံးလေးများ အများအပြား ပေါ်ထွက်လာခဲ့၏။

### စီးပွားရေးဦးမော့

ထိုသတင်းသည် တာဝန်ရှိသူများထံ ရောက်ရှိပြီး မှန်/မမှန်၊ ဟုတ်/မဟုတ် စုံစမ်းထောက်လှမ်းစေသည်မှ မှန်ကြောင်း၊ ဟုတ်ကြောင်း ဆုံးဖြတ်နိုင်သည့် ကာလတွင်မူ တာဝန်ရှိသူများကိုယ်တိုင် လွိုင်လင်မှ မိုင်းရှူးသို့ ရဟတ်ယာဉ်ဖြင့်သွားရောက်ပြီး မြေပြင်ထိတွေ့ နှစ်ကြိမ်မျှ စစ်ဆေးပြီးသောအခါ "ရတနာတန်းဝင်" ပတ္တမြားဟု တိကျစွာ သိရှိခဲ့ရ၏။ မူဝါဒတစ်ရပ်ဖြစ်သော "ပြည်သူများ၏ စားဝတ်နေရေး ချောင်လည်ရေး"နှင့်အညီ ပထမဦးစွာ ဒေသခံပြည်သူများအတွက် တစ်နိုင်တစ်ပိုင် သယ်ယူခွင့်၊ ရောင်းဝယ်ခွင့်၊ သိမ်းဆည်းခွင့် ပေးခဲ့ရာ ထိုအချိန်တွင် မိုင်းရှူးမြို့သည် စီးပွားရေးဦးမော့လာခဲ့၏။

ထိုသတင်းသည် တစ်နိုင်ငံလုံးသို့ ပျံ့နှံ့သွားသလို အနီးအနားရှိ မြို့များဖြစ်သော မိုင်းနောင်၊ မိုင်းကိုင်၊ ပင်လုံ၊ လွိုင်လင်ရှိ ဒေသခံပြည်သူများအတွက်လည်းကောင်း၊ မြေပြန့်တစ်ခွင် မန္တလေး၊ ရန်ကုန်၊ မြိတ်၊ ထားဝယ်မြို့များရှိ ပြည်သူများအတွက်လည်းကောင်း စားဝတ်နေရေး ချောင်လည်စေခဲ့သည်ကား အမှန်ပင် ဖြစ်လေတော့၏ ။

ဤသို့ ဤပုံ ဤနည်းဖြင့် ပြည်သူများအတွက် အခွန်လွတ်ခွင့်ပြုပြီး သုံးနှစ်ကြာလာသောအခါတွင်မှ လုပ်ကွက်များရိုက်ကာ လုပ်ငန်းရှင်ကြီးများအား လေလံတင်ရောင်းချခဲ့သော ထိုစဉ် တည်ဆဲ တပ်မတော်အစိုးရ၏ ပြည်သူ့အတွက် စေတနာထားပုံများကား ယနေ့တိုင် တဖိတ်ဖိတ်တောက်ပလျက်သာ ရှိတော့၏။

သတ္တုတွင်းဝန်ကြီးဌာန၏ ပညာရှင်များနှင့်ညှိနှိုင်းကာ လုပ်ကွက်ရိုက်၊ လေလံတင်၊ လေလံအောင်မြင်သူများအား တရားဝင်လုပ်ခွင့်ပေး၍ "မိုင်းရှူးရတနာမြေ"ဟု သတ်မှတ်ပြီးသောအခါ ထိုလုပ်ငန်းရှင်ကြီးများ၏ လုပ်သားများအဖြစ် ဝင်ရောက်လုပ်ကိုင်သူ လုပ်ကိုင်၊ ဌာနေပြန်သူပြန်၊ လုပ်ကွက်မှ ပယ်ကျောက်ဟုသတ်မှတ်၍ စွန့်ပစ်လိုက်သော အမှုန်အမွှားလေးများကိုပင် လိုက်လံကောက်ယူကာ ရရာဈေးနှုန်းဖြင့် ရောင်းချ၍ အသက်မွေးသူမွေး စသည် စသည်တို့ကြောင့် မိုင်းရှူးမြို့သည် ရတနာမြေ ဖြစ်နေပါ၏။

မိုင်းရှူးမြို့သည် မြေပြန့်ရှိ သဲမြေ၌ နီရင့်ရင့် ပတ္တမြားရိုင်းတုံးလေးများ ပေါ်ထွက်နေသလို ၁၈ မိုင်အမြင့် တောင်တန်းပေါ်ရှိ ကျောက်စရစ်မြေပေါ်၌လည်း ထိုပတ္တမြားရိုင်းတုံးလေးများ ပေါ်ထွက်လာလျက်ရှိသဖြင့် ထိုစဉ်ကာလ တပ်မတော်အစိုးရ၏ ပြည်သူများအပေါ် ထားရှိအပ်သော စေတနာများအရ သုံးနှစ်ခန့် တစ်နိုင်တစ်ပိုင် အခွန်လွတ်ရှာဖွေ၊ ရယူ၊ ရောင်းဝယ်သိမ်းဆည်းခွင့်တို့ကိုပါ ပြည်သူများသို့ ပေးအပ်ပြီး နောက်မှသာ အစိုးရဘတ်ဂျက်အတွက် လုပ်ငန်းရှင်ကြီးများလက်သို့ အပ်နှံခဲ့သဖြင့် ပြည်သူများ၏ လူမှုဘဝ၊ လူမှုစီးပွားဘဝ လှပတောက်ပလာခြင်းနှင့်အတူ လွန်ခဲ့သော ခုနစ်နှစ်ခန့်မှစ၍ မိုင်းရှူးမြို့အဝင် ခုနစ်မိုင်ခန့်အလို ဟိုက်ပါရွာ၏ အနီးတစ်ဝိုက်တွင် "ဟိုက်ပါ ရေတံခွန်" ကြီးကို တွေ့ရှိကြရပြီး ယင်း၏ ဝိသေသလက္ခဏာများစွာတို့ကြောင့် ရှမ်းတောင်/ မြောက်/ အရှေ့မှ ယာဉ်အသီးသီးဖြင့် လာရောက်အပန်းဖြေသူများဖြင့် ပွင့်လင်းရာသီတွင် အလွန်စည်ကားခဲ့၏။

ယနေ့မှာမူ ၂၀၂၀ ပြည့်နှစ် မတ်လကုန် ဧပြီလဆန်းကပင် စတင်ဖြစ်ပွားခဲ့သော ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ၏ ရိုက်ခတ်ချက်ဖြင့် ဟိုက်ပါ ရေတံခွန်ကြီးသည် ပြန်လည်ငိုက်မြည်းနေရပါပြီ။

မည်သို့ဆိုစေ မိုင်းရှူးမြို့သည် ရေခံမြေခံကောင်းသောမြို့သာဖြစ်၍ လောကရေးရာ ကောင်းမွန်လျက်ရှိသလို စိတ်ခံ စေတနာခံ ကောင်းမွန်သဖြင့် သာသနာရေးရာများလည်း ပွင့်လန်းလျက်သာ ရှိနေပါ၏။

ဤမျှဖြင့် မိုင်းရှူးရတနာမြေအကြောင်း ရပ်နားပြီး ထိုမိုင်းရှူးရတနာမြေ ဇာတိသား ဆွေကြီးမျိုးကြီးများထဲမှ ပေါက်ဖွားလာ၍ နောင်အခါ ကမ္ဘာလှည့် သာသနာပြု ရဟန်းတစ်ပါး ပေါ်ထွန်းလာပုံ ဆက်ပါရစေ။

ယနေ့အချိန်တွင် သက်တော် ၇၃ နှစ်၊ ဝါတော် ၅၃ ဝါ ရှိလာပြီဖြစ်၍ ငယ်စဉ်ကာလ အသက် ၁၀ နှစ်ကျော်မှာ သက်ဆိုင်ရာအဆက်အသွယ်များအရ မြေပြန့်ဒေသ မန္တလေးမြို့၊ ရန်ကုန်မြို့များရှိ ဆရာတော်ကြီးများထံ ခိုလှုံခွင့်ရခဲ့ပြီး ပါဠိပထမပြန်ဆိုင်ရာစာပေများ သင်ယူရင်း ဘာသန္တရစာပေများဖြစ်သည့် အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားကိုပါ သင်ယူခွင့်ရရှိခဲ့၏ ။ ထို့ပြင် ထိုင်းစာပေ၊ ထိုင်းစကား၊ တရုတ်စာပေ၊ တရုတ်စကားတို့ကိုလည်း သင့်လျော်စွာ သင်ယူနိုင်ခဲ့၏။

ထိုစဉ်ကတည်းက ယခုလို ဘက်စုံပညာသင်ယူခွင့် ရရှိခဲ့ခြင်းသည် ဆရာသမားကောင်းများ၏ မေတ္တာ၊ ကရုဏာရိပ်တို့၌ ခိုလှုံခွင့်ရခြင်းနှင့် မိမိကိုယ်တိုင်က နောင်တစ်ချိန်ဝယ် သာသနာ့အကျိုး ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လိုသော စိတ်ဓာတ်တို့ကြောင့်သာ ဖြစ်ပါ၏။

သို့ဖြစ်၍ ကိုရင်မှ ရဟန်း၊ ရဟန်းမှ ဘုန်းကြီးဟူသော ဖြစ်တည်မှုအရ မိမိဒေသ သာသနာ့အကျိုးအတွက် အားတက်စွာ တက်ကြွစွာ ခြေလှမ်းမှန်မှန် လမ်းမှန်မှန် လျှောက်လှမ်းလာနိုင်ပါ၏။ ပြည်ပအိမ်နီးချင်းနိုင်ငံများ ထိုင်း၊ တရုတ်တို့သို့လည်း တပည့် ဒါယကာ၊ ဒါယိကာမများ၏ လျှောက်ထားချက်အရ ကြွရောက်နိုင်လာပါ၏။ ပြည်တွင်းပြည်ပ ဆရာတော်များ၏ အားပေးမှု၊ ထို့အတူ ဒါယကာ၊ ဒါယိကာမများ ထောက်ပံ့မှုများကိုလည်း ခံယူရရှိလာနိုင်ခဲ့ပါသည်။

> ❊ **ဆရာတော်၏ ဦးဆောင်မှုကောင်းခြင်း၊ တပည့်တပန်းများ၏ နိုးထတက်ကြွခြင်း၊ ကောင်းသတင်းအကြောင်းပြု ကောင်းမှုကုသိုလ်တွေ တိုးပွားလာခြင်းတွေက ယနေ့သော် မိုင်းရှူးမြို့ဦး၌ နေရောင်အောက်မှာ ရွှေရောင်တောက်နေသော စေတီတော်တစ်ဆူ ပွင့်တော်မူလာပြီး နေ့စဉ်ရက်ဆက် ကုသိုလ်တွေ တက်သည်ထက် တက်လျက်ရှိ**

### လှူဒါန်းထောက်ပံ့နိုင်

ယင်း အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် အင်္ဂလန်၊ အမေရိကန်၊ ပြင်သစ်၊ ဂျာမနီ စသည့်နိုင်ငံများအထိ သာသနာ့အကျိုးဆောင်ခွင့်များပါ ရရှိလာခဲ့သည်။ ထိုမှ ဤမှ တရားဝင်အလှူငွေ နဝကမ္မများ ရရှိလာသလို မိမိဇာတိမြေ ပြန်ရောက်ချိန်၌လည်း ဇာတိမြေ၏ သာသနာရေးရာများအတွက် ပြန်လည်လှူဒါန်းထောက်ပံ့နိုင်သည်သာ ဖြစ်ခဲ့၏။

နောင်တွင် ဇာတိမြေ ဆွေတော် မျိုးတော်တို့၏ သဒ္ဓါတရားအရ ဘိုးဘွားပိုင်မြေများကို သာသနာ့မြေအဖြစ် ဥပဒေများနှင့်အညီ ဆောင်ရွက်ပြီး ကိုယ်ပိုင်ကျောင်းတိုက်တစ်တိုက် ဖြစ်တည်လာစေသည်အထိ မိုင်းရှူးမြို့နှင့် မနီးမဝေးမှာ ဓမ္မရောင်ခြည်ကျောင်းတိုက်ကမ္ပည်းဖြင့် ပဋိပတ္တိသာသနာ ထွန်းကားလာဖို့ တစ်ပါးကျောင်းလေးများ အစီအရီတည်ဆောက်၊ အချိန်ပိုင်းတရားပြရင်း ဇာတိမြေမှ ကိုရင်လေးများတွင် ဉာဏ်ဝီရိယကောင်း၍ အနာဂတ်မျှော်မှန်းချက် မျိုးဆက်ကလေးများ ဖြစ်လာရန် မြေပြန့်ဒေသ မြို့ကြီးပြကြီးများသို့ ပို့ဆောင်ကာ ပညာသင်စေသောအခါဝယ် နေရေးအတွက် စိတ်အေးရအောင် မန္တလေး၊ ပဲခူးမြို့ကြီးများ၌ စာသင်သားကျောင်းဆောင်များ တည်ဆောက်ပေးရင်း သာသနာ ၂၅၂၄၊ ကောဇာ ၁၃၄၂၊ နယုန်လဆန်း ၁၁-၁၂-၁၃-၁၄ ရက်၊ ခရစ်နှစ် ၁၉၈၀ ပြည့် မေလ ၂၄-၂၅-၂၆-၂၇ ရက်နေ့များတွင် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးကို ရည်မှန်းချက်ထားရှိလျက် တစ်နိုင်ငံလုံးရှိ သမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော် ၁၂၁၈ ပါး တက်ရောက်သော ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို ထိုစဉ် တည်ဆဲ(ပါတီ၊ ကောင်စီ) အစိုးရ၏ ထောက်ပံ့မှုဖြင့် အောင်မြင်စွာကျင်းပနိုင်ပြီး "သံဃာ့ကိစ္စ သံဃာကဆောင်ရွက်"မူအရ ရပ်/ကျေးမှသည် နိုင်ငံတော်အဆင့်ထိ အဆင့်ဆင့်သော သံဃာ့အဖွဲ့အစည်းများ ဖွဲ့စည်းနိုင်သလို သာသနာရေးရာများလည်း မြင့်မားစွင့်ကားလာခဲ့သည်မှာ ယနေ့ကာလအထိ ဇာတိမြေ၏ သာသနာ့ရေးရာလုပ်ငန်းများရော နိုင်ငံတော်ကပေးအပ်သည့် နိုင်ငံလုံးဆိုင်ရာ သာသနာ့ရေးရာ လုပ်ငန်းများကိုပါ စွမ်းစွမ်းတမံ ရွက်ဆောင်နေသည့် ထိုဆရာတော်ကား **မိုင်းရှူးမြို့ ဓမ္မရောင်ခြည်ကျောင်း ပဓာနနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အရှင်ဝိမလာဘိက္ခု** ဖြစ်ပါ၏။

ထိုဆရာတော်သည် လွန်ခဲ့သော ၁၀ နှစ်ခန့်မှစ၍ မိုင်းရှူးမြို့အဝင် လမ်းမ၏ မနီးမဝေးရှိ တောင်ထွတ်ကို အထူးအာရုံပြုမိပြီး ထိုတောင်ထွတ်ပေါ်၌ စေတီတော်တစ်ဆူ တည်ထားကိုးကွယ်နိုင်ရန် စိတ်ဓာတ်သန်လာသည်တွင်-

### စေတီထူး

စေတီတော်၏ ထူးခြားပုံများကိုတော့ နောက်ပိုင်းမှာ ပေါ်လွင်စေပါမည်။ ယခုသော် စေတီတော် လျင်လျင်မြန်မြန်တည်ထားနိုင်ခြင်းကို ဦးစွာ မှတ်တမ်းပြုပါမည်။

ယနေ့ နိုင်ငံတော်ကို လမ်းမှန်ပေါ်မှ ဘေးဘီသို့ကျမသွားအောင်၊ ကွေ့ကောက်မသွားအောင် ထိန်းထိန်းကျောင်းကျောင်း တာဝန်ယူဆောင်ရွက်လျက်ရှိသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဘာသာသာသနာရေးရာ ကျောင်း၊ ကျောင်းတိုက်၊ ပုထိုး၊ စေတီ၊ ဇလီ၊ ချက်၊ ဘုရားရှိခိုးကျောင်း စသည်များကို ဘာသာဝင်များအလျောက် လွတ်လွတ်လပ်လပ် အေးအေးချမ်းချမ်း ဖူးမြော်ကြည်ညိုခွင့်ရရှိဖို့ နိဗ္ဗာန်တံခါးဖွင့်ပေးခြင်း၊ မှန်မှန်ကန်ကန် ဆောင်ရွက်မည်ဆိုပါက သာသနာအကျိုးပြုလုပ်ငန်းများ အဆီးအတားမရှိဘဲ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ဆောင်နိုင်ဖို့ ကုသိုလ်လမ်းဖွင့်ပေးခြင်းတွေသည် စေတီတော် တည်ထားကိုးကွယ်နိုင်ရန် ရည်သန်လျက်ရှိသော ဆရာတော် ဝိမလာဘိက္ခုအား တစ်ဖက်တစ်လမ်းမှ အားပေးနေသလို ဖြစ်လာရကား ဆရာတော်ကိုယ်တိုင်ပင် ၁၀.၂.၂၀၂၂ ရက်နေ့မှစပြီး ယခင်အာမဘန္တေခံယူထားကြသည့် တပည့်ဒါယကာ ဒါယိကာမများရှိရာ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်များသို့ မမောနိုင်မပမ်းနိုင် ကပ္ပိယကာရက နဝကမ္မများ အလှူခံနိုင်ခြင်းဖြင့် စေတီတော်တစ်ဆူ လျင်မြန်စွာ ပူဇော် ကိုးကွယ်နိုင်ခြင်း ဖြစ်ပါတော့သည်။

ထို့ကြောင့် ဤသာသနာအကျိုးပြုလုပ်ငန်း၌ ဝမ်းပန်းတသာ ကတညုတ ကတဝေဒီ မင်္ဂလာပြုအပ်သောအဖွဲ့အစည်းမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီပင် ဖြစ်ပါတော့၏။

**"ကတညုတ = သူတစ်ပါးပြုပေးသောကျေးဇူးကို**
**ကတဝေဒီ = မထိမ်မချန် မကွယ်မဝှက်ဘဲ အမြဲကျေးဇူးတင်ပါကြောင်း အလျဉ်းသင့်သလို ပြောဆိုခြင်း"**သည် ဗုဒ္ဓအလိုကျ မင်္ဂလာတရား မဟုတ်ပါလော။

ထိုနေ့မှစ၍ ဆရာတော်၏ ဦးဆောင်မှုကောင်းခြင်း၊ တပည့်တပန်းများ၏ နိုးထတက်ကြွခြင်း၊ ကောင်းသတင်းအကြောင်းပြု ကောင်းမှုကုသိုလ်တွေ တိုးပွားလာခြင်းတွေက ယနေ့သော် မိုင်းရှူးမြို့ဦး၌ နေရောင်အောက်မှာ ရွှေရောင်တောက်နေသော စေတီတော်တစ်ဆူ ပွင့်တော်မူလာပြီး နေ့စဉ်ရက်ဆက် ကုသိုလ်တွေ တက်သည်ထက် တက်လျက်ရှိပါတော့၏ ။

*စာမျက်နှာ ၂၁ သို့*

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဇွန် ၁၈**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှု တစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက် ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလ နှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစား ရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေး အစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများ အား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ၊ ဆရာမ များကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက် တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာ ရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူ များအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစု များနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန် လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံ တို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့ အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင် နေကြသော ဆရာ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ် ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေး တာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများ အနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း ဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## တရားမဝင် ရွှေတူးဖော်နေကြသူများကြောင့် ချောင်းရေစီးလမ်းကြောင်းများ ပြောင်းလဲပျက်စီးလာ

**ဗန်းမောက် ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် တောင်ပိုင်းရှိ ကျောက်အိုင် ကျေးရွာအနီးတွင် စီးဆင်းလျက်ရှိနေသော တောင်ချောင်းအတွင်း၌ တရားမဝင် ရွှေတူး၊ ရွှေရှာနေကြသည့် လုပ်ငန်းများကြောင့် ချောင်း၏ ရေစီးလမ်းကြောင်းများ ပျက်စီးလာကာ ချောင်းအတွင်း စီးဆင်းနေသော ချောင်းရေများသည်လည်း ရေကောင်း ရေသန့် မဟုတ်တော့ဘဲ ရွှံ့နွံရေများဖြစ်နေသည့်အတွက် သဘာဝရေ အရင်းအမြစ်များပါ ပျက်စီးလျက်ရှိနေကြောင်း သိရသည်။



ဗန်းမောက်မြို့နယ်မှ ဒေသခံတစ်ဦးက "ရွှေတူးကြတာက အရင်ကလို မဟုတ်ဘူး။ ဘက်ဟိုးစက်ယန္တရားတွေနဲ့ အပေါ်က ခေါင်းပေါင်းကျဉ်းပြီး တူးကြတယ်။ အဲဒီလို တူးတာများလာတော့ ချောင်းက တိမ်ကောရုံမကဘူး၊ ချောင်းနဲ့မတူတော့ဘဲ လမ်းဘေးမှာ စီးဆင်းနေတဲ့ ရေမြောင်းလေးတွေလိုဖြစ်နေပြီ" ဟု ပြောသည်။

တောင်ချောင်းသည် ဗန်းမောက်မြို့နယ် တောင်ပိုင်းတွင်ရှိသော တုံးပင်၊ စုံးတော်၊ ညောင်ပင်သာ၊ ပန်းတင်၊ ပိန္နဲပင်၊ နားစင်းလုံ၊ ချောင်းပေါက်၊ စီးမော်၊ သောင်ကြီး၊ ပေပင်၊ ကျောက်အိုင်၊ တောင်ချောင်းပေါက် စသည့် ကျေးရွာများရှိ ဒေသခံ ရှမ်းနီ တိုင်းရင်းသားလူမျိုးများ ရှေးအစဉ်အဆက်ကပင် ရေရရှိရေးအတွက် အမှီသဟဲပြုခဲ့ကြသည့် ချောင်းဖြစ်ပြီး ယခုအခါ စက်ယန္တရားများဖြင့် ရွှေတူးဖော်နေကြသောကြောင့် ချောင်းမှာ ရေစီးရေလာကောင်းမွန်ခြင်း မရှိတော့ဘဲ သဘာဝပတ်ဝန်းကျင်လည်း ပျက်စီးလာလျက်ရှိသည်။

**သန်းမောင်လေး**
**(ကချင်မြေ)**

## သီပေါမြို့နယ်၌ နှမ်းစပါးစံကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ

**သီပေါ ဇွန် ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် နွေစပါးသီးနှံကို တောင်သူ လယ်သမား ၁၀ ဦး စုပေါင်းလျက် DU-16 မျိုးစပါးအား ကျင်သီ ကျေးရွာ၌ စံပြကွက် ၁၅ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

အဆိုပါ မျိုးစပါးဖြင့် ကျင်သီကျေးရွာအုပ်စု နမ့်အွန်ကြံခင်းကျေးရွာမှ တောင်သူဦးစိုင်းအိုက်စောလယ်မြေ DU- 16 မျိုး စိုက်ခင်းနှစ်ဧက၌ ယနေ့နံနက်ပိုင်းက ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စံကွက်ရိတ်သရုပ်ပြပွဲ ကျင်းပရာ ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ၊ သီပေါမြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးဝင်း၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးနှင့် ကွင်းတာဝန်ခံများ၊ ဒေသခံတောင်သူလယ်သမားများ တက်ရောက်လေ့လာကြသည်။

ထိုသို့နွေစပါး စံကွက်ရိတ်သိမ်းခြွေလှေ့ကြရာ တစ်ဧကလျှင် အစို ၁၄၆ ဒသမ ၇၅ တင်းနှင့် အခြောက် ၁၃၂ ဒသမ ၀၇ တင်း ထွက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

*စာမျက်နှာ ၂၀ မှ*

**ထူး**

စေတီတော်တည်ထားကိုးကွယ်မည့် တောင်ထွတ်အမြင့်မှာ ပေ ၂၀၀ ခန့်ရှိရာ ထိုတောင်ပေါ်တွင် ကျောက်ထွတ် ကျောက်စွန်းများကို ဖြိုတန်ဖြို၍ တစ်ဖက်ရှိ အနိမ့်ပိုင်းကို ဖို့တန်ဖို့ပြီး ရေပြင်ညီဖြစ်လာသည့်အခါ တောင်ထွတ်နှင့် လိုက်လျောညီထွေရှိလွန်းသော စေတီတော်ကို ခိုင်မာစွာ တည်ထားနိုင်ခြင်း။

တောင်ထွတ်ပေါ်တက်မည့် တောင်ပတ်တက်လမ်းကို အကျဉ်းဆုံးနေရာ၌ မျက်နှာချင်းဆိုင် နှစ်ဦးနှစ်ယောက် လွတ်လွတ်ကျွတ်ကျွတ် တက်ဆင်းနိုင်အောင် အချိန်တိုအတွင်း ဖောက်လုပ်ပြီးစီးခြင်း။

စေတီတော်တည်မည့် အုတ်ချပ်များကို တောင်အောက်မှ တောင်ထွတ်ပေါ်အရောက် တင်ပို့ရာဝယ် တစ်ယောက်တစ်လက် လက်ဆင့်ကမ်း တန်းစီပို့ဆောင်ရာ၌လည်းကောင်း၊ ထို့အတူ တောင်အောက်ခြေ၌ ဘိလပ်မြေ၊ သဲ၊ ရေတို့ဖြင့် ဖျော်ထားသည့် အသင့်စီ ဘိလပ်မြေကို တောင်ထွတ်ပေါ်သို့ ပို့တင်ရာ၌လည်းကောင်း၊ လူသားလုပ်အားတို့ဖြင့် လုပ်ငန်းခွင်အန္တရာယ်မရှိ ဆောင်ရွက်နိုင်ခြင်း။

ထိုကာလအတွင်း မိုင်းရှူးတစ်မြို့လုံး အုန်းအုန်းကျွက်ကျွက် တက်တက်ကြွကြွ ပေါက်တူးတစ်လက်၊ ဂေါ်ပြားတစ်လက် စေတနာ လုပ်အားများ အလွန်နိုးထလာခြင်း။

နားနေချိန် အဆာပြေစားဖို့ လက်ဖက်ရည်၊ ကော်ဖီ၊ မုန့်ပဲသရေစာများနှင့် တစ်ခါတလေ၊ တစ်ရက်တလေ ထမင်းကြော်၊ ခေါက်ဆွဲကြော်များအထိ စေတနာထက်သန်စွာ စာဂပြုသူများ လက်မလည်ရှိနေခြင်း။

စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် ပူဇော်တင်လှူမည့်ရက်ကို ၁၃၈၃ ခုနှစ် နှစ်သစ်ကူး တန်ခူးလပြည့်နေ့ဟု သတ်မှတ်ထားသည့်အတိုင်း ထိုရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခြင်း။

ဒေသခံ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ စုံညီစွာ ကြွရောက် ချီးမြှောက်ကြသည့်အပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်လန်မြို့ မဇ္ဈိမာရုံ(မြို့လယ်)စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဒေါက်တာဘဒ္ဒန္တဉာဏောဘာသ ဆရာတော်ကိုယ်တိုင် တက်ရောက် ချီးမြှောက် စိန်ဖူးတော်တင်လှူခြင်း။

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးကိုယ်တိုင် အချိန်နှင့် တစ်ပြေးညီ တက်ရောက်၍ စိန်ဖူးတော်တင်လှူပူဇော်ခြင်း။

တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်မ၊ တပ်ရင်း၊ တပ်ဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ စုံညီစွာတက်ရောက်ခြင်း။

မန္တလေးမြို့အခြေစိုက် မဟာရတနာပုံ ရွှေထီးတော်တင် အဖွဲ့သားများ စုံစုံညီညီ ၁၀ ရက်ခန့် ကြိုတင်၍ တောင်ထွတ်ပေါ်၌ ယာယီ မဏ္ဍပ် ဆောက်လုပ်ခြင်း၊ လိုအပ်ရာရာများ ဆောင်ရွက်ခြင်းနှင့်တကွ မဟာရတနာပုံ ရွှေထီးတော်တင်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သော်ဇင်မြင့်လွင် ကိုယ်တိုင် အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ကာ ချောမွေ့စွာ အောင်မြင်ခြင်း။

တောင်ကြီးမြို့ ဗုဒ္ဓတက္ကသိုလ် ရှေးဟောင်း ပေ-ပုရပိုက်ဌာနမှူး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဒေါက်တာ ဘဒ္ဒန္တဝိဇယာဘိပါလနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ရတနာစည်(လွိုင်လင်) ဆရာတော်တို့က အစီအစဉ်အရ သီလပေး၊ အနုမောဒနာတရားချီးမြှင့်ကာ ရပ်နီးရပ်ဝေး စေတီတော်ဒါယကာများကို ကိုယ်စားပြု၍ တိုင်းမှူးကိုယ်တိုင် ရေစက်ချသွန်းပေးခြင်း။

နှစ်လတာမျှအတွင်း ဘေးကင်း ရန်ကင်း အန္တရာယ်ကင်း၊ ကြည်နူး ခြင်း၊ တက်ကြွခြင်းတို့ဖြင့် ပရိသတ်အားလုံး ကြည်ပြုံးပီတိ ဂွမ်းဆီထိ ရွှင်ပြုံးမျက်နှာ ကိုယ်စီရှိ။

သို့ဖြင့် မိုင်းရှူးမြို့ဦး စေတီထူး တန်ခူးလပြည့်မှာ ပွင့်ခဲ့ပြီဖြစ်ရာ ထိုစေတီထူး၏ တန်ခိုးတေဇော် အာနုဘော်များကလည်း ဒေသတစ်ခွင် သာမက တစ်နိုင်ငံလုံးမှတစ်ဆင့် တစ်ကမ္ဘာလုံးသို့ပါ ပျံ့နှံ့လွှမ်းမိုးပါစေကြောင်း အောင်ကြောင်းပန်ဆု အောင်ပတ္ထနာပြုအပ်ပါသတည်း။

"ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါနေထက် လင်းစေသော်"

"နေထက်လင်းစွာ သာသနာကြောင့် ကမ္ဘာတစ်လွှား လူအများတို့ လမ်းမှားကိုကြဉ် လမ်းမှန်တွင် အစဉ်လျှောက်လှမ်းနိုင်စေသော်"

"လမ်းမှန်ကိုလျှောက် မကွေ့ကောက် ဆိုက်ရောက်နိဗ္ဗာန်တိုင်စေသော်"။ ။

# အမှန်တရားကိုမြတ်နိုးသူနဲ့ အမှားကိုဖက်တွယ်သူ

ကိုရေချမ်း

ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက ရှေ့ဆင့်နောက်ဆင့် ဖြစ်ခဲ့တဲ့ မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်ထဲက ကင်းမရွာဖြစ်စဉ်နဲ့ ကရင်ပြည်နယ် ဝေါလေမှာ ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေဟာ လူမှုကွန်ရက်ပေါ်မှာ အတော်ဂယက်ရိုက်ခဲ့ပါတယ်။

ဝေါလေဖြစ်စဉ်ဟာ စိတ်မချမ်းမြေ့စရာ အနိဋ္ဌာရုံဖြစ်လို့ ဖြစ်ပြီးမကြာမီမှာပဲ ပို့စ်တွေကို ဖြုတ်ချကြပါတယ်။ ဖြစ်စဉ်နှစ်ခုဟာ ဖြစ်ပွားတာ အမှန်ဆိုပေမယ့်လည်း မဟုတ်မမှန်တဲ့ အချက်အလက်တွေနဲ့ ပြည်တွင်း/ပြည်ပ မီဒီယာတချို့နဲ့ လူမှုကွန်ရက်တွေမှာ ဖြန့်ဝေခဲ့တာကြောင့် ပြည်သူလူထုအတွင်းမှာ ပိုမိုကျယ်ပြန့်လာပြီး စိတ်မသက်မသာဖြစ်ကြတာ၊ ဒေါမနဿတွေ ပွားကြတာကို တွေ့ရပါတယ်။

**စိတ်နာအောင်ဖန်တီး**

အဖြစ်အပျက်တစ်ခုကို ကြားသိရုံနဲ့ ဟုတ်ပြီ၊ ကောန်အမှန်ပဲလို့ တစ်ထစ်ချဆုံးဖြတ်လို့ မရနိုင်ပါဘူး။ အဖြစ်အပျက်တစ်ခုကို ကြားသိပြီးတိုင်း ဒီသတင်းဟာ မှန်မမှန်ဆိုတာကို အထပ်ထပ် အတည်ပြု၊ အထပ်ထပ်စိစစ်ရတယ်ဆိုတာကို မီဒီယာကြီးတိုင်း နားလည်ကြပါတယ်။ ယနေ့လို အတုအယောင်တွေပေါများနေတဲ့ကာလ၊ လုပ်ကြံဖျက်ဆီးမှုတွေအားကြီးနေတဲ့ကာလမှာ အကြိမ်ကြိမ် အထပ်ထပ် အထူးဆန်းစစ်ဖို့ လိုနေတဲ့အချိန်အခါ ဖြစ်ပါတယ်။

**ကင်းမရွာဖြစ်စဉ်ကို ပြည်တွင်း/ပြည်ပမီဒီယာ အချို့ ကနဦးသတင်းထုတ်ပြန်ကြရာမှာ တစ်ဖက်လိုက်ပြီး လုံခြုံရေးတပ်ဖွဲ့တွေအပေါ် အပြစ်ပုံချကာ ပြည်သူတွေစိတ်နာလာအောင် ဖန်တီးလာကြတာတွေ့ရပါတယ်။ ဝေါလေဖြစ်စဉ်ကတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ရဲ့ ရက်စက်ယုတ်မာမှုလုပ်ရပ်တစ်ခု ဖြစ်သော်လည်းပဲ တပ်မတော်ကို ရမည်ရှာထုတ်လွှင့်ပြီး တစ်ခန်းရပ်လိုက်ကြပါတယ်။**

**လုပ်ကြံဖန်တီး**

အဖြစ်အပျက်အကြောင်းအရာတွေကို မည်သို့မည်ပုံ တင်ပြခဲ့ကြသော်လည်း မှားနေတဲ့ အကြောင်းအရာတွေကို ချိန်ဆနိုင်ဖို့နဲ့ အမှန်ကိုသိဖို့ ဖြစ်ပါတယ်။ အခုတော့ တပ်ကပဲ မတရားလုပ်နေသလို အားပါးတရ လုပ်ကြံဖန်တီးပြောနေ၊ ဆိုနေကြတာတွေကို အမှန်အတိုင်း အသိပေးလိုရင်းဖြစ်ပါတယ်။

ကင်းမရွာဖြစ်စဉ်နဲ့ပတ်သက်လို့ ဗွီအိုအေအသံလွှင့်ဌာနက "မကွေးတိုင်းဒေသကြီးထဲမှာ ဒီနေ့ မွန်းလွဲပိုင်းက ပေါက်မြို့နယ်တောင်ပိုင်း ကင်းမကျေးရွာအနီးမှာ ဒေသခံ PDF တွေနဲ့ စစ်ကောင်စီတပ်တွေ အပြန်အလှန်ပစ်ခတ်မှုဖြစ်ခဲ့ပါတယ်။ PDF တပ်ဖွဲ့ဝင်တွေရှိနေတယ်လို့ သတင်းကြားထားတဲ့ ကင်းမကျေးရွာဘက်ကို စစ်တပ်က ဝင်ရောက်ပြီး နေအိမ်တွေကို မီးရှို့ဖျက်ဆီးတယ်လို့ ပေါက်မြို့က PDF တပ်ဖွဲ့က ပြောပြပါတယ်။ အိမ်ခြေ ၃၀၀ ကျော်လောက်ရှိတဲ့ ကင်းမကျေးရွာရဲ့ သုံးပုံနှစ်ပုံလောက်ဟာ မီးလောင်ကျွမ်းသွားခဲ့ပါတယ်။"

**တစ်ဖက်ကထုတ်လွှင့်**

"ဒီကနေ့အခြေအနေက ၁၀ နာရီလောက် ကတည်းက ဖြစ်တာခင်ဗျာ။ ကျွန်တော်တို့ ကင်းမကျေးရွာနဲ့ ဒိန်းကွင်းကျေးရွာကြားမှာ စဖြစ်တာပေါ့။ စစ်ကားကို မိုင်းခွဲတာ၊ သူပစ်ကိုယ်ပစ်ပေါ့ဗျာ။ ကျွန်တော်တို့ဘက်က ပစ္စည်းကနည်းသွားတော့ နောက်ဆုတ်တယ်။ ကျွန်တော်တို့ဘက်ကတော့ အသေအပျောက်မရှိပါဘူး။ သူတို့ဘက်က နည်းနည်းများတယ်။ ရဲ ၁၄ ဦး၊ ၁၅ ဦးလောက် တပ်နဲ့ ရဲတပ်ဖွဲ့က ကင်းမရွာကို စစ်ဆေးဖို့အလာ၊ လမ်းမှာတင် PDF အဖွဲ့နဲ့ တိုက်ခိုက်ခဲ့ကြပါတယ်။ တိုက်ခိုက်မှုတွေကြောင့် ရွာသူရွာသားတွေ ရှောင်ပြေးကြပြီး ရွာမှာ ရွာစောင့်သက်ကြီး ရွယ်အိုတွေနဲ့ PDF တွေ ကျန်ခဲ့ပါတယ်။ ဒုတိယအကြိမ်က ကင်းမရွာမှာ လက်လုပ်ဗုံးရောင်းတယ် သတင်းရလို့ လုံခြုံရေးတပ်ဖွဲ့တွေ ရောက်လာတော့ PDF တွေက




လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးလောင်ရွာမှ သက်ကြီးရွယ်အိုတစ်ဦးအား ကယ်ဆယ်နေသည့် အထောက်အထား ဓာတ်ပုံ။

**❑ ကင်းမရွာဖြစ်စဉ်ကို ပြည်တွင်း/ပြည်ပမီဒီယာ အချို့ ကနဦးသတင်း ထုတ်ပြန်ကြရာမှာ တစ်ဖက်လိုက်ပြီး လုံခြုံရေးတပ်ဖွဲ့တွေအပေါ် အပြစ်ပုံချကာ ပြည်သူတွေစိတ်နာလာအောင် ဖန်တီးလာကြတာတွေ့ရပါတယ်။ ဝေါလေဖြစ်စဉ်ကတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ရဲ့ ရက်စက်ယုတ်မာမှုလုပ်ရပ်တစ်ခု ဖြစ်သော်လည်းပဲ တပ်မတော်ကို ရမယ်ရှာထုတ်လွှင့်ပြီး တစ်ခန်းရပ်လိုက်ကြပါတယ်။**

ရှိတယ်။ ကျန်တဲ့သူကတော့ မိုင်းထိတာ၊ ဘာညာ ကွဲရှတာတော့ဖြစ်နိုင်တယ်။ ဒီဘက်ကလည်း ဆုတ်သွားတော့ ရွာကိုမီးရှို့သွားတာ အခုအချိန် အထိ မငြိမ်းသေးဘူး။ ကျွန်တော်တို့ဆုတ်တဲ့ ဘက်ကိုလိုက်ပြီး သူတို့က ပစ်မှတ်ထားတာခင်ဗျာ။ ကင်းမကျေးရွာမှာ ကျွန်တော်တို့ PDF အဖွဲ့တွေ ရှိတယ်။ ဘာညာသတင်းပေးတဲ့သူရှိတာပေါ့" ဟူ၍ ထုတ်လွှင့်ခဲ့ပါတယ်။

**ကွန်မြူနစ်ဆန်ဆန်**

ကင်းမကျေးရွာရဲ့ ဖြစ်စဉ်အမှန်ကို ဇွန်လ ၁၇ ရက်နေ့က နိုင်ငံပိုင် ရုပ် / သံနဲ့ သတင်းစာတို့ကနေ တရားဝင်သတင်းထုတ်ပြန်မှုကို ကြည့်မယ်ဆိုရင် အသေးစိတ်သိနိုင်ပါတယ်။ ပြည်သူတစ်ဦးရဲ့ တင်ပြမှုကို ကြည့်မယ်ဆိုရင် "ဖြစ်စဉ် ကနဦးအစမှာ ကင်းမကျေးရွာမှာနေတဲ့ ရွာသားတစ်ဦးကို ဒလန်လို့ PDF တွေက စွပ်စွဲသတ်ဖြတ်ရာကနေ စခဲ့တာ ဖြစ်ပါတယ်။ တရားဥပဒေရှိပါလျက်နဲ့ ကွန်မြူနစ်ဆန်ဆန် လူတစ်ဦးတစ်ယောက်ကို ဒလန်ဆိုပြီး ခေါင်းစဉ်တပ် ဖမ်းဆီးသတ်ဖြတ်တဲ့ ဖြစ်စဉ်ကြောင့် ချုံခိုတိုက်ခိုက်ကြပါတယ်။ စနစ်တကျဖွဲ့စည်းထားတဲ့တပ်နဲ့ ပရမ်းပတာဖွဲ့စည်းထားတဲ့ PDF တို့ ထိတွေ့မှုဟာ မိနစ်ပိုင်းမခံခဲ့သလို တပ်က ချက်ချင်း မလိုက်နိုင်အောင် ရွာကိုမီးရှို့ပြီး PDF တို့ ပြေးရတယ်။ PDF တွေ ရှို့ခဲ့လို့ လူမှုကွန်ရက်တွေမှာ မြင်တွေ့ရသလို တစ်ရွာလုံးဟာ မီးဘေးသင့်ခဲ့ရတယ်"ဟု ဖြစ်စဉ်အမှန်ကို ပြောခဲ့ပါတယ်။

**လူတိုင်းသိတယ်**

"မကွေးတိုင်းက ကင်းမလို ရွာတွေဆိုတာ သောင်းကျန်းသူတွေရှိနေတဲ့ အမည်းရောင်နယ်မြေ မဟုတ်သလို ပါလာတဲ့ ရဲတပ်ဖွဲ့ဝင်တွေကလည်း သူတို့လိုက်နာရတဲ့ဥပဒေနဲ့ စည်းမျဉ်းစည်းကမ်းတွေရှိတယ်။ ရွာလုံးကျွတ်မီးရှို့ပြီး PDF တွေကို ရှင်းရအောင် လက်ရှိ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ စာသင်ကျောင်းတွေ မီးမရှို့အောင်၊ ဗုံးမခွဲရလေအောင် လုံခြုံရေးအပိုင်းမှာ ကာကွယ်ပေးနေရတာ တပ်မတော်နဲ့ရဲပဲရှိတယ်။ ဘယ် PDF မှ မရှိဘူး။ စာသင်ကျောင်းတွေကို ပြန်မဖွင့်နိုင်အောင် ဆရာ/ဆရာမတွေကို Social Punishment လုပ်တယ်။ ကလေးတွေ ကျောင်းတက်မှာစိုးလို့ စာသင်ကျောင်းတွေကို ဗုံးတွေခွဲတယ်။ ရပ်ကျေးဥက္ကဋ္ဌတွေကို ရက်ရက်စက်စက် နည်းမျိုးစုံပုံစံနဲ့သတ်တယ်။ ရပ်ကွက်ထဲမှာနေထိုင်တဲ့ အပြစ်မဲ့အရပ်သားတွေကို တပ်မတော်ကို ထောက်ခံလို့ဆိုတဲ့ ခေါင်းစဉ်နဲ့ ဒလန်လို့ စွပ်စွဲပြီးသတ်တယ်။ ဒီလိုမျိုးဖြစ်စဉ်ကို တောက်လျှောက်လုပ်လာခဲ့တာက တပ်မတော်က လုပ်တာလား၊ ပြည်သူ့ကာကွယ်ရေးတပ်ဆိုပြီး အမည်ခံထားတဲ့ NLD အမာခံ PDF တွေ လုပ်တာလားဆိုတာ ထမင်းစားတဲ့သူတိုင်းသိတယ်" ဟု ပြည်သူတစ်ဦးက မှတ်ချက်ပေးခဲ့ပါတယ်။

ပြည်သူတစ်ဦးဆိုလို့ မထုတ်ဖော်ရဲဘူး၊ ကျင့်ဝတ်နဲ့မညီဘူးလို့ မထင်လိုက်ပါနဲ့။ ယနေ့ကာလလို ပြည်သူအချင်းချင်း တစ်ဖက်နဲ့တစ်ဖက် ငါနဲ့မတူရင် ငါ့ရန်သူလို့ သဘောထားနေတဲ့ အချိန်ကာလမှာ ထုတ်ဖော်ပြောကြားတဲ့ ကာယကံရှင်ကို မထိခိုက်စေချင်လို့ လုံခြုံရေးအရ အမည်မဖော်ခြင်းသာ ဖြစ်ပါတယ်။

**ရက်ရက်စက်စက်**

ပြီးခဲ့တဲ့ မေလ ၃၁ ရက်နေ့တုန်းက မြဝတီခရိုင် ဝေါလေဒေသထဲမှာရှိတဲ့ အူးဟူချောင်းတံတား ဆောက်လုပ်ရေးလုပ်ငန်းခွင်က အလုပ်သမား ၄၇ ယောက်ဟာ နယ်ဒါးမြဦးစီးတဲ့ KNDO အဖွဲ့ရဲ့ ဖမ်းဆီးခြင်းကို ခံခဲ့ရတယ်။ ဖမ်းဆီးရမိတဲ့အထဲက အမျိုးသမီးအချို့နဲ့ ကလေးငယ်တွေကို လွှတ်ပေးခဲ့ပေမယ့် အမျိုးသား ၂၅ ယောက်ကတော့ ရက်ရက်စက်စက်သတ်ဖြတ်ခြင်းကို ခံခဲ့ရတယ်။ ဖမ်းဆီးခံရတဲ့ ၄၇ ယောက်စလုံးဟာ အူးဟူချောင်းတံတား ဆောက်လုပ်ရေးအတွက် ပြည်မထဲကနေ လာရောက်လုပ်ကိုင်နေတဲ့ ပဲခူးတိုင်းဒေသကြီး ပဲနွယ်ကုန်းမှာနေထိုင်တဲ့ မြန်မာလူမျိုး အရပ်သားစစ်စစ်တွေဖြစ်သလို လူမှုကွန်ရက်တွေပေါ်မှာ ပေါ်ထွက်လာတဲ့ ဓာတ်ပုံတွေကိုကြည့်ရင် အသတ်ခံရတဲ့ ၂၅ ယောက်စလုံးဟာ လက်ပြန်ကြိုးတွေ အတုပ်ခံရပြီးမှ ရက်ရက်စက်စက် သတ်ဖြတ်ခံထားရတယ်ဆိုတာ တွေ့ခဲ့ရပါတယ်။ ၁၉၄၉ ခုနှစ် ဖြူးလူသတ်ပွဲအပြီး ၂၀၂၂ မှာ ပဲနွယ်ကုန်းက မြန်မာလူမျိုး ၂၅ ယောက် ဝေါလေမှာသတ်ခဲ့ပြီး ဂျီနီဗာကွန်ဗင်းရှင်းကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခဲ့ပြန်တဲ့ KNDO လို့ ပြည်သူတစ်ဦးက မှတ်ချက်ပေးခဲ့ပါတယ်။

**ဘယ်လိုမှငြင်းလို့မရ**

၁၉၄၉ ခုနှစ် စတုတ္ထအကြိမ် ဂျီနီဗာသဘောတူစာချုပ်မှာ စာချုပ်လေးခုနဲ့ နောက်ဆက်တွဲ ပရိုတိုကော သုံးခုပါပါတယ်။ စာချုပ်ထဲမှာ နာမကျန်း/ဒဏ်ရာရ စစ်သည်တွေ၊ ဖမ်းဆီးရမိတဲ့ စစ်သုံ့ပန်းတွေနဲ့ အပြစ်မဲ့အရပ်သားတွေကို အကာအကွယ်ပေးရေးဆိုတဲ့ အချက်တွေကို လက်နက်ကိုင်တပ်ဖွဲ့တွေအနေနဲ့ အဓိကလိုက်နာရမယ်လို့ သတ်မှတ်ထားပေမယ့် KNDO အနေနဲ့ အပြည်ပြည်ဆိုင်ရာ နိုင်ငံတကာတွေ လိုက်နာကျင့်သုံးရမယ့် ဂျီနီဗာကွန်ဗင်းရှင်းစာချုပ်ကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ပြလိုက်တာဖြစ်ပါတယ်။ KNDO က

*စာမျက်နှာ ၂၃ သို့*

# ရန်ကုန်မြို့ပေါ်ရှိ ကိုဗစ်-၁၉ ကုသရေးဌာနများ ပြင်ဆင်ထားရှိမှုနှင့် ပညာရေးဝန်ထမ်းများကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံနေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းသည် ယနေ့တွင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ Myanmar Convention Centre (MCC) သို့ ရောက်ရှိပြီး ကိုဗစ်-၁၉ရောဂါပိုးတွေ့လူနာများ လက်ခံကုသနိုင်ရေး ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။



### အသင့်ပြင်ဆင်ထားရှိ

အဆိုပါနေရာတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာ ၂၅၀ ကို လက်ခံကုသပေးနိုင်ရေးအတွက် လူနာခုတင်များ၊ လူနာအသုံးအဆောင်ပစ္စည်းများ အသင့်ပြင်ဆင်ထားရှိပြီး လိုအပ်မည့် ဆရာဝန်၊ သူနာပြုများအပါအဝင် ဆေးအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများကို ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပေါင်းစပ် ညှိနှိုင်းရေးအဖွဲ့ အစီအစဉ်ဖြင့် တာဝန်ချထားဆောင်ရွက်မည်ဖြစ်သည်။

### ကြည့်ရှုအားပေး

ဆက်လက်၍ ဒုတိယဝန်ကြီးသည် Myanmar Convention Centre (MCC) တွင် ပညာရေးဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်း ဆရာ ဆရာမများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကိုဗစ်-၁၉ ကုသရေးဌာန (မရမ်းကုန်း) (အင်းယားစင်တာ)သို့ ရောက်ရှိပြီး ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာ ၅၀၀ လက်ခံကုသနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

### အခမဲ့ကုသပေးရန်စီစဉ်

အဆိုပါ ကိုဗစ်-၁၉ ကုသရေးဌာနများတွင် နိုင်ငံသား ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသူများကို အချိန်နှင့်တစ်ပြေးညီ အခမဲ့ဆေးကုသမှု အပါအဝင် လိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇွန် ၁၈**




ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဇွန် ၁၉ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် မိမိအမျိုးအနွယ်၏ အလှအပကို သိရှိသွားသော ဆင်ကလေးပိုပို အကြောင်းကို အတုယူဖွယ် တင်ဆက်ထားသည့် ကာတွန်း စမ်းချောင်း ကိုကိုအောင်၏ "ဆင်ကလေးပိုပို" မျက်နှာဖုံး ဇာတ်လမ်း၊ မြန်မာ့ပရဆေးတစ်မျိုးဖြစ်သည့် မြင်းခွာရွက်အကြောင်းကို ရေးဖွဲ့ထားသည့် "ကျန်းမာအသက်ရှည်ဖို့ မြင်းခွာရွက် စားသုံးစို့"၊ မိဘကိုလုပ်ကိုင်ကျွေးမွေးပါက မိမိကို ကူညီမည့် သူတော်ကောင်းတို့နှင့် တွေ့ဆုံနိုင်ပုံအကြောင်းကို ပညာပေးတင်ဆက်ထားသည့် "ရိုးသားသောဂုဏ်" နှစ်မျက်နှာကာတွန်း၊ တိရစ္ဆာန်ပင် ဖြစ်သော်လည်း သူတစ်ပါး၏ကျေးဇူးကို သိတတ်ကာ ပြန်လည်ကျေးဇူးဆပ်သင့်ကြောင်း သိရှိနားလည်သော မိကျောင်းလေးအကြောင်းကို တင်ဆက်ထားသည့် "ကျေးဇူးသိတတ်ခြင်းရဲ့ အကျိုး" ပုံပြင်၊ ကလေးများပေးပို့သော ကာတွန်းများကိုဖော်ပြထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ သူတစ်ပါးအပေါ် ဒေါသဖြင့် ဆက်ဆံခြင်းကြောင့် မိမိရရှိမည့် အခွင့်အရေးများ ဆုံးရှုံးရကြောင်းကို တင်ဆက်ထားသည့် "ဒေါသနှင့် သည်းခံခြင်း" နှစ်မျက်နှာကာတွန်း၊ နာမ်ရှေ့တွဲသုံးစကားများ(Determiner) အကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသည့် "ရွှေသွေးအင်္ဂလိပ်သဒ္ဒါ" အင်္ဂလိပ်စာ သင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ကဗျာကဏ္ဍ စုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများ ပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၂၂ မှ*

မဟုတ်ပါဘူး ငြင်းဆိုပေမယ့် အပြစ်မဲ့ပြည်သူတွေရဲ့ အဖြစ်ဆိုးနဲ့ ကြုံခဲ့ရတဲ့ အထောက်အထားတွေက ဘယ်လိုမှငြင်းပယ်လို့မရတဲ့ အမည်းစက်တွေ ဖြစ်ပါတယ်။

### သက်ဆိုးရှည်နေ

မြန်မာနိုင်ငံမှာ ဥပဒေမဲ့ ရက်ရက်စက်စက် ကျူးလွန်ခဲ့တဲ့ အဖြစ်အပျက်တွေကို တစ်ကမ္ဘာလုံး ပေါက်တဲ့ ဘယ်မီဒီယာကမှ ထင်ထင်ပေါ်ပေါ် မှန်မှန်ကန်ကန်တင်ပြခဲ့တာ တစ်ခါမှ မရှိခဲ့ပါဘူး။ အဖြစ် အပျက်တွေကို မှန်မှန်ကန်ကန် မတင်ပြတာ၊ ဘက်လိုက် တင်ပြတာတွေကြောင့် ဒါတွေကို အထောက်အထားယူပြီး မြန်မာနိုင်ငံကို ဖိအားပေးတာ၊ အကျပ်ကိုင်တာတွေကို တွေ့ရမှာ ဖြစ်ပါတယ်။

ကင်းမကျေးရွာက အဖြစ်အပျက်မျိုးလို မြန်မာနိုင်ငံမှာဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေကို မှန်မှန်ကန်ကန်တင်ပြခြင်းမရှိဘဲ အဖျက်သမား



မူရင်းဓာတ်ပုံရှင်အား Credit ပေးပါသည်။

ကင်းမကျေးရွာ၌ အကြမ်းဖက်သူများ၏ မီးရှို့မှုဖြစ်ပွားပြီးနောက် ဖြစ်စဉ်အားစစ်ဆေးရန် လာရောက်သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

သောင်းကျန်းသူတွေကို လူကောင်းဖြစ်အောင်၊ မြို့ရွာပြည်သူတွေကို ကာကွယ်နေတဲ့ လုံခြုံရေးတပ်ဖွဲ့တွေကို လူဆိုးဖြစ်အောင် တင်ပြပုံတွေကို သေသေချာချာ ဆန်းစစ်လေ့လာကြည့်ရင် အမှန်ကို မြင်ရမှာဖြစ်ပါတယ်။ အဖျက်သမားသောင်းကျန်းသူဘက်က ပြောတာတွေ၊ လုပ်တာတွေကို မှန်မှန်မမှန်မှန် သာသာထိုးထိုးရေး၊ ရေလာမြောင်းပေးလုပ်၊ ချဲ့ကားပေးကြသလို အပြစ်မဲ့ပြည်သူတွေ ထိခိုက်နစ်နာပျက်စီးရင်လည်း လုံခြုံရေးတပ်ဖွဲ့တွေအပေါ် အပြစ်ပုံချ လမ်းကြောင်း လွှဲပေးကြပါတယ်။ လမ်းကြောင်းလွှဲလို့မရရင် အသံတိတ်၊ ကားလိပ်ချတဲ့ မသိကျိုးနွံလုပ်ရပ်တွေကြောင့် လူမိုက်တွေ သက်ဆိုးရှည်နေရခြင်း ဖြစ်ပါတယ်။

ပြည်သူတွေကို ချနင်းပြီး အမှန်ကို အမှားလုပ်၊ အမှားကိုအမှန်လုပ်၊ နည်းနည်းကို ပြဲပြဲလုပ် ဇာတ်နာအောင် အောက်လုံးထုတ်တဲ့ လုပ်ရပ်တွေဟာ စက်ဆုတ်ရွံရှာဖွယ်ကောင်းသလို ကမ္ဘာ့အလယ်မှာ ရှက်စရာလည်း ကောင်းလှပါတယ်။ ယခုအခါမှာ ပြည်သူတွေဟာ မည်သူကအဖြူ မည်သူကအမည်း ကွဲကွဲပြားပြား သိလာကြပါပြီ။

ပြဿနာတွေ၊ ဖြစ်ရပ်တွေကို မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်ပြီး အမှားကို အမှားအတိုင်း၊ အမှန်ကို အမှန်အတိုင်းသိလာကြပါပြီ။ ပြည်သူတွေကြားမှာ အမှန်တရားကို မြတ်နိုးသူတွေနဲ့ အမှားကို ဖက်တွယ်နေသူတွေဆိုပြီး လူနှစ်မျိုးကွဲပြားနေတယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ ။

- **ကင်းမကျေးရွာရဲ့ ဖြစ်စဉ်အမှန်ကို ဇွန်လ ၁၇ ရက်နေ့က နိုင်ငံပိုင် ရုပ် /သံနဲ့ သတင်းစာတို့ကနေ တရားဝင်သတင်းထုတ်ပြန်မှုကို ကြည့်မယ်ဆိုရင် အသေးစိတ်သိနိုင်ပါတယ်။ ပြည်သူတစ်ဦးရဲ့တင်ပြမှုကို ကြည့်မယ်ဆိုရင် " ဖြစ်စဉ် ကနဦးအစမှာ ကင်းမကျေးရွာမှာနေတဲ့ ရွာသားတစ်ဦးကို ဒလန်လို့ PDF တွေက စွပ်စွဲသတ်ဖြတ်ရာကနေ စခဲ့တာဖြစ်ပါတယ်။ တရားဥပဒေရှိပါလျက်နဲ့ ကွန်မြူနစ်ဆန်ဆန် လူတစ်ဦးတစ်ယောက်ကို ဒလန်ဆိုပြီး ခေါင်းစဉ်တပ် ဖမ်းဆီးသတ်ဖြတ်တဲ့ ဖြစ်စဉ်ကြောင့် တပ်နဲ့ရဲတပ်ဖွဲ့က ကင်းမရွာကို စစ်ဆေးဖို့အလာ၊ လမ်းမှာတင် PDF အဖွဲ့နဲ့ တိုက်ခိုက်ခဲ့ကြပါတယ်။**
- **တိုက်ခိုက်မှုတွေကြောင့် ရွာသူရွာသားတွေ ရှောင်ပြေးကြပြီး ရွာမှာ ရွာစောင့် သက်ကြီးရွယ်အိုတွေနဲ့ PDF တွေ ကျန်ခဲ့ပါတယ်။ ဒုတိယအကြိမ်က ကင်းမရွာမှာ လက်လုပ်ဗုံးရောင်းတယ် သတင်းရလို့ လုံခြုံရေးတပ်ဖွဲ့တွေ ရောက်လာတော့ PDF တွေက ချုံခိုတိုက်ခိုက်ကြပါတယ်။ စနစ်တကျဖွဲ့စည်းထားတဲ့ တပ်နဲ့ ပရမ်းပတာဖွဲ့စည်းထားတဲ့ PDF တို့ ထိတွေ့မှုဟာ မိနစ်ပိုင်းမခံခဲ့သလို တပ်ကချက်ချင်းမလိုက်နိုင်အောင် ရွာကိုမီးရှို့ပြီး PDF တို့ ပြေးရတယ်။ PDF တွေရှို့ခဲ့လို့ လူမှုကွန်ရက်တွေမှာ မြင်တွေ့ရသလို တစ်ရွာလုံးဟာ မီးဘေးသင့်ခဲ့ရတယ်"ဟု ဖြစ်စဉ်အမှန်ကို ပြောခဲ့ပါတယ်။**

❍ *ကျောဖုံးမှ*

(ဃ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/ နှာခေါင်းစည်း (mask) တပ်ရန်၊

(င) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့် သူများကို ပို့ဆောင်မည့် ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန်သွားလာခွင့်ပြုရန်၊

(စ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံ/ဆေးခန်း သွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်၊

(ဆ) အဆိုပါမြို့နယ်မှ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များသွားလာမှု စံသတ်မှတ်ချက် Standard Operating Procedure (SOP) အတိုင်း လိုက်နာဆောင်ရွက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)၊ (ဂ)နှင့် (စ) တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင်ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့် မပြုရန်ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည် ဖြစ်သည်။

၆။ ဤအမိန့်သည် ၁၉-၆-၂၀၂၁ ရက်၊ ၀၄:၀၀ နာရီအချိန်မှ စတင် သက်ရောက်သည်။

ဒေါက်တာသက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး

## မော်တော်ယာဉ်များ ဖောင်းကြွနံပါတ်ပြား ပြောင်းလဲတပ်ဆင်ရန် အသိပေးကြေညာခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားများကို ခေတ်ကာလနှင့်လျော်ညီစွာ နိုင်ငံတကာတွင်အသုံးပြုနေသည့် မော်တော်ယာဉ်နံပါတ်ပြားများနည်းတူ လုံခြုံရေးပိုင်းဆိုင်ရာ အချက်အလက် (Security Feature)များ ထည့်သွင်းရိုက်နှိပ်၍ အသုံးပြုတပ်ဆင်ပေးလျက်ရှိပါသည်။

၂။ မော်တော်ယာဉ်တွင် တပ်ဆင်သည့် လက်ရှိဖောင်းကြွနံပါတ်ပြား၌ တိုင်းဒေသကြီး/ပြည်နယ်ဒေသ သင်္ကေတ၊ ရောက်ရှိအက္ခရာနှင့် ဂဏန်းများသာပါရှိရာမှ ယခုအခါ တိုင်းဒေသကြီး/ပြည်နယ်ဒေသ သင်္ကေတတို့အပြင် မြို့နယ်ကိုယ်စားပြု ဂဏန်းဖော်ပြချက်နှင့် မော်တော်ယာဉ်အမျိုးအမည် ဖော်ပြချက်တို့ကိုပါ အောက်ပါအတိုင်း ထပ်တိုးထည့်သွင်းသွားမည် ဖြစ်ပါသည်-

**ပြောင်းလဲတပ်ဆင်ပေးမည့် ဖောင်းကြွနံပါတ်ပြားနမူနာပုံစံ**




၃။ ထိုသို့ ထပ်တိုးထည့်သွင်းခြင်းဖြင့် မော်တော်ယာဉ်နံပါတ်ပြားကို အခြားတရားမဝင်ယာဉ်များ၌ တပ်ဆင်အသုံးပြုမှုကို ထိန်းချုပ်တားဆီးနိုင်ခြင်း၊ မော်တော်ယာဉ်တည်ရှိသည့်မြို့နယ်ကိုပါ ခွဲခြားသိရှိနိုင်ခြင်း၊ ယာဉ်နံပါတ်ပြားနှင့် မော်တော်ယာဉ် တိကျမှန်ကန်စေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ လုံခြုံရေးပိုင်းဆိုင်ရာအချက်အလက်(Security Feature)များအပြင် တိုင်းဒေသကြီး/ပြည်နယ်ဒေသ သင်္ကေတ၊ မြို့နယ်ကိုယ်စားပြု ဂဏန်းဖော်ပြချက်နှင့် မော်တော်ယာဉ် အမျိုးအမည် ဖော်ပြချက်တို့ပါရှိသော အင်္ဂလိပ်အက္ခရာ မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားများကို ပထမအဆင့်အနေဖြင့် ကနဦးမှတ်ပုံတင်ခြင်း၊ နယ်ဝင်/အမည်ပြောင်းခြင်းဆောင်ရွက်သည့် မော်တော်ယာဉ်များနှင့် ပိုင်ရှင်ဆန္ဒအရ ပြောင်းလဲတပ်ဆင်လိုသည့်ယာဉ်များ၌ လာမည့်ဇူလိုင်လဆန်းမှစ၍ ပြောင်းလဲတပ်ဆင်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ဖောင်းကြွနံပါတ်ပြား၏ သတ်မှတ်ဈေးနှုန်း ပြောင်းလဲမှုမရှိပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဧပြီလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

**နေပြည်တော် ဇွန် ၁၈**

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ဧပြီလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၅၃၉ ဒသမ ၇၇ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၅၃ ဒသမ ၉၀ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၉၃ ဒသမ ၆၇ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၁၈ ဒသမ ၈၂ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၃ ဒသမ ၂၉ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၇၂ ဒသမ ၁၁ သန်း ဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ဧပြီလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၀၆၅ ဒသမ ၇၈ သန်း ဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၇၈ ဒသမ ၄၄ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဧပြီလအထိ မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၅၃၅ ဒသမ ၃၄ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၂၈၂ ဒသမ ၅၉ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၈၁၇ ဒသမ ၉၃ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၂၁၁ ဒသမ ၀၃ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၄၆ ဒသမ ၂၂ သန်း နှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၈၅၇ ဒသမ ၂၅သန်းဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဧပြီလအထိ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၇၆၇၅ ဒသမ ၁၈ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၃၂ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။

**သတင်းစဉ်**

## အကောက်ခွန်ဦးစီးဌာနမှ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဇွန် ၁၈**

စစ်ဆေးရေးစခန်းများအား ရှောင်ကွင်း၍ တစ်ဖက်နိုင်ငံမှ တရားမဝင်တင်သွင်းလာသည့် ကုန်စည်များအား တားဆီး၊ ထိန်းချုပ်နိုင်စေရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၊ စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဌာနခွဲဝန်ထမ်းများသည် ဇွန် ၁၅ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ညောင်လေးပင်မှ မန္တလေးမြို့ဘက်သို့ မောင်းနှင်လာသည့် ယာဉ်အမှတ် 2K/9912 (YGN) MITSUBISHI FUSO (12W) ယာဉ်အား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင်အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Heineken Beer (33 Clx18 Cans) (2000 pkgs)၊ Heineken Beer (33 Cl x 12 Cans)(600 pkgs) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁,၈၄၀,၀၀၀ အား လည်းကောင်း၊ အဆိုပါနေ့ မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် ဒိုက်ဦးမှ မန္တလေးသို့ မောင်းနှင်လာသော ယာဉ်အမှတ် 5N/6954 (YGN) (Scania) (22W) ယာဉ်အား စစ်ဆေးခဲ့ရာ တရားဝင်အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Singha Beer (330 ml x 24 Cans) (350 pkgs)၊ Heineken Beer (33 Cl x 18 Cans) (1150 pkgs)၊ M-150 Energy Drink (150 ml x 5 x 10 btls ) (970 pkgs) နှင့် SPY Wine Cooler (275 ml x 24 btls) (450 pkgs)၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၉,၄၄၀,၀၀၀အား စစ်ဆေးတွေ့ရှိသည့်အတွက် အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ တားဆီးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်တို့၌ နေအိမ်တစ်လုံးနှင့် ၁၂ ဘီးကုန်တင်တွဲယာဉ်တစ်စီးတို့အား ဆူပူအကြမ်းဖက်သူများနှင့် KIA အဖွဲ့က မီးရှို့ဖျက်ဆီး

**နေပြည်တော် ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်တို့၌ နေအိမ်တစ်လုံးနှင့် ၁၂ ဘီး ကုန်တင်တွဲယာဉ်တစ်စီးတို့အား ဆူပူအကြမ်းဖက်သူများနှင့် လက်နက်ကိုင်သောင်းကျန်းသူများက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၇ ရက် ည ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် တုံပါကျေးရွာနေ သူရဇော်(၂၇နှစ်) (ဘ)ဦးမိုး၏ နေအိမ်အား အကြမ်းဖက်သောင်းကျန်းသူများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ မိနစ် ၃၀ ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။



ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်၌ KIA အဖွဲ့က ၁၂ ဘီး ကုန်တင်ယာဉ်တစ်စီးအား မီးရှို့ဖျက်ဆီးမှု။

အလားတူ ဇွန် ၁၈ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နေ ဦးလင်း(ခ)သိန်းထွန်းဦး(၃၃နှစ်) (ဘ)ဦးမှီ မောင်းနှင်ပြီး ယာဉ်နောက်လိုက်ဖြစ်သူ သန့်ဇင်အောင် (၁၈နှစ်) (ဘ)ဦးသိန်းငွေ လိုက်ပါလာသော ၁၂ ဘီးတွဲယာဉ် 6J/xxx FUSO ယာဉ်သည် မူဆယ်မြို့ဘက်မှ ကွတ်ခိုင်မြို့ဘက်သို့ မောင်းနှင်လာစဉ် ကွတ်ခိုင်မြို့နယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၂၃၃ နှင့် ၂၃၄ ကြားအရောက်တွင် KIA အဖွဲ့အင်အား ၄၀ ခန့်သည် လမ်း၏ဝဲယာတောင်ကုန်းများပေါ်တွင် အသင့်နေရာယူကာ ကျန်အင်အား ရှစ်ဦးခန့်က မော်တော်ယာဉ်အား တားဆီးကာ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့အား ကားပေါ်မှဆင်းခိုင်းပြီး ၎င်းတို့တွင် ပါရှိလာသည့် လက်ကိုင်ဖုန်းနှစ်လုံးနှင့် မြန်မာငွေ ခြောက်သိန်းကျပ်အား သိမ်းဆည်းကာ ၎င်းတို့နှစ်ဦးအား အမြန်ထွက်သွားရန် ပြောဆို၍ ယာဉ်အား သေနတ်ဖြင့် ခြောက်ချက်ခန့်ပစ်ခတ်ကာ မီးရှို့ဖျက်ဆီးသွားခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ကျေးရွာအတွင်းရှိ နေအိမ်အား မီးရှို့ဖျက်ဆီးခဲ့သူများနှင့် မော်တော်ယာဉ်အား မီးရှို့ဖျက်ဆီးခဲ့သူ ဆူပူအကြမ်းဖက်သူများနှင့် KIA အဖွဲ့များအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း








မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



မုစလိန္ဒအိုင်



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၃၃၅၆၀၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေ ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

# COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်သည် နိုင်ငံသားအားလုံး စုပေါင်းဆောင်ရွက်ရမည့် အမျိုးသားရေးလုပ်ငန်းတာဝန်ဖြစ်

## အားလုံးဝိုင်းဝန်းဆောင်ရွက်မှသာ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အမြန်ဆုံးဆောင်ရွက်နိုင်မည်

**နေပြည်တော် ဇွန် ၁၈**

Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊

စာမျက်နှာ ၄ ကော်လံ ၁ ❐





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။


**နေပြည်တော်ကောင်စီ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ပြည်သူများသိရှိစေရန် အသိပေးပန်ကြား** စာ ၉

**သတင်းမီဒီယာကျင့်ဝတ်မဲ့စွာ သတင်းများဖော်ပြသည့် CNN နှင့် Reuters သတင်းဌာနများ သတင်းမှန်ပြင်ဆင်ပေးရန်လိုအပ်** စာ ၁၆

**လူမှုကွန်ရက်ပေါ်ရှိ သတင်းတု၊ သတင်းမှားများကို မယုံကြည်မိစေရန် မိဘပြည်သူများအား အသိပေးထုတ်ပြန်ချက်** စာ ၁၈


## ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်တွင်နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး(Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**အမိန့်အမှတ် ၂၅၄/၂၀၂၁**
**၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၉ ရက်**
**(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၈ ရက်)**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်တွင် COVID–19 ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရမှုများပြားလာပြီး ပိုးတွေ့နှုန်း မြင့်တက်လျက်ရှိပါသဖြင့် အဆိုပါမြို့နယ်တွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်တွင်နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်။

၃။ အဆိုပါမြို့နယ်ရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် –

(က) မိမိနေအိမ်တွင်သာနေထိုင်ရန် (အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများမပါ)၊

(ခ) မဖြစ်မနေဈေးဝယ်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊

(ဂ) ဆေးရုံ၊ ဆေးခန်း သွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊

စာမျက်နှာ ၂၄ ကော်လံ ၁ ❍



နယ်သာလန်အသင်းမှ ဒီပေး ပယ်နယ်တီမှတစ်ဆင့် ဂိုးသွင်းယူနေစဉ်။

## ဩစတြီးယားကို အနိုင်ယူပြီး ယူရိုပြိုင်ပွဲ ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည့် နယ်သာလန်အသင်း

ယူရို ၂၀၂၀ ပြိုင်ပွဲ အုပ်စုပွဲစဉ်(၂) အဖြစ် ဇွန် ၁၈ ရက် နံနက်ပိုင်းက အုပ်စု (C) မှ နယ်သာလန်အသင်းနှင့် ဩစတြီးယားအသင်းတို့ပွဲစဉ်ကို နယ်သာလန်နိုင်ငံ အမ်စတာဒမ်ရှိ ဂျိုဟန်ခရိုက်အရီနာ အားကစားကွင်း၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ နယ်သာလန်အသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ယူရိုပြိုင်ပွဲ ၁၆ သင်းအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ နယ်သာလန်အသင်းအတွက် ဂိုးများကို ဒီပေးနှင့် ဒမ်ဖရိုင်းစ်တို့က သွင်းယူပေးနိုင်ခဲ့သည်။

နယ်သာလန်အသင်းသည် ပွဲစဉ် (၁) တွင်လည်း ယူကရိန်းအသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိထားပြီး နှစ်ပွဲကစား၊ နှစ်ပွဲနိုင် ရမှတ် ခြောက်မှတ်ဖြင့် နောက်တစ်ဆင့်သို့ ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

ပြိုင်ဘက် ဩစတြီးယားအသင်းက အုပ်စုပွဲစဉ် (၁) တွင် အနိုင်ရရှိပြီး ယနေ့ပွဲစဉ်တွင် နယ်သာလန်အသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲရှုံးပြီး ယူကရိန်းအသင်းနှင့် ရမှတ်သုံးမှတ်တူ ဂိုးကွာခြားချက်ဖြင့် အုပ်စု တတိယနေရာတွင် ရပ်တည်နေသည်။ ထို့ကြောင့် ဩစတြီးယားအသင်းသည် ယူရိုပြိုင်ပွဲတွင် နောက်တစ်ဆင့် တက်ရောက်နိုင်ရန်အတွက် လာမည့်ပွဲစဉ်ကို ရလဒ်ကောင်းရရှိရန် လိုအပ်နေသည်။

စာမျက်နှာ ၂၅ ကော်လံ ၅ ❖